# ကျွန်တော်လွမ်းမိအပြစ်ရှိသည်



နေပိုငါ

ကျွန်တော်လွမ်းမိအပြစ်ရှိသည်

# ကျွန်တော်လွမ်းမိ အပြစ်ရှိသည်

(တစ်ချိန်က W.Y.T.U)



**အလွမ်းဆိုတာ…**

**လွဲချော်နေတဲ့ အဆင်မပြေမှုတစ်ခုလား**

**တစ်ခြမ်းပဲ့နေတဲ့ လမင်းကွေးကွေးလေးလား**

**ယူကျုံးမရတဲ့ တောက်ခတ်သံလေးလား**

**ဘာပဲဖြစ်ဖြစ်…**

**ကျွန်တော်ကတော့**

**လွမ်းနေရတာကိုပဲ ကြိုက်တယ်။**

# အခန်း (၁)

ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် စံပါယ်ဖြူကန်တင်းထဲတွင် လင်းစက်ညီ၏ စကားသံက စားပွဲဝိုင်းလေးကို စိုးမိုးထား၏။

"ဒီလိုကွာ မင်းတို့မရှင်းရင် ငါနောက်တစ်ခေါက်ထပ်ပြောပြမယ်"

လင်းစက်ညီပြောသမျှကို စိတ်ဝင်တစားဖြင့် နားထောင်နေသူတွေက မင်းလွင်နှင့် စိုင်းဝင်းမော်။ လင်းစက်ညီက ဆက်ပြီး

"ငါက လူတစ်ယောက်ဆီက ပိုက်ဆံ ၁၀၀ ချေးပြီး မုန့်သွားဝယ်တယ်ကွာ။ ဒါပေမဲ့လမ်းမှာ အဲဒီ့ပိုက်ဆံက ကျပျောက်သွားတယ်။ ဆိုင်ရောက်လို့ဝယ်စရာမရှိတော့ ဒုတိယလူဆီက ၅၀ ထပ်ချေးလိုက်တယ်ကွာ။ အဲဒီ့ ၅၀ နဲ့ ၂၀တန်မုန့်ဝယ်လိုက်တယ်။ ပိုတဲ့ ၃၀ ကို ပထမလူကို ပြန်ပေးလိုက်တယ်... အဲဒီ့အထိရှင်းလား"

မင်းလွင် နှင့် စိုင်းဝင်းမော် က ခေါင်းညိတ်ပြ၏။ လင်းစက်ညီက ကော်ဖီတစ်ကျိုက် မော့သောက်လိုက်ရင်း...

"ငါက ပထမလူကို ၃၀ ပြန်ပေးလိုက်တော့ သူ့ကို ၇၀ ထပ်ပေးရမယ်။ နောက်ပြီး ဒုတိယလူကို ၅၀ ပေးရမယ်။ ဒီတော့ ငါ့ကုန်ကျစရိတ်ကိုတွက်ရင် သူတို့ ၂ယောက်ပေါင်း ၁၂၀ ။ နောက်ပြီး ငါဝယ်လိုက်တဲ့မုန့်က ၂၀ ။ စုစုပေါင်း ၁၄၀။ ဒီတော့ ငါပထမလူဆီက ချေးထားတာက ၁၀၀ ဒုတိယလူဆီက ၅၀ ပေါင်း ၁၅၀ ဖြစ်ရမယ်။ ခု ၁၄၀ ပဲရှိတော့ ကျန်တဲ့ ၁၀ ဘယ်ရောက်သွားလဲ"

မင်းလွင်က ခေါင်းရှုတ်သွားပုံရ၏။ ကုလားထိုင်နောက်ကိုမှီရန်ကျောဆန့်လိုက်ရာ အနည်းငယ်ယိုင်သွား၏။ (ကန်တင်းထဲမှထိုင်ခုံများသည် ခြေတံရှည် ထိုင်ခုံများဖြစ်ပြီး ကျောမှီမပါ) မင်းလွင်က ရုက်ကိုးရက်ကန်းဖြစ်သွားသည်ကို ဟန်လုပ်ထိန်းလိုက်ရင်း ခါးဆန့်မျက်မှောင်ကျုံ့ကာ စဉ်းစား၏။ ပြီးမှ

"မင်းက မုန့်ဆိုင်ကနေ ၂၀ တန်မုန့်ဝယ်တယ်ဆိုတော့ ဒီခေတ်ထဲမှာ ၂၀ ဆိုတာ သုံးလို့မှမရတာ... ဒီတော့ အဖြေကို ငါလည်းမသိဘူး"

စိုင်းဝင်းမော်က ဝင်ပြီး...

“ဟုတ်တယ် ငါလည်းအဲလိုပဲယူဆတယ်။ မင်းသာ ၂၀ တန်မုန့်ဝယ်ပြ ။ ငါဆက်ပြီးစဉ်းစားပေးမယ်”

လင်းစက်ညီ တစ်ယောက် သူ့မေးခွန်းနှင့်သူ ပိတ်မိနေ၏။

“ထားပါတော့ကွာ မင်းတို့မဖြေနိုင်လို့ ညစ်တယ်လို့ပဲငါ သဘောထားလိုက်မယ်။”

“မင်းဟာမင်းကြိုက်သလိုယူဆ။ လောလောဆယ်တော့ ငါတို့နိုင်တယ် ညီ”

**“မဟုတ်ဘူးကွ… တစ်ယောက်ယောက်က အနိုင်ရတယ် ဆိုတာ တဖက်က အရှုံးပေးလိုက်မှ နိုင်မှာ.. ငါအရှုံးမပေးသ၍ မင်းတို့ဘယ်လိုမှနိုင်စရာအကြောင်းမရှိဘူး”**

လင်းစက်ညီတို့အဖွဲ့တွင် လင်းစက်ညီက တစ်ကိုယ်တော် ဖြစ်ဖြစ်နေတတ်သည်။ မင်းလွင်နှင့် စိုင်းဝင်းမော်ကတော့ လင်းစက်ညီလို့မဟုတ်ကြ။ တွေ့သူနှင့်ပေါင်းသည်။ သူတို့ဇရုတ်သုတ်ခနိုင်မှုများကြောင့် အပေါင်းအသင်းကလည်း ခပ်များများဖြစ်သည်။ ဟိုစပ်စပ်ဒီစပ်စပ်နှင့် ကျောင်းထဲတွင်နံ့စပ်သူများအဖြစ်လည်း ကျောင်းသားအများစုက သတ်မှတ်ထားကြသည်။ လင်းစက်ညီက တစ်ကိုယ်တော်ဖြစ်ဖြစ်နေတတ်သော်လည်း တစ်ခုခုဆိုလျှင် သူတို့သုံးယောက်က တိုင်ပင်စရာမလိုလောက်အောင် အယူအဆချင်းတိုက်ဆိုင်ကြ၏။ လင်းစက်ညီက…

“နေပါဦး မင်းတို့ နှစ်ကောင်က ဒီလောက်စာမေးပွဲနီးနေတာ ကျောင်းကို ဘာလုပ်ဖို့ချိန်းတာလဲ။”

မင်းလွင်နှင့် စိုင်းဝင်းမော်က မျက်နှာချင်းဆိုင် ပြုံးပြုံးကြီးကြည့်နေကြသည်။ လင်းစက်ညီ မသိအောင် တစ်စုံတစ်ရာ ကြံစည်ထားကြောင်းသိသာလွန်းနေ၏။ မင်းလွင်က စိုင်းဝင်းမော်ကို မေးငေ့ါပြရင်း

"ဒီကောင်မော်ကြီးပေါ့ကွာ... ကေသီနွယ်ဆိုတဲ့ကောင်မလေးကို ဒီကောင်ကြိုက်လို့တဲ့။သူက ဒီကန်တင်းမှာထိုင်တတ်တယ်။ ဒီနေ့လည်းကျောင်းတက်လောက်မယ်ထင်လို့ ကျောင်းလာတာ။ နလုံးသားရေးရာနဲ့ပတ်သက်လာရင် မင်းက ကဗျာဆန်တတ်တယ်လေ ဒါကြောင့် မင်းပါခေါ်ထားတာ"

လင်းစက်ညီက သက်ပြင်းရှည်တစ်ချက်မှုတ်ထုတ်လိုက်၏။ ရှောင်တိမ်းလို့မဖြစ်နိုင်တော့မှန်း သူ့ကိုယ်သူလည်းသိလိုက်၏။ ဒီနေ့ ကျောင်းလာမိသည်ကိုက သူ့အမှားအစဖြစ်သည်။ ကျောင်းပိတ်ခါနီးဖြစ်သောကြောင့် ကျောင်းထဲတွင် ကျောင်းသားကျောင်းသူတို့က ခပ်ကျဲကျဲဖြစ်နေကြသည်။ သီတင်းကျွတ်စာမေးပွဲက ပထမနှစ်ဝက်အတွက် ကျောင်းသားတိုင်း ရင်ခုန်လောက်သော နလုံးခုန်စက်ကြီးဖြစ်၏။ စိုင်းဝင်းမော်က...

"ဟုတ်တယ်ကွ မင်းလွင်က နံမည်သာ မင်းလွင်ဆိုပြီးကဗျာဆန်နေတာ ဒါမျိုးကျတော့ ဘာမှရတာမဟုတ်ဘူး"

မင်းလွင်က အူကြောင်ကြောင်နိုင်စွာဖြင့်...

"ငါ့နာမည်နဲ့ဘာဆိုင်လို့လဲကွ"

"ဟ ဆိုင်တယ်လေကွာ မင်းလွင်ဆိုတာ မြူကိုပြောတာကွ။ မယုံရင်မြန်မာစာအဘိဓာန်ထဲမှာ ရှာကြည့်။ ကိုယ့်နာမည်ကိုယ် ဘာအဓိပ္ပါယ်ရှိမှန်းတောင်မသိဘူး၊ ငပြိန်း"

မင်းလွင်တစ်ယောက် အထိနာသွားသည်။ စိုင်းဝင်းမော်က တစ်ခုခုမှာရန်ဆိုင်ထဲကို လှမ်းကြည့်ရင်း လက်ခုပ်တီး၏။ အသက်၂၅နှစ်အရွယ် ကောင်မလေးတစ်ယောက် စားပွဲနားရောက်လာပြီး...

"မောင်လေးတို့ ဘာမှာမလို့လဲ"

သူတို့သုံးယောက်သား အကြည့်များက ထိုကောင်မလေး၏ ရင်ဘတ်(အကျႌ) ပေါ်မှ စာတန်းတစ်ခု သို့ရောက်သွား၏။ ရေးထားသည်က...

" 1+1=10"

စိုင်းဝင်းမော်က စာတန်းကို နားမလည်သည့်ဟန်နှင့် လက်ညှိုးထောင်ပြီး နှာခေါင်းနှင့်ပါးစပ်နားတွင် ကပ်၍ စဉ်းစား၏။ ကောင်မလေးကစိတ်မရှည်သည့်လေသံဖြင့်ထပ်ပြီး

"ဒီမှာ...ဘာမှာမလဲလို့မေးနေတယ်လေ"

စိုင်းဝင်းမော်က ခုမှ သတိပြန်လည်လာပြီး ထစ်ထစ်ငေါ့ငေါ့ဖြင့်...

"ကျွန်တော့်ကို ပေါက်စီနှစ်လုံးလောက်"

"ဘာ..."

"ဩော် အစ်မက နားသိပ်မကြားဘူးထင်တယ် ကျွန်တော့်ကို ပေါက်စီနှစ်လုံးပေးပါ"

စိုင်းဝင်းမော်၏ အသံက ကန်တင်းတစ်ခုလုံးကို လွှမ်းသွားလောက်အောင် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ကန်တင်းတစ်ခုလုံးက တိတ်ဆိတ်သွားပြီး ကျောင်းသူကျောင်းသားများအကြည့်က မိန်းခလေးတစ်ယောက်ရင်ဘတ်ကို အသည်းအသန်ကြည့်နေသော ကျောင်းသားနှစ်ယောက်နှင့်

ပေါက်စီမှာနေသော ကျောင်းသားတစ်ယောက်၊ ဒေါသဖြင့်နီရဲနေသောမျက်နှာရှင် ကောင်မလေးတစ်ယောက်...။ စားပွဲဝိုင်းများမှ ဆုတောင်းသံများခပ်သဲ့သဲ့ထွက်ပေါ်လာသည်။

"မိုက်ရိုင်းတာကွာ"

"အေးကွာ နမချင်းမစာမနာ"

"ရုပ်ကလေးတွေက ထင်ရက်စရာကိုမရှိဘူး... အစ်မမော်ကွန်းထိန်းနဲ့သွားတိုင်"

လင်းစက်ညီက အဖြစ်အပျက်အားလုံးကို နားမလည်သေး။ ပတ်ဝန်းကျင်ကို ငဲ့စောင်းကြည့်လိုက်တော့ အပြစ်တင်မျက်လုံးများဖြင့်ဝိုင်းကြည့်နေကြသည်ကိုတွေ့ရ၏။ ဘေးမှ မင်းလွင်ကိုပြန်ကြည့်မိတော့ သူက ကောင်မလေးရင်ဘတ်မှ 1+1=10 ကိုပြူးပြဲကြည့်ရင်း အဖြေရှာလို့ကောင်းနေတုန်း...။ လင်းစက်ညီ အရာရာကို သဘောပေါက်လိုက်သည်။ နဖူးကို ခပ်ဖွဖွပွတ်လိုက်တော့ ချွေးပျံနေမှန်း ကိုယ့်ကိုကိုယ် သတိထားလိုက်မိသည်။ ကောင်မလေးက ဒေါသတကြီးဖြင့်...

"နင်တို့သုံးယောက်လုံး မော်ကွန်းထိန်းရုံးခန်းကိုလိုက်ခဲ့"

"ဗျာ ... ကျွန်တော်တို့ဘာလုပ်မိ..."

မင်းလွင်၏စကားမဆုံးလိုက်...။ ထိုကောင်မလေးက စောင့်ကြီးအောင့်ကြီးဖြင့် ကန်တင်းထဲမှ ထွက်သွား၏။သူမကျောဘက်ကို လင်းစက်ညီတို့သုံးယောက်သား ထင်ထင်ရှားရှားလှမ်းမြင်လိုက်ရ၏။ ကျောဘက်တွင်ရေးထားသည်က...

" 1 hand + 1 hand = 10 fingers "

သူတို့သုံးယောက်သား သက်ပြင်းကိုယ်စီချမိကြ၏။

မော်ကွန်းထိန်းရုံးခန်းထဲရောက်သည်နှင့် ကန်တင်းကကောင်မလေးက ရှို့ရှို့လေး ထိုင်နေ၏။ မော်ကွန်းထိန်းက...

"ပြောစမ်းပါဦး မင်းတို့ထဲက ပေါက်စီမှာတာ ဘယ်ကောင်လဲ"

စိုင်းဝင်းမော်က ..

"ကျွန်တော်မှာတာပါ"

" ဒါဆို မင်းအပြစ်မင်းသိလား။"

"ဟုတ်ကဲ့.. မသိပါဘူးဆရာ"

" အေး မင်းမသိတော့လည်း ငါပြောရတာပေါ့ကွာ... မင်းက ဒီကလေးမ ရင်ဘတ်ကို ပြူးနေအောင်ကြည့်ပြီး ပေါက်စီမှာတယ်ဆိုတော့ ဘာသဘောလဲကွ ဟေ။ မင်းနမချင်းကိုယ်ချင်းစာပေါ့ကွ။ စတယ်နောက်တယ်ဆိုတာ နေရာတိုင်းကောင်းတယ်ထင်မနေနဲ့"

သူတို့သုံးယောက်သား အဖြစ်အပျက်အားလုံးကို သဘောပေါက်လိုက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ပြကြ၏။ သုံးယောက်စလုံးပြိုင်တူပြုံးမိလိုက်ကြသည်။ လင်းစက်ညီက...

"ဟုတ်ကဲ့ဆရာ... ကျွန်တော်တို့မှားသွားပါတယ်"

မင်းလွင်နှင့် စိုင်းဝင်းမော်က လင်းစက်ညီကို နားမလည်စွာငေးကြည့်ကြသည်။ မော်ကွန်းထိန်းက ဆက်ပြီး...

"အေး စကားအရာ ၁၀ ပါးထဲမှာ အတ္တုဂါဒီ အကျိုးရှိသောစကားကိုပြောရ၏ တဲ့။ မင်းတို့သာ စကားပြောဆင်ခြင်ကြရင် ငါ့ဆီရောက်လာစရာအကြောင်းကိုမရှိဘူး"

လင်းစက်ညီကလည်း ချက်ချင်းပဲ...

"ကျွန်တော်တို့ကလည်း မိဟိတပုဗ္ဗဘာဏီ ဆိုတဲ့ ပြုံးရွှင်ခြင်းကို ရှေးရှုပြီးပြောတာပါဆရာ"

"ဒါပေမဲ့ ပီယဂါဒီ ချစ်ဖွယ်ကောင်းသောစကားဖြစ်ရမှာပေါ့ကွ"

"ဟုတ်ကဲ့ နောက်ဆို ကာလဂါဒီ အချိန်အခါကိုကြည့်ပြီးပြောပါ့မယ်ဆရာ"

မော်ကွန်းထိန်းက လင်းစက်ညီကို မျက်မှောင်ကျုံ့၍ ကြည့်သည်။ လင်းစက်ညီကတော့ သူမဟုတ်သလိုခပ်တည်တည်...။ ဘေးမှ မင်းလွင်နှင့် စိုင်းဝင်းမော်က သူခိုးခွေးကိုက်ခံထားရသလို အော်ရခက် ခံရခက်ဖြစ်နေကြ၏။ ထိုင်ခုံမှာထိုင်နေသောကောင်မလေးက...

"ဆရာရယ် သူတို့နောက်ဒါမျိုးမလုပ်အောင်သာဆုံးမပေးပါ"

"အေးအေးသမီး ခုလောလောဆယ်သမီးသွားတော့"

"ဟုတ်ကဲ့ဆရာ"

ပြောရင်းနဲ့ ကောင်မလေး ရုံးခန်းထဲမှ ထထွက်သွား၏။ လင်းစက်ညီက လက်ပိုက်ရင်း မော်ကွန်းထိန်းကို စေ့စေ့ကြည့်လိုက်သည်။

" ကျွန်တော့်ကို တစ်ခုပြောခွင့်ပြုပါဆရာ"

မော်ကွန်းထိန်းက ခေါင်းအနည်းငယ်မော့လိုက်ပြီးဆက်နားထောင်နေ၏။ လင်းစက်ညီကပဲဆက်ပြီး...

"အခန်းတစ်ခန်းထဲမှာ လူနှစ်ယောက်ရှိနေကြတယ်။ တစ်ယောက်က လေလည်လိုက်တယ်ဆိုကြပါစို့။ ဒီတော့ နောက်တစ်ယောက်က ပထမတစ်ယောက်ကိုအပြစ်တင်တယ်။ ပထမတစ်ယောက်က မခံနိုင်ရင် ထထွက်သွားလို့ ပြန်ပြောတယ်။ ဒီပြဿနာမျိုးမှာ လေလည်တဲ့လူက အပြစ်ရှိတာလား။ ထထွက်မသွားနိုင်တဲ့သူမှာအပြစ်ရှိတာလားဆရာ။"

"အေး ... အဲဒီကိစ္စကိုတော့ မင်းဟာမင်းပဲရှင်း။ ခုတော့ မင်းတို့သုံးယောက် ခံဝန်ချက်လက်မှတ်ထိုးသွား ...။ ပြီးတော့ မင်း...။"

မော်ကွန်းထိန်းက လင်းစက်ညီကို လက်ညှိုးထိုးရင်း...

"မနက်ဖြန် မင်းအုပ်ထိန်းသူ ငါ့ဆီခေါ်လာခဲ့"

လင်းစက်ညီက ခပ်တည်တည်ဖြင့်...

"ဟုတ်ကဲ့ပါဆရာ"

ထို့နောက် ခံဝန်ချက်တွင်လက်မှတ်ထိုးပြီး သူတို့ပျော်မြူးစွာ ထွက်လာခဲ့ကြသည်။ အခန်းထဲကထွက်ထွက်ချင်း မင်းလွင်က...

"ညီ မင်းဘာလို့အမှန်အတိုင်းမပြောလိုက်တာလဲ ငါတို့မှားတာမဟုတ်ဘဲ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲတဲ့ကိစ္စပဲကို..."

လင်းစက်ညီက နှုတ်ခမ်းတစ်ချက်တွန့်၍ ပြုံးသည်။ ပြီးမှ...

**"သားကြီး အမှန်တရားဆိုတာ ဖြစ်တည်မှုနဲ့ နည်းနည်းလွဲနေတတ်တယ်ကွ။"**

မင်းလွင်က လမ်းလျှောက်နေရင်းကနေ လင်းစက်ညီကို ငဲ့စောင်းကြည့်၏။

"ရှင်းပါဦး ဘယ်လိုလွဲတာလဲ"

"ငါတို့အဖြစ်အပျက်တစ်ခုလုံးကို အဖြေနှစ်မျိုးနဲ့ စဉ်းစားကြည့်မယ်ကွာ။ ပထမတစ်မျိုးက အဲဒီ့ကောင်မလေး ဒေါသတကြီးနဲ့ တိုင်တောတာကို ငါတို့က အမှန်အတိုင်းပြောပြီး ဖြေရှင်းလိုက်မယ်ကွာ။ ဒါဆိုရင် ဒီကောင်မလေး ပိုရှက်သွားလိမ့်မယ်။ ပြီးတော့ မော်ကွန်းထိန်းနဲ့တိုင်တဲ့ကိစ္စကလည်း မထိရောက်ဘူးဖြစ်သွားမယ်ကွာ။ ဒါဆိုသူပိုပြီး ဒေါသထွက်သွားလိမ့်မယ်။ ဒါဆိုရလဒ်က နှစ်ဖက်လုံးအတွက်မကောင်းဘူးကွာ"

"အင်းထားပါတော့ ဒါဆို ဒုတိယဖြေရှင်းနည်းက မင်းခုလို အမှားလုပ်တယ်လို့ဝန်ခံလိုက်တယ်ပေါ့"

လင်းစက်ညီက ခေါင်းကို ညိတ်ရင်း..

"အင်း ဟုတ်တယ်။ ခုလိုဖြေရှင်းလိုက်တော့ အဲဒီ့ကောင်မလေးလည်း သူတိုင်တဲ့ကိစ္စက ထိရောက်သွားတော့ အတိုင်းအတာတစ်ခုထိတော့ စိတ်ကျေနပ်သွားမှာပဲလေ။ နောက်ပြီး ဒီပြဿနာလောက်နဲ့တော့ ငါတို့လည်းကျောင်းမထွက်ရနိုင်ပါဘူးကွာ။"

"မင်း အကြောင်းပြချက်နဲ့ မင်းကတော့ ဟုတ်နေတာပဲ"

"ရှိသေးတယ်ကွ…။ ခုလိုပြဿနာတက်တာ ကျောင်းသားတော်တော်များများ သိနိုင်ရင်တောင် ငါတို့ကို သိတဲ့ကျောင်းသားဆိုတာ ခပ်ရှားရှားပါကွာ…ဒါပေမဲ့ အဲဒီ့ကောင်မလေးကတော့

စံပယ်ဖြူဆိုင်ကဆိုတာ ကျောင်းသားတိုင်းလိုလိုသိတယ်လေကွာ။ မိန်းခလေးတစ်ယောက်ရဲ့ အရက်တရားကို ငါအတိုင်းအတာတစ်ခုထိ ကိုယ်ချင်းစာပေးလိုက်တာပါကွာ”

မင်းလွင်နှင့် စိုင်းဝင်းမော်က ခေါင်းတဆတ်ဆတ်ညိတ်၍ ထောက်ခံကြသည်။ သူတို့သုံးယောက်သား ကော်ရစ်တာတစ်လျှောက်လမ်းလျှောက်လာရင်း မင်းလွင်က...

“ကဲပါ ပြီးတာလည်းပြီးသွားပြီပဲ... လောလောဆယ်ငါဗိုက်ဆာနေပြီ ကန်တင်းသွားရအောင်”

လင်းစက်ညီက ခပ်ဖွဖွပြုံးရင်း...

“ကန်တင်းသွားရအောင်လို့ပြောရင် မပြည့်စုံဘူးကွာ ဟော့ကောင်မော်ကြီး၊ မင်းက မင်းလွင်စကားကို နည်းနည်းပြင်ပြောပေးလိုက်။”

စိုင်းဝင်းမော်က မျက်လုံးထောင့်ကပ်၍ စဉ်းစားသည်။ ပြီးမှစပ်ဖြဲဖြဲနှင့်...

“ငါတို့ ပေါက်စီသွားစားရအောင်”

သူတို့သုံးယောက် ရယ်မောရင်းကန်တင်းဘက်သို့ထွက်လာကြသည်။

ပြဿနာပူပူနွေးနွေးဖြစ်ထားသော စံပယ်ဖြူဆိုင်သို့ သူတို့ခြေဦးမလှည့်ဖြစ်ကြတော့။ ကန်တင်းတစ်ဖက်ခြမ်းမှ The Love တွင်သာ ထိုင်ဖြစ်ကြသည်။ မြေစိုက်စားပွဲဝိုင်းတစ်ခုတွင် သုံးယောက်သားနေရာယူပြီးတော့ လင်းစက်ညီက စားပွဲထိုးလေးကို လက်ခုပ်တီးခေါ်သည်။ စားပွဲထိုးချာတိတ်ပေါက်စလေးရောက်လာပြီး…

"အကိုတို့ ဘာစားမလဲ ဘာဝါးမလဲ"

"ပေါက်စီ ချကွာ ကော်ဖီသုံးခွက်နဲ့ ဆေးလိပ်ပါချ"

စားပွဲထိုးချာတိတ်လေး ပြန်ပြေးထွက်သွားတော့ မင်းလွင်က...

"ညီ မော်ကြီးက မင်းအုပ်ထိန်းသူခေါ်တဲ့ကိစ္စ မင်းဘယ်လိုလုပ်မှာလဲ"

"ဘယ်မော်ကြီးလဲကွ စိုင်းဝင်းမော်လား မော်ကွန်းထိန်းလား"

သူတို့ ဟက်ဟက်ပက်ပက်ရယ်မောဖြစ်ကြသည်။

" ဟာကွာ အရေးထဲမှာ မင်းကလာနောက်နေသေးတယ်"

"စိတ်ထဲ ပေါ့ပေါ့လေးပဲတွေးပါကွာ ပူမနေနဲ့ ငါ့ကိစ္စ ငါပိုင်ပါတယ်"

မကြာခင်ပဲ စားပွဲထိုးလေးက ကော်ဖီသုံးခွက်နှင့်ပေါက်စီလာချပေးသည်။ စိုင်းဝင်းမော်က ပေါက်စီထည့်ထားသောပန်းကန်ကို ဆွေးဆွေးမြွေမြွေကြီးကြည့်ရင်း...

"သြော် ပေါက်စီပေါက်စီ မင်းကြောင့်ငါတို့ မော်ကွန်းထိန်းဆီရောက်တာ"

"ပေါက်စီကြောင့်မဟုတ်ပါဘူးကွာ 1+1=10 က စားသွားတာ"

"အေးကွာ ဘယ်လိုမှမထင်လိုက်တာ"

ရုတ်တရက် ကောင်မလေးတစ်ယောက် ဆိုင်ထဲ ဝင်လာ၏။ လင်းစက်ညီတို့ဝိုင်းကို ခပ်တည်တည်ဝင်ထိုင်ရင်း...

"နင်တို့ကလည်း ရှာလိုက်ရတာ "

ကောင်မလေးက လင်းစက်ညီနှင့် သိပုံမရ။ စိုင်းဝင်းမော်က စပ်ဖြဲဖြဲနှင့်...

"အေးဟာ ဒီနေ့တော့ ဒီဆိုင်ကို ရွှေ့လာတာ။ ဒါနဲ့ ကေသီကော..."

"ကေသီက ဒီနေ့ကျောင်းမလာဘူးဟ ငါတောင် သူငယ်ချင်းတွေနဲ့တွေ့ချင်လို့လာတာ တစ်ကျောင်းလုံးလည်းနေရာတွေစုံနေပြီ ဘယ်သူမှမတွေ့ဘူး နင်တို့တောင် ဒီမှာရှိနေမယ်ထင်လို့ ထွက်လာလိုက်တာ... ဒါနဲ့ သူကဘယ်သူလဲ"

"သြော်အေး ငါမိတ်ဆက်ပေးဦးမယ် ။ သူ့နံမည်က လင်းစက်ညီ။ ဟော့ကောင်ညီ မင်းလည်းမှတ်ထား သူက သံသာချို။"

လင်းစက်ညီက ခပ်ဖွဖွလေးပြုံးပြနူတ်ဆက်လိုက်သည်။ သံသာချိုလည်း ခေါင်းလေးညိတ်ပြ၏။ သံသာချိုက ဆက်ပြီး...

"သူ့ကိုအရင်က နင်တို့နဲ့တွဲတွဲနေတာ မတွေ့ဖူးသလိုပဲနော်"

"ကျွန်တော်က တစ်ယောက်ထဲ နေတတ်လို့ပါ"

"ဘယ်သူနဲ့မှ အပေါင်းအသင်းမလုပ်တော့ကော တစ်ယောက်ထဲဖြစ်သွားရောလား"

"ဗျာ..."

လင်းစက်ညီ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူ့ရင်ထဲက တစ်စုံတစ်ခုကို တိတိကျကျ ပြန်ဖြေလိုက်ချင်နေမိ၏။ သူစကားလုံးရှာမတွေ့။ သံသာချိုက အတိအလင်းကို မကြေငြာပဲ တိုက်ခတ်လာသောလေပြေတစ်ခုလို..

"မဟုတ်ဘူးလေ။ သံသာပြောချင်တာက ရှင့်မှာ အပေါင်းအသင်းမရှိလည်း ရှင်စာသင်တဲ့အခါ ဖြစ်ဖြစ်၊ မိဘနဲ့စကားပြောတဲ့အခါ ဖြစ်ဖြစ်၊ လူတွေနဲ့ ပတ်သက်ဆက်နွယ်နေရမှာပဲလေ"

"ဒါဆို တစ်ယောက်ထဲဖြစ်နေဖို့ ဘယ်လိုအခြေအနေမျိုးလိုအပ်မယ်လို့မင်းထင်လို့လဲ"

သံသာချိုက ခပ်ဟဟလေးပြုံးလိုက်ရင်း...

"လူတစ်ယောက်ဟာ တစ်ခုခုကို တောင့်တလာတဲ့အခါ လွယ်လွယ်ပြောရရင်တော့ လွမ်းလာတဲ့အခါ ဆိုရင် တစ်ယောက်ထဲဖြစ်သွားမှာပါ တစ်နည်းအားဖြင့် အထီးကျန်သွားမှာပါ...။"

လင်းစက်ညီတစ်ယောက် တွေဝေသွားသည်။ ကောင်မလေးစကားကလည်း ဟုတ်တော့ ဟုတ်နေသလို ရှိ၏။ စိုင်းဝင်းမော်က..

"သံသာ နင်ဘာသောက်ဦးမလဲ"

"မသောက်တော့ပါဘူးဟာ"

"အေးပါ သောက်မယ်ဆိုလည်း ကိုယ့်ဟာကိုယ်မှာသောက်လို့ပြောမလို့"

"သေနာကောင် အစုတ်ပလုတ်ကောင်ကြီး"

စားပွဲဝိုင်းလေးက ရယ်သံတွေဆူညံသွားသည်။ သံသာချိုက...

" ကေသီကျောင်းမလာတာသေချာတယ်ထင်လို့ နင့်ငါလာပြောတာ...။ ငါလည်းပြန်တော့မလို့"

"နင်ကလည်း ထိုင်တောင်မထိုင်ရသေးဘူး ပြန်တော့မယ်ဆိုတာချည်းပဲ"

လင်းစက်ညီကတစ်စုံတစ်ရာကို နှစ်နှစ်ချိုက်ချိုက် စဉ်းစားနေရင်းက..

"ဟင် ပြန်တော့မလို့လား။ ဒါဆိုလည်းနောက်နေ့တော့ ဆုံကြတာပေါ့ မသံသာချို။ ကျွန်တော် ခင်ဗျားနဲ့ စကားတွေ ပြောကြည့်ချင်ပါသေးတယ်"

"ကျွန်မကို မင်းလွင်တို့ခေါ်သလို သံသာလို့ပဲခေါ်ပါ။ ကျွန်မလည်း မိတ်ဆွေတစ်ယောက်ရတာ ဝမ်းသာပါတယ်"

သံသာချိုတစ်ယောက် ပြုံးပြနှုတ်ဆက်ရင်း ဆိုင်ထဲမှ ထထွက်သွား၏။ The Love ကန်တင်းလေး၏ မျက်နှာစာတမ်းခုံပေါ်မှ လင်းစက်ညီတစ်ယောက် ကျောင်းဂိတ်ပေါက် လမ်းမကြီးဆီသို့ မြင်နိုင်သလောက် မျက်စိတစ်ဆုံးငေးနေမိလေသည်။ ရုတ်တရက် မင်းလွင်က..

"ဟော့ကောင်ညီ…"

"ဟာ ဘာတုန်းကွာ လန့်လိုက်တာ"

"အဲလိုငေးရလောက်အောင်ဖြစ်သွားတာလား"

လင်းစက်ညီက လူမိသွားသောကြောင့် စပ်ဖြဲဖြဲဖြစ်သွား၏။

" သူ့အတွေးအခေါ်လေးက ငေးလောက်တယ်လေကွာ"

"အေးပါကွာ ဘာပဲဖြစ်ဖြစ် သတိတော့ထားဦး။ သူ့မှာက အတွဲနဲ့ကွ"

လင်းစက်ညီ သက်ပြင်းရှည်တစ်ချက်ကို ပိုင်ပိုင်နိုင်နိုင်မှုတ်ထုတ်လိုက်၏။ အကြည့်တို့က နေဝင်ခါနီးဆည်းဆာတွေလို ရီဝေနေသည်။

**" စာမေးပွဲအောင်မှာ သေချာမှ ငါတို့စာမေးပွဲဖြေမှာမဟုတ်ဘူးကွ။ အောင်အောင် ကျကျ တတ်နိုင်သလောက်တော့ ဖြေကြည့်ကြချင်သေးတာပဲ။ "**

သူတို့သုံးယောက် ကိုယ်စီပြုံးဖြစ်ကြသည်။ ထိုနေ့၏ အိမ်အပြန်လမ်းတွေက အဓိပ္ပါယ်ဖော်ရ ခက်ခဲနေ၏။

# အခန်း (၂)

ရန်ကုန် နေက အလိုက်ကန်းဆိုးမသိစွာ ထင်တိုင်းကျဲနေ၏။ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ကျောင်းဂိတ်ဝလေးက အုံ့မှိုင်းနေသော သစ်ပင်များ၊ အုတ်ခုံလေး တစ်ခုံ နှစ်ခုံ တို့၏ အကူအညီဖြင့် တခမ်းတနားရှိလှသည်။ ကျောင်းဂိတ်ဝက စစ်ဆေးရေးရုံလေးကနေတဆင့် လင်းစက်ညီတစ်ယောက် ကျောင်းထဲကိုဝင်လာလိုက်သည်။ မိန်းလမ်းမကြီးအတိုင်းလျှောက်လာပြီး တွေ့တွေ့ချင်းလမ်းကို ဘယ်ဘက်ကွေ့လိုက်သည်နှင့် ထိုင်နေကျ စံပါယ်ဖြူကန်တင်းကို တွေ့လိုက်ရ၏။ ဆိုင်ထဲတွင် သံသာချို၊ ကေသီနွယ်၊ မင်းလွင် နှင့် စိုင်းဝင်းမော်...

"မင်းတို့ရောက်နေတာ ကြာပြီလား၊ ဟူး ပူလိုက်တာကွာ"

"အေးကွာ ကြာပြီ ညီရ..."

ညီက ကော်ဖီတစ်ခွက်လှမ်းမှာသည်။ မင်းလွင်က..

"ညီ ဒါ ငါပြောဖူးတဲ့ကေသီနွယ်လေ ၊ ကေသီ ဒါက လင်းစက်ညီ"

လင်းစက်ညီက ကေသီနွယ့်ကို မျက်မှောင်ကျုံ့၍ ကြည့်သည်။ ပြီးမှ...

"ဩော် ငါသိပြီ လေးတန်းတုန်းက အတန်းထဲမှာ အဆင့် (၁) မရလို့ မေ့လဲသွားတဲ့ ကောင်မလေးပဲ..ဟဟဟ"

"သေချင်းဆိုး ငါ့ဘယ်သူများလဲမှတ်တယ် လက်စသတ်တော့ 'ရှင်မတောင်' ကိုး"

သံသာချိုက နားမလည်သည့်ပုံဖြင့်...

" ဟဲ့ ကေသီ ဘာတုန်းဟ ရှင်မတောင်က"

" ဩော် မသိပါဘူးဟာ တချို့က ယောက်ျားလေးတန်မဲ့ ဂုတန်းရောက်တဲ့အထိ သနပ်ခါးလိမ်းတယ်လေ ဒီတော့ အတန်းသားတွေက ရှင်မတောင်လို့ ဝိုင်းခေါ်တာပေါ့ ဟွန်း...မှတ်ထား"

မင်းလွင်က အခြေအနေအားလုံးက ချက်ချင်းသဘောပေါက်သွားသည်။

" မင်းတို့ကွာ သိနေလည်း အစထဲက ပြောတာမဟုတ်ဘူး"

လင်းစက်ညီက ပြုံးစိစိနှင့် ကော်ဖီသောက်နေ၏။ ကေသီနွယ်က...

" ငါတို့က ငယ်ငယ်ထဲက သူငယ်ချင်းတွေလေ ဒီကျောင်းတူတူရောက်ပေမဲ့ အဲဒီ့သေနာလေးက ပျောက်ပျောက်နေတော့ မဆုံဖြစ်တာ နောက်ပြီးမေဂျာလည်းမတူဘူးလေ ဒါနဲ့ ရှင်မတောင် အဲ ဘွာတေးဘွာတေး၊ ညီ နင်ယူထားတာဘာမေဂျာ"

"Civil ။ နင်ကလည်း B.Tech 2nd year ပဲရောက်နေပြီ ငါ့မေဂျာတောင်မသိဘူး"

"သိမလားဟ နင်နဲ့ဆုံမှမဆုံဖြစ်တာ ဆုံဖြစ်လည်း သွားရင်းလာရင်းတွေ့တာပဲရှိတာ ခုလိုတစ်ဝိုင်းထဲထိုင်ပြီး စကားမပြောဖြစ်တာတောင် ဘယ်လောက်ကြာနေပြီလဲ လာလာချည်သေး"

ကေသီနွယ်က ပြောရင်းတန်းလန်း မျက်စောင်းခပ်ပြင်းပြင်းထိုးသည်။ စိုင်းဝင်းမော်က ကေသီနွယ်ကို ပါးစပ်အဟောင်းသားဖြင့်ငေးနေ၏။ ငေးနေတုန်းသာ လေဖြတ်သွားရင် ဒုက္ခ။ စိုင်းဝင်းမော်နေရထိုင်ရခက်မည်ကြောင့်မဟုတ် မြင်ရသူတိုင်း စိတ်ဆင်းရဲရမည့်ပုံ။ မင်းလွင်က ဆက်ပြီး...

"ဒါနဲ့ သံသာကကော ကေသီနဲ့ မေဂျာတူတူပဲလား"

"အင်းဟုတ်တယ် IT ကပဲ"

လင်းစက်ညီက ကော်ဖီတစ်ကျိုက်မော့သောက်လိုက်ရင်း စိုင်းဝင်းမော်ဘက်လှည့်ကာ ကျောကုန်းကို ပွတ်ရင်း...

"ဟော့ကောင် မော်ကြီး စိတ်လျှော့ဦးကွာ ခုနေများ လေဖြတ်သွားရင် မြင်ရတဲ့သူစိတ်မချမ်းသာဘူး"

လင်းစက်ညီစကားကြောင့် တစ်ဝိုင်းလုံးပွဲကျသွားသည်။ စိုင်းဝင်းမော်လည်း ရှက်ကိုးရှက်ကန်းဖြင့် စာအုပ်တစ်အုပ်မှ မပါသော လွယ်အိပ်ထဲမှ စာအုပ်ကို အသည်းအသန်ရှာနေ၏။ ရှက်ရမ်းရမ်းပြီး လုပ်မိလုပ်ရာ လျှောက်လုပ်နေမှန်းသိသာနေ၏။ သံသာချိုက

"ဒါနဲ့ ငါလည်းအားလုံးကိုသတိရတုန်း တစ်ခါထဲ နှုတ်ဆက်တယ် ၊ စာမေးပွဲပြီးရင်လည်း ငါ မိုးကုတ်က အမျိုးတွေဆီသွားနေမှာဆိုတော့ သူငယ်ချင်းတွေနဲ့ ဆုံဖြစ်မှာမဟုတ်ဘူး"

လင်းစက်ညီက သံသာချို၏ စကားအသွားအလာကို အကဲခတ်နေ၏။ သံသာချို စကားဆုံးသွားတော့မှ ...

"နင်မသွားလို့မရဘူးလား"

ကန်တင်းရှိစားပွဲဝိုင်းလေးက ခေတ္တတိတ်ဆိတ်သွား၏။

"မရဘူး ၊ ငါကိုက သွားချင်တာ ငါ့ရည်းစားက ဟိုမှာ၊ သူမလာနိုင်တော့ ငါသွားမှာ"

သံသာချို၏ အကြောင်းပြချက်က ပွင့်လင်းလွန်းနေသည်။ လင်းစက်ညီက

"နင်မနက်ဖြန်ကော ကျောင်းလာဦးမှာလား"

"မလာတော့ဘူး ဒီနေ့တောင် ကေသီနဲ့သေချာချိန်းထားလို့လာတာ"

လင်းစက်ညီက ဆက်ပြီး…

" ဟာ..မနက်ဖြန်တော့ ကျောင်းလာခဲ့ဦးဟာ ငါနင့်ကို ပြောစရာ (၂) ခု ရှိတယ်"

"ဟင် … နင်ကလည်း ပြောစရာက တစ်ခုလည်းမဟုတ်ဘူး။"

လင်းစက်ညီက ပြုံးစိစိဖြစ်နေ၏။ သံသာချိုကဆက်ပြီး…

"နင်ပြောစရာရှိရင် အခုပြောလို့မရဘူးလားဟာ"

"အင်း ဒါဆိုလည်းပြောမယ်လေ (၁)က… နင်မနက်ဖြန်တော့ ကျောင်းလာခဲ့ဦးလို့ပြောမလို့"

သံသာချိုက မျက်မှောင်ကျုံ့ပြသည်။ ပြီးမှ…

"(၂)ကကော"

"(၂)က… ငါအခု မော်ကွန်းထိန်းနဲ့ ချိန်းထားတာ သွားရဦးမယ်။ အဲဒါတော့တာလို့ပြောမလို့"

ကြားထဲက စိုင်းဝင်းမော်က…

"အံမယ် မော်ကွန်းထိန်းနဲ့ချိန်းထားတယ်ဆိုပဲ… မော်ကွန်းထိန်းများ မင်းသူငယ်ချင်းထင်နေလား"

တစ်ဝိုင်းလုံးပွဲကျသွားသည်။ လင်းစက်ညီက…

" အုပ်ထိန်းသူခေါ်ပြီးလာတွေ့ခိုင်းတယ်ဆိုတာ ချိန်းတာပဲမဟုတ်ဘူးလား"

စိုင်းဝင်းမော်တစ်ယောက် ဘာပြောရမှန်းမသိအောင် ကြောင်းအမ်းအမ်းဖြစ်သွားသည်။ သံသာချိုက…

"အုပ်ထိန်းသူခေါ်ပြီးလာတွေ့ခိုင်းတာနဲ့ ချိန်းတာနဲ့က ကွာတယ်"

"ဘယ်လိုကွာတာလဲ"

သံသာချိုက ခပ်ဟဟပြုံးရင်း မျက်လုံးလေးနစ်ဖက် ပင့်ကြည့်ကာ…

"နင်သာမနက်ဖြန်ကျောင်းရောက်အောင်လာခဲ့ ငါပြောပြမယ်"

သံသာချို၏ မနက်ဖြန်ကျောင်းလာခဲ့ ဆိုသော စကားကြောင့် လင်းစက်ညီတစ်ယောက် ရင်ထဲကအပျော်တွေ မျက်နှာပေါ်အထိ ကူးစက်သွားသည်ကို ထင်ထင်ရှားရှားတွေ့လိုက်ကြရသည်။

မော်ကွန်းထိန်းရုံးခန်းထဲတွင် အရာအားလုံးက ငြိမ်သက်တိတ်ဆိတ်နေ၏။ လွယ်အိတ်လွယ်ထားရင်း လင်းစက်ညီတစ်ယောက်မော်ကွန်းထိန်းရှေ့တွင် ရှို့ရှို့ကလေး ရပ်နေ၏။ မော်ကွန်းထိန်းက တပ်ထားသောမျက်မှန်ထူကြီးကိုကျော်ပြီး လင်းစက်ညီကို မျက်မှောင်ကျုံ့ကြည့်ကာ...

"လင်းစက်ညီ ငါမင်းကိုအုပ်ထိန်းသူ ခေါ်ခိုင်းလိုက်တာ ဘယ်မှာလဲ မင်းအုပ်ထိန်းသူ"

"ဟုတ်ကဲ့ ပါပါတယ်ဆရာ"

"ပါရင် ဘယ်မှာလဲ အထဲခေါ်လိုက်"

လင်းစက်ညီက လွယ်အိတ်ထဲမှ အသင့်ထည့်ဆောင်လာသော အိတ်ဆောင်မှန်လေးတစ်ချပ်ကို ထုတ်ကာ မော်ကွန်းထိန်းရှေ့မှ စားပွဲပေါ်သို့ချလိုက်သည်။မော်ကွန်းထိန်းက နားမလည်သလိုနှင့်...

"ဒါက ဘာလဲ"

"ဆရာကြည့်လိုက်ရင် ကျွန်တော့်အုပ်ထိန်းသူကို တွေ့ရပါလိမ့်မယ်"

"ဘာ"

မော်ကွန်းထိန်းက ဒေါသသံများတင်းမာနေလေပြီ။ မျက်နှာကြီးတစ်ခုလုံးက ဖရိုဖရဲနှင့် အနီရောင်တွေ ဟပ်နေသည်။ လင်းစက်ညီက အေးရာအေးကြောင်းနှင့်...

"ဟုတ်ပါတယ်ဆရာ ကျွန်တော့်အုပ်ထိန်းသူတွေကိုယ်တိုင် ဆရာတို့ဆီမှာ ယုံကြည်စိတ်ချစွာ အပ်နှံလိုက်ကတည်းက ဆရာဟာ ကျွန်တော်တို့ရဲ့အုပ်ထိန်းသူဖြစ်သွားပါပြီ။ ဒီတော့ကျောင်းမှာ ဖြစ်သမျှကိစ္စ အဝဝကို အိမ်ကကျွန်တော့်အုပ်ထိန်းသူထက် ဆရာ့လို ကျောင်းကအုပ်ထိန်းသူတွေက ပိုဆိုင်သွားပါပြီဆရာ။ ဒါကြောင့် ဆရာဟာ ကျွန်တော့်ရဲ့အုပ်ထိန်းသူပါပဲဆရာ။"

လင်းစက်ညီစကားသံက အပိုအလိုမရှိ ၊ တည်ငြိမ်အေးစက်နေ၏။ မော်ကွန်းထိန်းခမျာ ဘာပြောရမှန်းမသိ။ သူ့ပုံစံက ခြေမကိုင်မိလက်မကိုင်မိနှင့် ရှေ့ကတပည့်ကို ဘာပြောလို့ပြောရမှန်းမသိ ဖြစ်နေရှာသည်။ နောက်ဆုံး...

"အေး မနေ့ကလည်း မင်းကို ဆုံးမပြီးပြီ။ ခုလိုရင်းပြောရရင် နောက်ထပ်မဖြစ်စေနဲ့။ မနေ့ကလည်း ဝန်ခံကတိလက်မှတ်ထိုးပြီးပြီဆိုတော့ ထွေထွေထူးထူး ပြောမနေတော့ဘူး။ နောက်တစ်ခါဆိုရင် ဒီလောက်နဲ့မပြီးဘူးမှတ် ကြားလား။ ခုသွားတော့။"

လင်းစက်ညီတစ်ယောက် မော်ကွန်းထိန်းအားပြုံးပြကာ ပြန်ထွက်လာခဲ့လိုက်သည်။ သူ၏ရင်ထဲရှိ မနက်ဖြန်သည် ရင်ခုန်နှုန်းများနှင့် ပြည့်လျှံလွှမ်းနေ၏။

# အခန်း(၃)

"ဟား ... ပိုင်တယ်ကွာငါ့ကောင်ရာ... မော်ကြီးကတော့ ဟက်ကော့ကြီးကိုဖြစ်သွားမှာပဲ"

"ညီဟော့ကောင် မင်းဒီတစ်ခါတော့ ကွက်တိပဲ"

လင်းစက်ညီက ဆေးလိပ်ကိုနှုတ်ခမ်းမှာတေ့ဖွာနေရင်း သူ့ပုံစံအတိုင်း တစ်ခြမ်းပဲ့ပြုံးသည်။ မနေ့က လင်းစက်ညီ၏ မော်ကွန်းထိန်းနှင့် တွေ့ဆုံပွဲကို ကျောင်းကန်တင်းထဲတွင် အားလုံးဝိုင်းဂုဏ်ပြုနေကြသည်။ သံသာချိုက...

"သောက်သောက် ဒီအတိုင်းမသောက်နဲ့ ရှိုက်သောက် ။ ဒီအတိုင်းသောက်ရင် ရောဂါမရမှာစိုးလို့"

ကေသီနွယ်ကလည်း သံသာချို၏စကားကို ဝင်ထောက်ခံသည်။

"ဟုတ်ပ့ါဟယ် မီးခိုးခေါင်းတိုင်ကြီးကျနေတာပဲ"

"အေးဟာ ငါခေါင်းကိုက်နေပါတယ်ဆိုမှ"

သံသာချိုနှင့် ကေသီနွယ်က အတိုင်အဖောက်ညီညီ ဝိုင်းတိုက်ခိုက်နေကြသည်။လင်းစက်ညီက ထူးထူးခြားခြား တုံ့ပြန်ရန် စကားတစ်ခုခုကို စဉ်းစားနေ၏။ သူတစ်ခုခုပြောမှဖြစ်တော့မည်။

"သံသာ.. နင်ခေါင်းကိုက်နေလို့မကျေနပ်ရင် ပြန်ကိုက်လိုက်ပေ့ါဟ"

"အယုတ်တမာကောင်... စကားအကောင်းပြောမလို့တောင် ဘယ်ရောက်သွားလဲမသိဘူး"

"ငါ့ါဟာငါ ဆေးလိပ်သောက်တာကို နင်ပဲလာစပြီးတော့"

သံသာချိုက မျက်စောင်းတစ်ချက်ကို ဖြတ်ခနဲခဲသည်။ ပြီးမှ...

"နင်ဒီနေ့ငါ့ကိုဘာကိစ္စ ကျောင်းလာခိုင်းရတာလဲ"

လင်းစက်ညီက စိုင်းဝင်းမော်ကိုလှမ်းကြည့်သည်။ စိုင်းဝင်းမော်က ကေသီနွယ့်ကို မျက်လုံးထောင့်ကပ်ကြည့်ရင်း လင်းစက်ညီအား မျက်လုံးမှိတ်ပြသည်။ လင်းစက်ညီ အခြေအနေအားလုံးကို သဘောပေါက်လိုက်သည်။ စိုင်းဝင်းမော်ကို ပုခုံးပုတ်ရင်း

"စိတ်ချပါကွာ ငါက ပါပမိတ္တ မဟုတ်ပါဘူး ရှောင်ပေးပါ့မယ် ကဲမင်းလွင်နဲ့သံသာ ငါနဲ့ခဏလိုက်ခဲ့"

လင်းစက်ညီစကားကြောင့် သံသာချိုက မျက်လုံးလေးပြူးပြီး သဘောပေါက်သည့်ဟန်နှင့် ပြုံးပြသည်။ ကေသီနွယ်မျက်နှာက ရှက်ယောင်သန်းသွားပြီး ခေါင်းလေးငုံ့သွားသည်။ မင်းလွင်က..

" နေဦးညီ မင်းပြောတဲ့ ပါပမိတ္တ ဆိုတာ..."

" ပါပမိတ္တ ဆိုတာ မကောင်းသောမိတ်ဆွေကိုပြောတာ"

"မင်းကတော့နည်းနည်းလေး ဖြစ်ဖြစ် ကွန့်လိုက်ရမှ"

"ငါကွန့်တာ ကိစ္စမရှိဘူး ဟိုမှာ မော်ကြီးက ကွန့်ချင်နေပြီ ရှည်မနေနဲ့ သွားမယ်"

သူတို့ သုံးယောက်သား စိုင်းဝင်းမော်နှင့်ကေသီနွယ်ကို ချန်ရစ်ကာ ဆိုင်ထဲမှ ထွက်လာခဲ့လိုက်ကြသည်။

ကျောင်းထဲတွင် စာမေးပွဲနီးချိန်မို့ ကျောင်းသားကျောင်းသူများ နည်းပါးလွန်းနေ၏။ တစ်ချက်တစ်ချက် လေတိုးသံနှင့် သူတို့သုံးဦးတို့ခြေလှမ်းသံများက လမ်းမတစ်လျှောက် ပြန့်ကျဲကျနေ၏။ လင်းစက်ညီက ပုံမှန်တိတ်ဆိတ်နေခြင်းမျိုးမဟုတ် တစ်စုံတစ်ခုကို စဉ်းစားနေပုံရ၏။

မျက်မှောင်ကျုံ့ထားသောလင်းစက်ညီကို မင်းလွင်ကတော့ သတိမထားမိ သံသာချိုက တစ်ချက်တစ်ချက် အကဲခတ်နေ၏။ လမ်းလျှောက်လာနေရင်းမှ လင်းစက်ညီက...

"မင်းလွင်.. ဒီညမင်းငါ့အိမ်မှာလိုက်အိပ်ကွာ.."

"ဘာကိစ္စ ရှိလို့လဲကွ"

"အိမ်ရောက်တော့ မင်းသိမှာပေါ့ကွာ လိုက်မှာသာလိုက်ခဲ့စမ်းပါ"

"ဒါဆိုရင်တော့ ငါအိမ်ကို ဖုန်းဆက်ပြောမှဖြစ်မယ်"

လင်းစက်ညီက နှုတ်ခမ်းကွေးဖြင့် တစ်ခြမ်းပဲ့ပြုံး၏။ သူ့ပုံစံက တစ်စုံတစ်ရာကို ကျေနပ်သွားသည့်ပုံ...

"အေးဒါဆိုလည်း ငါ့ဖုန်းနဲ့ ဆက်လိုက်"

ပြောရင်း လင်းစက်ညီက သူ၏အိပ်ကပ်ကို ဖိစမ်း၏။ ဘာမှမရှိ။ လွယ်ထားသောလွယ်အိတ်ကို ဖွင့်ရင်းရှာ၏။ စာအုပ်လေးအုပ်လောက်နှင့် ဆေးလိပ်ဗူးမှလွဲ၍ ဘာမှထွက်မလာ။ လင်းစက်ညီက ခေါင်းကို ကုတ်ရင်း...

"အရေးအကြောင်းဆို ဖြစ်ပြီ ငါ့ဖုန်းဆိုင်မှာကျန်ခဲ့ပြီ မင်းလွင် မင်းတစ်ချက်လောက် ပြေးယူလိုက်ပါလား"

"အေး ရတယ်လေ မင်းတို့ဖြည်းဖြည်းလျှောက်နှင့် ငါလိုက်လာခဲ့မယ်"

"အေးငါတို့ The Love မှာ သွားထိုင်ကြတာပေါ့ မင်းဖြည်းဖြည်းချင်းလိုက်ခဲ့ "

ယခုသူတို့လျှောက်လာသော လမ်းမှ ဘယ်ဘက်ကွေ့လိုက်လျှင် The Love ကန်တင်းကို ရောက်နိုင်သည်။ ညာဘက်ကွေ့လျှင် ကျောင်းဂိတ်ဝသို့ လမ်း။ မင်းလွင်တစ်ယောက် နောက်ကြောင်းလှည့်ကာ စံပယ်ဖြူကန်တင်းဘက်သို့ထွက်ချသွား၏။ လင်းစက်ညီက သံသာချိုနားကိုကပ်ရင်း...

"လာလာ မြန်မြန်သွားရအောင်"

"ဘာတွေလောနေတာလဲဟ"

လင်းစက်ညီက တော်တော်ဝေးဝေးကိုရောက်နေပြီဖြစ်သော မင်းလွင်ကို လှည့်ကြည့်၏။ ပြီးမှ သံသာချိုဘက်လှည့်ကာ ခါးကြားတွင်ထိုးထားသော သူ၏ဖုန်းကို ထုတ်ပြရင်း...

"ငါ့ဖုန်းက ဒီမှာ နင်နဲ့စကားအေးဆေးပြောချင်လို့ မင်းလွင်ကို ပ.ထုတ်လိုက်တာ။ နင်ရှာရှည်မနေနဲ့တော့ လိုက်မှာသာလိုက်ခဲ့"

လင်းစက်ညီ လက်ဆွဲခေါ်သွားသည့်နောက် သံသာချိုတစ်ယောက် ပါးစပ်အဟောင်းသားလေးနှင့် အပြေးပါသွားသည်။ သူတို့နှစ်ဦးခြေလှမ်းများက ကျောင်းဂိတ်ဝရှိ အုတ်ခုံလေးများဆီသို့...။

ကျောင်းသားကျောင်းသူတို့ တစ်ဖွဲ့စ နှစ်ဖွဲ့စ စုဝေးနေကြသည်မှလွဲ၍ ကျောင်းဂိတ်ဝကြီးက သူ့ဝသီအတိုင်း တိတ်တဆိတ်ရှိလှသည်။ သစ်ပင်အရိပ်အောက်မှ အုတ်ခုံလေးတွင်ထိုင်နေရင်းက လင်းစက်ညီ လက်ကြားမှဆေးလိပ်ကို ခပ်ပြင်းပြင်းရှိုက်လိုက်သည်။ သံသာချိုက…

"နင်ဘာလို့ဆေးလိပ်တွေ အဲလောက်တောင်သောက်နေတာလဲ"

လင်းစက်ညီ ရှိုက်ထားသော နီကိုတင်းငွေ့ခပ်များများကို လေထဲသို့ မှုတ်ထုတ်ပစ်လိုက်သည်။ တရွေ့ရွေ့နှင့် မီးခိုးငွေ့များကလေထုထဲတွင် ပျောက်ကွယ်သွား၏။

**" လူ့ဘဝဆိုတာ ခုငါမှုတ်ထုတ်လိုက်တဲ့ မီးခိုးငွေ့လိုပဲဟ။ ပါးစပ်ထဲက ထွက်လာတာတော့ မြင်လိုက်ရတယ်။ ဒါပေမဲ့ အဲဒီ့အငွေ့တွေ ပျောက်သွားတာကျတော့ လိုက်ကြည့်နေရင်းကနေ မမြင်လိုက်ရဘူး"**

" ညီ ... ငါလည်းဆေးလိပ်သောက်ကြည့်ချင်တယ်။"

" ဟာ နင်ကလည်း အဓိပ္ပါယ်မရှိတာ"

" အဓိပ္ပါယ်မရှိတာမှန်းသိရဲ့နဲ့ နင်ကကော ဘာလို့သောက်နေတာလဲ"

"ငါက...ဟို...."

လင်းစက်ညီတစ်ယောက် စကားလုံးမဲ့သွားသည်။ သံသာချိုမေးလိုက်သော မေးခွန်းတော်တော်များများက လင်းစက်ညီကို ဖြေရခက်စေသည်က ထုံးစံဖြစ်နေ၏။ သံသာချိုက ဆက်ပြီး...

"ငါနင့်ကိုဆေးလိပ်ဖြတ်စေချင်တယ် ညီ"

လင်းစက်ညီက သူ၏မျက်ဝန်းစိုစိုများဖြင့် သံသာချိုအားလှည့်ကြည့်သည်။ ပြီးမှ…

"အမေပြောတော့ တစ်လ… မိန်းမပြောတော့ တစ်ည… ရည်းစားပြောတော့ ခဏတဲ့..။ ငါ့အမေကလည်း ဘာမှမပြောဘူး။ တစ်ညနဲ့ပြောမယ့်မိန်းမလည်း မရှိဘူး။ ခဏနဲ့ပြောမယ့်ရည်းစားကလည်း ရှာတုန်း။"

ပြောရင်း လင်းစက်ညီတစ်ယောက် ကျေနပ်ပြုံးပြုံးသည်။ သံသာချိုက ခေါင်းလေးမော့ရင်းစဉ်းစားသည်။ နှုတ်ခမ်းလေးက မဆိုသလောက်လေးဆူထားပြီး မျက်ဝန်းလေးက မေးစက်စက်နိုင်လှသည်။ လင်းစက်ညီ၏ရင်ခုန်သံများက သံသာချိုကြားသွားနိုင်လောက်အောင် ဆူညံနေကြသည်။ သံသာချိုက…

"သူငယ်ချင်းပြောရင်ကော အချိန်ဘယ်လောက်ကြာမှာလဲ"

"ငါ့ကို ဘယ်သူငယ်ချင်းမှ မပြောပါဘူး"

သံသာချိုက မျက်နှာချိုလေးသွေးကာ သူ့မကိုယ်သူမ လက်ညှိုးလေးပြန်ထိုးရင်း…

"ငါပြောမယ်လေ"

"ဒါဆိုပိုတောင်မရသေး… ငါက နင်နဲ့သူငယ်ချင်းဖြစ်ချင်တာမဟုတ်ဘူး။ ငါနင်နဲ့သူငယ်ချင်းဖြစ်ရမှာကို အကြောက်ဆုံးပဲ"

"ဟင် ဘာလို့လဲ"

သံသာချိုက စကားလုံးများနှင့်အတူ မျက်ဝန်းလေးကို ဝိုင်းစက်ထား၏။ လတ်တလော လင်းစက်ညီတစ်ယောက် ရင်ဘတ်ထဲပြောင်းဆန်သွား၏။

"မသိချင်ပါနဲ့ဟာ"

သံသာချိုက ပုခုံးလေးတွန့်ရင်း ခေါင်းငုံ့သွား၏။ သူမက ခြေထောက်လေးကိုရှေ့တိုးနောက်ဆုတ်လွှဲရင်း ဆော့ကစားနေ၏။ လင်းစက်ညီက တည်ငြိမ်သောစကားလုံးများဖြင့်...

" သံသာ.. နင် နင့်ချစ်သူကို အရမ်းချစ်တာပဲလား"

သံသာချိုက လင်းစက်ညီကို မျက်လုံးလေးထောင့်ကပ်၍ ကြည့်သည်။

"အင်း... ဘယ်လိုပြောရမလဲ...။ ငါ့ချစ်သူက အရမ်းရုပ်တာဟ ငါသူ့ကိုခက်ခက်ခဲခဲ ရယူထားရတော့ အဆုံးရှုံးတော့မခံနိုင်ဘူး။ ချစ်မချစ်တော့ ငါ့ကိုယ်ငါလည်းမသိဘူး"

သံသာချို၏စကားလုံးများက လင်းစက်ညီ၏ အိပ်မက်တွေဖြစ်ကုန်၏။ တစ်နည်းအားဖြင့် အားပြည့်သွားသောမျှော်လင့်ချက်များလို ဖြစ်နေ၏။ ရုတ်တရက် မင်းလွင် စိုင်းဝင်းမော်နှင့် ကေသီနွယ်တို့ သူတို့ထံတည့်မတ်စွာလာနေသည်ကို တွေ့လိုက်ရ၏။ ရောက်ရောက်ချင်း ကေသီနွယ်က...

"ဩော် စိုင်း ပြောတုန်းက ငါမယုံဘူး နင်တို့နှစ်ယောက်က ဒီမှာလာချိန်းတွေ့နေကြတယ်ပေါ့လေ"

"ဟာဟ နင်ကလည်း မော်ကြီးကို စိုင်းတွေဘာတွေဖြစ်လို့ပါလား"

လင်းစက်ညီ၏ ရိသဲ့သဲ့ စကားလုံးများကြောင့် ကေသီနွယ်တစ်ယောက် မျက်နှာ ဖရိုဖရဲဖြစ်သွား၏။ပြီးမှ ကေသီနွယ်က...

"နေပါဟယ်... စကားနာလာထိုးမနေနဲ့ ။ ကဲ သံသာမ... ပြန်ရအောင်။"

"အင်းပြန်မယ်ဆိုလည်း ပြန်မယ်လေ ဒါနဲ့ ညီ .. နင်မနက်ဖြန်ကျောင်းလာဦးမှာလား"

လင်းစက်ညီက သံသာချို၏မေးခွန်းကို မေးခွန်းပြန်ထုတ်လိုက်သည်။

"နင်ကော..."

" ဟွန်း ငါကမေးတာကိုင့ါကိုပြန်မေးနေသေးတယ် ငါက လာမှာ"

"ငါလည်းသေချာပါတယ်"

သံသာချို၏မျက်ဝန်းများက ပကတိအတိုင်းဝိုင်းစက်သွား၏။ လင်းစက်ညီကပဲဆက်ပြီး...

"မလာတာ သေချာတယ် ဟဲဟဲ"

"သေချင်းဆိုးလေး"

သံသာချိုက ပြုံးနေရာမှ နှုတ်ခမ်းကိုက်၍ မျက်စောင်းထိုး၏။ အားလုံး၏ ရယ်မောသံများက သံသာချို့ကို ဝိုင်းလှောင်နေကြသလိုဖြစ်နေ၏။လင်းစက်ညီက...

"နင်ကလေ ဝေးကိုဝေးတယ် ငါဖြစ်စေချင်တာက တစ်မျိုး နင်တွေးတာက တစ်မျိုး"

"ဒါဆိုလည်း တည့်တည့်ပြောပါလားဟ"

" ငါဖြစ်စေချင်တာက ညီကလည်းဟာ ငါမနက်ဖြန်ကျောင်းတက်မှာလေ နင်လည်း ကျောင်းတက်ပါလားဟာ ဘာညာ ဘာညာပေါ့.. အဲလိုဖြစ်စေချင်တာ"

သံသာချိုက ခစ်ခနဲ့တစ်ချက် ရယ်၏။ ပြီးမှ...

" အေးအေး ဒါဆိုလည်း ညီကလည်းဟာ ငါမနက်ဖြန်ကျောင်းတက်မှာလေ နင်လည်းကျောင်းတက်ပါလား ဘာညာ ဘာညာ... ဟဲဟဲ ရပြီလား"

ပြောရင်းသံသာချိုက ခေါင်းလေးစောင်းသွားလိုက် မျက်လုံးလေးမှေးစင်းသွားလိုက်နှင့် ကလေးဆိုးလေးတစ်ယောက်လိုဖြစ်နေ၏။ လင်းစက်ညီတစ်ယောက် အတိုင်းမသိ အသည်းယားသွားရင်း...

"အေးရပြီ ဒါဆိုလည်း နင်ကျောင်းလာခဲ့"

"အေး လာခဲ့မယ် ငါအတန်းလာတက်မယ် ပြီးရင် ငါတို့ထိုင်နေကျ စံပယ်ဖြူမှာပဲရှိမယ်"

"အေးအေး ငါတော့ကျောင်းမတက်ဘူးနော်"

"သေနာကောင် အစုတ်ပလုတ်ကောင် ချီးထုပ်ကြီး"

သူတို့အားလုံးရယ်မောမိကြသည်။ သံသာချိုနှင့် ကေသီနွယ်က နှုတ်ဆက်ရင်း ကားပေါ်တက်သွားကြသောအခါ မင်းလွင်က…

"ညီ ဘယ်လိုလဲအခြေအနေ"

လင်းစက်ညီက ဆေးလိပ်တစ်လိပ်ကို မီးညှိလိုက်သည်။ ခပ်ပြင်းပြင်းရှိုက်ပြီး ဆေးလိပ်ငွေ့များကို လေထဲသို့ မာန်ပါပါ မှုတ်ထုတ်လိုက်၏။ ပြီးမှ…

**"မျှော်လင့်တယ်ဆိုတာ လွတ်လပ်ခွင့်တစ်မျိုးပဲလေကွာ"**

သံသာချိုနှင့် ကေသီနွယ်တို့ စီးနင်းလိုက်ပါသွားကြသော ကားကြီးက မီးခိုးငွေ့များကို ချန်ရစ်ရင်းမောင်းထွက်သွား၏။ မီးခိုးငွေ့များက မကြာခင်မှာပဲ လေထုထဲတွင် ပျောက်ကွယ်သွားပြန်၏။

# အခန်း (၄)

သံသာချိုတစ်ယောက် Scientific calculator တစ်လုံးနှင့် အလုပ်ရှုတ်နေ၏။ ပထမတစ်ခေါက်တွက်ပြီးအဖြေထုတ်သော်လည်း မှားနေမှန်းသူမကိုယ် သူမ သိနေသည်။ ဒုတိယတစ်ခေါက် ထပ်တွက်ကြည့်သည်။ အဆင်မပြေ ။ ဆရာဝင်မလာသေးခင် သူမ ဒီပုဒ်စာကို အပြီးတွက်ချင်နေမိသည်။ သို့သော် အဖြေကထွက်မလာ ခေါင်းတွေသာရှုတ်ပွလာ၏။ သုံးခေါက်မြောက် တွက်ကြည့်ပြီးသွားသောအခါ ဆရာအတန်းထဲသို့ဝင်လာ၏။ ဆရာက အနည်းငယ်တင်းကြပ်သော ဆရာဖြစ်၍ အတန်းထဲတွင် စကားသံများစဲသွားသည်က

မထူးဆန်းတော့။ ထူးဆန်းနေသည်က လေတိုးသံလေးတစ်ခု ဖြစ်နေ၏။ သံသာချိုက နောက်ကို ခပ်မြန်မြန်လှည့်ကြည့်လိုက်တော့ လင်းစက်ညီဖြစ်နေ၏။ လင်းစက်ညီလှမ်းပေးနေသောစာရွက်ကို ယူပြီး ရှေ့သို့အလျင်အမြန်လှည့်လိုက်သည်။ သံသာချိုတစ်ယောက် ဆရာ့ကိုလှမ်းအကဲခတ်ရင်း သက်ပြင်းကို အသာအယာချ၏။ စာထဲတွင်ရေးထားသည်က...

"သံသာ နင့်ကိုငါ ပြောစရာ နှစ်ခုရှိတယ်"

သံသာချိုက စာရွက်ထဲတွင် တစ်စုံတစ်ရာရေးချလိုက်သည်။ နောက်ကိုပြန်လှည့်မကြည့်ဘဲ လက်ပြန်နှင့် စာရွက်ကိုပြန်ပေးလိုက်သည်။ စာရွက်ထဲတွင်...

"နင်က ပြောစရာရှိရင် တစ်ခုထဲလည်းမဟုတ်ဘူး ဘယ်တော့မဆို နှစ်ခုဆိုတာချည်းပဲ ဘာပြောမှာလဲ ပြော"

ဖတ်ပြီး လင်းစက်ညီတစ်ယောက် ခပ်ဖွဖွလေးပြုံးလိုက်၏။ နောက်တစ်ကြောင်းထပ်ရေးရန် ဘောပင်ကိုင်လိုက်တုန်း...

"ဟိုနောက်က ကျောင်းသားက ဘာပြုံးနေတာတုန်း"

လင်းစက်ညီတစ်ယောက် ဖောချွေးပျံသွားသည်။ သူ့မေဂျာမဟုတ်ဘဲ သံသာချိုတို့ IT မေဂျာခန်းထဲတွင် လာထိုင်နေသည့်အတွက် ဆရာစာမေးပါက ပြဿနာရှိနိုင်သည်။ သို့သော် အမူအယာမပျက် ခပ်တည်တည်ထရပ်လိုက်သည်။

"ဒီလိုပါဆရာ ဆရာအခုတွက်နေတဲ့ ပုစ္ဆာကို ကျွန်တော် မနေ့ကတွက်ကြည့်တာ ဘယ်လိုမှ မရနိုင်ဘူး။ ခုဆရာတွက်တော့လည်း လွယ်လိုက်တာလို့ တွေးမိလို့ပါ"

ဆရာက ကျေနပ်စွာပြုံးရင်း ချောင်းဟန့်ကာ..

"အဟင်း ဟင်း.. ကဲထိုင်ထိုင် အဲဒါပဲကွ ဆရာမပြ ငါးပိဖုတ်တောင်နည်းမကျဆိုတာ.."

ဟုအစချီ၍ ဆရာက ဆရာဘဝ၏ မြင့်မြတ်ပုံများကို ဖွဲ့နွဲ့၍ ပြောနေလေ၏။ လင်းစက်ညီက နေရာတွင်မင်သေသေဖြင့် ပြန်ထိုင်လိုက်ရင်း စာရွက်ထဲတွင် တစ်စုံတစ်ရာရေး၍ ရှေ့သို့လှမ်းပေးလိုက်၏။

"အရေးထဲမှဆရာက ငါ့ကိုတွေ့သွားသေးတယ် တော်သေးတယ် စာသာမေးရင်ဒုက္ခ။ ငါပြောမယ့်နှစ်ခုထဲက ပထမတစ်ခုက ဒီနေ့ငါကျောင်းတက်တယ်ဆိုတာပြောမလို့"

သံသာချိုတစ်ယောက် ကိုယ်လုံးလေး တစ်ချက်တွန့်သွားသည်ကို တွေ့လိုက်ရသည်။ သူမရယ်နေမည်ကိုလည်း ခန့်မှန်းရုံနှင့်သိလိုက်သည်။ သံသာချိုကတစ်စုံတစ်ရာပြန်ရေးနေ၏။ စာရွက်လေးနောက်သို့မြင့်တက်လာသည်ကို လင်းစက်ညီ အလွယ်တကူယူဖတ်လိုက်၏။

"ကောင်စုတ် အဲဒါနင်ပြောမှလား။ ထားပါတော့။ နောက်တစ်ခုက ဘာလဲ၊ နင် မော်ကွန်းထိန်းနဲ့ချိန်းထားတာတော့ မဟုတ်ပါဘူးနော်"

လင်းစက်ညီတစ်ယောက် ရယ်ချင်စိတ်ကို မနည်းထိန်းထားလိုက်ရသည်။ ဒုတိယအကြိမ်မြောက်သူ့ကို ဆရာတွေ့သွားလျှင် သူ့အတွက် အလားအလာမကောင်းတော့။ စာရွက်ထဲတွင်လင်းစက်ညီက စာကြောင်းများထပ်ရေးနေ၏။ အနည်းငယ်ကြာလာတော့ သံသာချိုကနောက်သို့လှည့်ကြည့်၏။ လင်းစက်ညီက ရေးကောင်းတုန်းသာ ဖြစ်သည်။ ရေးပြီးသွားတော့ သံသာချို့ကို လှမ်းပေးလိုက်၏။ စာရွက်ထဲတွင်...

**Shift $x^{-1}$**

**1 0 shift 7 1 9**

**Alpha S=D**

**0**

**Shift 7 1 7**

သံသာချိုတစ်ယောက် နားမလည်သေး ။ ဘေးမှ ကေသီနွယ့်ကို စာရွက်ပေးလိုက်၏။ ကေသီနွယ်လည်း ဖတ်ကြည့်ပြီးခေါင်းခါပြ၏။ သံသာချိုခမျာ ရှေ့ကဆရာမြင်သွားမှာကိုလည်း ကြောက်ရသေးသည်။ သူမ နောက်တစ်ကြိမ်ထပ်ဖတ်၏။ လင်းစက်ညီက သူတို့အဖြစ်အပျက်များကို နောက်မှ အစအဆုံးကြည့်နေ၏။ ရုတ်တရက် သံသာချိုက Scientific Calculator ကိုယူ၍ စာရွက်ထဲကအတိုင်း နှိပ်လိုက်၏။ သံသာချိုအဖြေရသွားပြီမှန်း လင်းစက်ညီ သိလိုက်၏။

Calculator ထဲတွင်…

**! 10µe Y0u**

သံသာချိုက အနောက်သို့လှည့်မကြည့်တော့။ အတန်းချိန်ပြီးသည်အထိ ငြိမ်သက်နေ၏။ အတန်းချိန်ပြီးတော့ လင်းစက်ညီထိုင်သွားသောနေရာတွင် စံပယ်ပန်းလေးနှင့် ဆေးလိပ်တစ်လိပ်။ သံသာချိုက...

" ကေသီ... နင်အိမ်ပြန်လိုက်တော့..ငါ သွားစရာပေါ်လာလို့"

"ဘယ်ကိုလဲ ဟ"

" စံပယ်ဖြူ ကန်တင်း"

ကေသီနွယ့်ကို ချန်ရစ်ရင်း သံသာချို အတန်းထဲမှ ထွက်လာခဲ့လိုက်၏။

စံပယ်ဖြူကန်တင်းထဲတွင် လင်းစက်ညီက ကော်ဖီတစ်ခွက်ရှေ့ချကာ ဆေးလိပ်တိုကိုလက်ကြားညှပ်ရင်း စာအုပ်တစ်အုပ်ကို ဟန်ဆောင်ဖတ်နေ၏။ ( စာအုပ်ကို ဟန်ဆောင်ဖတ်သူသည် ဟန်ဆောင်ဖတ်နေကြောင်းသိသာ၏။ မျက်လုံးများက အသံစူးစူးလာရာနေရာသို့ တစ်ချက်တစ်ချက်ရောက်သွားတတ်၏။ ဖြတ်သွားသောအရိပ်များကို

လိုက်ကြည့်တတ်၏။ အိပ်ချင်ယောင်ဆောင်နေသူများ မျက်တောင်တဆတ်ဆတ်တုန်နေသလို သိသာ၏)။ သံသာချိုက ဆိုင်ထဲဝင်လိုက်သည်နှင့် ချာတိတ်လေးတစ်ယောက်က သူမဆီပြေးလာပြီး…

"အစ်မနာမည်က သံသာချိုနော်"

"အေး ဘာကိစ္စလဲ"

"ကိုလင်းစက်ညီက သူ့မှာပိုက်ဆံအပိုမပါဘူးတဲ့ အဲဒါအစ်မတစ်ခုခုစားမယ်ဆို ကိုယ့်ဟာကိုယ်ဝယ်စားလို့ ပြောခိုင်းလိုက်လို့"

သံသာချိုက တစ်ချက်ပြုံးရင်း နှုတ်ခမ်းကိုက်ကာ လင်းစက်ညီထိုင်နေသည့် စားပွဲသို့ ချာတိတ်ငယ်ကို ဘာမှမတုံ့ပြန်တော့ဘဲ တည့်တည့်မတ်မတ်ထွက်ချသွား၏။

"ဟဲ့ နင်က ဒီမှာတစ်ယောက်ထဲဘာလုပ်နေတာလဲ"

လင်းစက်ညီက စာအုပ်ကိုပိတ်ကာ ရှေ့သို့ချလိုက်ရင်း…

"နင်အဲလိုမေးလာရင် ဘယ်လိုဖြေရမလဲလို့ စဉ်းစားနေတာ"

လင်းစက်ညီက ရှေ့မှကော်ဖီခွက်ကိုကိုင်လိုက်ရင်း မသောက်သေးဘဲ…

"နေဦး…နင်ငါ့ကိုမေးဖို့နောက်တစ်ခုရှိဦးသေးတယ်မလား"

"အေး... ပြောစမ်းပါဦး... နင်က ဒီနေ့ကျောင်းမတက်တော့ဘူးဆိုပြီး ဘာလာလုပ်တာလဲ"

"ငါအစကတော့ ကျောင်းမလာတော့မလို့ပဲ ဒါပေမဲ့ ငါနေ့လည်ထမင်းစားပြီးတော့ နာရီကြည့်တယ်"

လင်းစက်ညီမျက်နှာက စပ်ဖြဲဖြဲဖြစ်နေ၏။ သံသာချိုက စိတ်မရှည်တော့...

"နာရီကြည့်တော့ ဘာဖြစ်လဲ"

"နာရီကြည့်တော့ နင်တို့အတန်းချိန်မပြီးလောက်သေးဘူးလေ.. အဲဒါနဲ့ ကမန်းကတန်း ထွက်လာလိုက်တာ"

"ငါနားမလည်ဘူး နင်က ဘာကိုကမန်းကတန်းထွက်လာတာလဲ"

လင်းစက်ညီက ကြားချင်နေသောမေးခွန်းဖြစ်နေ၍ နှုတ်ခမ်းကွေးပြုံးရင်း..

"နင်ပြန်သွားမှာစိုးလို့"

သံသာချိုက နှုတ်ခမ်းကိုက်ကာ..

"လင်း...စက်...ညီ... နင့် ငါအသည်းယားလာပြီနော်"

"ဟုတ်လား အသည်းယားတာက ဘယ်ဘက်က ယားတာလား ညာဘက်က ယားတာလား။ လက်ဆိုရင်တော့ ဘယ်ဘက်ယားရင် ပိုက်ဆံဝင်တတ်တယ်... ညာဘက်ယားရင် ပိုက်ဆံထွက်တတ်တယ်။ နင်ကအသည်းယားတာဆိုတော့ ဘယ်ဘက်ကယားရင် ရည်းစားရမယ်။ ညာဘက်ကယားတာဆိုရင် ရည်းစားနဲ့ပြတ်မယ်"

"လင်း...စက်...ညီ"

သံသာချို၏အသံက အနည်းငယ်ကျယ်လောင်သွား၏။

"ဘာတုန်းဟာ နင်ကလည်း ရောက်ထဲက ငါ့နာမည်ကို တဖွဖွနဲ့ ပါးစပ်ဖျားက ကိုမချဘူး။ နင်နှုတ်ခမ်းညောင်းနေမှာပေါ့။ ခဏလောက်ချထားလိုက်နော်"

သံသာချိုက ပြောမရတော့သည့်အဆုံး နှုတ်ခမ်းကိုက်သည်။ လင်းစက်ညီက ကော်ဖီသောက်ရင်း စပ်ဖြဲဖြဲဖြစ်နေ၏။ အချိန်တော်တော်ကြာ တိတ်ဆိတ်နေမိကြပြီး လင်းစက်ညီက စကားစလာ၏။ သူ၏မျက်နှာလည်း စပ်ဖြဲဖြဲမဟုတ်တော့...

"သံသာ ငါနင့်ကိုပြောစရာ နှစ်ခုရှိတယ်ဆိုတာလေ။ ငါဒီနေ့ကျောင်းလာတာက ပထမတစ်ခု။ နောက်တစ်ခုကို နင်ဆက်မမေးတော့ဘူးလား။"

လင်းစက်ညီက သံသာချို့ကိုမကြည့်။ ဆေးလိပ်အဆီခံလေးဖြင့် စားပွဲကို တတောက်တောက် ခေါက်ရင်း ငြိမ်သက်နေ၏။ သံသာချိုက...

"ညီ နင်ကြောင်ချစ်တတ်လား ငါက ကြောင်အရမ်းချစ်တာ။ ငါ့အိမ်မှာ ငါကြောင်လေးတွေမွေးထားတယ်။ သိလား"

လင်းစက်ညီက မျက်လုံးလှန်ကြည့်သည်။ သံသာချို၏အပြုံးက အသက်မပါ...။လင်းစက်ညီက...

" နင်ဘာလို့စကားလမ်းကြောင်းလွှဲချင်ရတာလဲ။ နင်လျှောက်ပြောနေလည်း ငါကတော့ ငါပြောချင်တာပြောရမှာပဲ"

"မလွှဲပါဘူး ငါဘယ်မှာလွှဲလို့လဲ မီးကကြောင်ချစ်လားမေးတဲ့ဟာကို"

သည်တစ်ခါ အသည်းယားသွားသူက လင်းစက်ညီ။ သံသာချိုတစ်ယောက် နှုတ်ခမ်းဆူဆူကလေးဖြင့် ကလေးဆန်ပြနေ၏။

"မနက်က calculator ထဲမှာ..."

"တော်တော့ညီ... ဆက်မပြောပါနဲ့လား"

သံသာချို၏ တားမြစ်စကားလုံးများကလည်း သူမအပြုံးများလို အသက်မဲ့နေ၏။ သူမ၏ရင်ထဲတွင်လည်း လင်းစက်ညီပြောလာမည့်စကားလုံးများအတွက် တဒိတ်ဒိတ်နှင့်...။ သူမကပဲဆက်ပြီး ဟန်ဆောင်ပြုံးလေးနှင့်...

" ဒီမှာမောင်လေး မမပြောပြမယ် ... ထမင်းကို ကုန်အောင်စားတဲ့ စကားကိုတော့ ကုန်အောင်မပြောရဘူး တဲ့"

ပြောရင်း သူမခေါင်းလေးကလည်း တဆတ်ဆတ်နှင့်...။လင်းစက်ညီက ပြုံးရင်း..

"ထမင်းကိုကုန်အောင်မစားဘဲ ညစာချန်ရတယ်။ စကားကို ကုန်အောင်ပြောပြီး ရင်ထဲပေါ့သွားအောင်လုပ်ရတယ်တဲ့ မမရဲ့"

သံသာချိုက ဘာမှတုံ့ပြန်မလာတော့ဘဲ ငြိမ်သက်သွား၏။ လင်းစက်ညီဆက်ပြောလာမည့် စကားလုံးများအတွက် အသင့်အနေအထားကို ရောက်ရှိနေသလိုမျိုး...။ လင်းစက်ညီက

" နင့်ကိုငါချစ်တယ် သံသာ"

သံသာချို၏ အပြုံးများ ပြန်လည် အသက်ဝင်လာ၏။သူမက...

" ညီ နင့်ရင်ထဲပေါ့သွားပြီလား.."

လင်းစက်ညီက ခေါင်းညိတ်ပြ၏။

"အင်း နင်ပျော်ရင် ပြီးတာပါပဲ။ ငါ့ကိုတော့ဆက်ပြီးမျှော်လင့်မနေစေချင်ဘူးညီ"

"စိတ်ချပါ **အကောင်းဘက်ကမျှော်လင့်တယ်ဆိုတာ ကိုယ့်ကိုကိုယ်လုပ်ကြံလိုက်တာပဲ။** နင်မျှော်လင့်ချက်မပေးသ၍တော့ ငါလွမ်းဖို့ပဲပြင်ဆင်ထားမယ်"

သံသာချို၏ အကြည့်များက ရီဝေနေ၏။ လင်းစက်ညီအတွက် တစ်စုံတစ်ရာလေးကို သူမပြောပစ်လိုက်ချင်နေသော်လည်း သူမ၏ ဦးနှောက်က လက်မခံ။ လင်းစက်ညီအား ပြုံးရုံလေးသာ ပြုံးပြလိုက်သည်။

"နင် မိုးကုတ်ကိုသွားတာ ဘယ်လောက်ကြာမှာလဲ သံသာ"

သံသာချို၏ မျက်ဝန်းများက တွေဝေသွား၏။ သက်ပြင်းတစ်ချက်ကို လေးတီလေးကန် မှုတ်ထုတ်ရင်း...

"ငါနင့်ကို မလိမ်ချင်ဘူးညီ အမှန်က ငါဆေးရုံတက်ဖို့ရှိတယ် သူငယ်ချင်းတွေကို မပြောပြချင်လို့"

"ဘယ်လို..."

လင်းစက်ညီရင်ထဲ ပြောင်းဆန်သွား၏။

"ဟုတ်တယ်ညီ ကလေးမွေးရင် ကလေးငိုအောင်လုပ်ရတယ်ဆိုတာ နင်သိလား မငိုရင်တောင် ငိုအောင်ရိုက်ရတယ်လေ"

လင်းစက်ညီက ခေါင်းညိတ်ပြ၏။သံသာချိုက ဆက်ပြီး

"ငါ့ကိုမွေးတုန်းက ငါကမငိုဘူးတဲ့။ ကလေးမွေးလာပြီဆိုရင် အဲဒီကလေးငိုလိုက်မှ နှလုံးခုန်ပြီး သွေးလည်ပတ်မှုမှန်တာတဲ့။ ငါကမငိုခဲ့တော့ ငါ့နှလုံးက အားမကောင်းဘူးဟ။ တစ်ခါတစ်ခါဆို ငါမူးမူးနေတတ်တယ်။ အဲဒါခုဆေးရုံတက်ပြီး ခွဲရမှာ"

လင်းစက်ညီ ရင်ဘတ်နှင့် ပါးစပ်က တူညီစွာ ဟောင်းလောင်းဖြစ်နေ၏။

"ညီ.. နင်ဒီကိစ္စ ဘယ်သူ့ကိုမှတော့ မပြောပါနဲ့နော်"

"အေးပါ ငါမပြောဘူး...ငါနင့်ကိုဆေးစာရေးပေးလိုက်မယ်"

"ဟင် နင်ကဘာကိုဆေးစာရေးပေးမှာလဲ"

"ဒီလိုလေဟာ ဆေးစာဆိုတာ လူတွေဖျားရင်နာရင် နေကောင်းအောင်သောက်ဖို့ ဆေးနာမည်တွေလေ။ ငါရေးပေးမယ့်စာက နင်အားရှိအောင်ပေါ့။ ဆုတောင်းစာလို့ပြောလည်း ရပါတယ်"

သံသာချိုက ကြည်ကြည်နူးနူးပြုံးရင် စာအုပ်နှင့်ဘောပင်ထုတ်ပေး၏။ လင်းစက်ညီခေါင်းခါရင်း..

"ငါ့စာက ဆုတောင်းစာပဲ။ ငါ့စာကိုတွေ့တဲ့သူတိုင်းနင့်ကိုဆုတောင်းပေးစေချင်တာ။ နင့်စာအုပ်ထဲမှာ ရေးရင် နင်ပဲဖတ်လို့ရမှာပေါ့။ ငါ့ကို correction pen ပဲပေး။"

သံသာချိုက correction pen ထုတ်ပေးလိုက်၏။ လင်းစက်ညီက သူ့ရှေ့မှ ကော်ဖီခွက်ကိုဖယ်ကာ စားပွဲပေါ်တွင် ရေးချလိုက်၏။

လေပြေ...

ဆောင်းတစ်ခင်း

နှင်းတစ်လက်နဲ့

ငှါကဗျာတချို့တဝက်ထားခဲ့ပါတယ်

ကံကြမ္မာကိုသာ

အနိုင်ယူခဲ့ပါကွယ်။

လင်းစက်ညီ

သံသာချိုကဖတ်ရင်းပြုံး၏။

"ကျေးဇူးပဲ... မီးအားရှိသွားပြီ"

" နှင့်အပြုံးလေးအားပြည့်လာရင်ပဲ ငါကျေနပ်ပြီသံသာ အဲဒီ့နေ့ကျရင်တော့ ငါဆေးရုံလာခဲ့မယ်နော်"

သံသာချိုက ခေါင်းညိတ်ပြ၏။ လင်းစက်ညီက မမြင်ရသောမနက်ဖြန်အတွက် ရင်လေးစွာ သက်ပြင်းချမိ၏။

# အခန်း (၅)

ဆေးရုံ၏ ညှီစို့စို့အနံ့ကို လင်းစက်ညီဘယ်လိုမှ ခံစားပေးလို့မရ၊ ကော်ရစ်တာတစ်ခုလုံး ဆေးနံ့တို့စိုးမိုးနေသည်ကို လင်းစက်ညီတစ်ယောက် နှာခေါင်းရှုံ့မိသည်။ သံသာချို အဝတ်လဲခန်းထဲ ရောက်နေပြီဖြစ်သည်။ အဝတ်လဲခန်းရှေ့တွင် သံသာချို၏ အဖေနှင့်အမေ ထို့နောက် လင်းစက်ညီ။ သံသာချို၏အဖေဖြစ်သူက တည်တည်ငြိမ်ငြိမ်ရှိလှသည်။ သံသာချို၏ အမေက မျက်နှာက စိုးရိမ်မှုများကို မနိုင်မနင်းဖုံးကွယ်နေရသည်မှာ သက်တောင့်သက်သာမရှိလှ။ ပင်ပန်းလွန်းလှသည်ဟု သူကိုယ်တိုင်လည်းသိနေ၏။ သံသာချို၏အဖေက...

" မေကြီး စိုးရိမ်မနေနဲ့လေကွာ အားလုံးအစစအရာရာ ကောင်းအောင်လုပ်နေတာပဲ ။ ဟိုမှာသမီးသူငယ်ချင်းလေးလည်း အားပေးဖို့ရောက်နေတယ်လေ စိတ်ကိုထိန်းဦး"

လင်းစက်ညီက အလိုက်သင့်လေးပြုံးပြလိုက်သည်။ အဝတ်လဲခန်းတံခါးပွင့်သွားပြီး သံကုတင်လေးတစ်လုံး တရွတ်တိုက်ထွက်လာ၏။ ကုတင်ပေါ်တွင် သံသာချို...

"ဟယ် ညီ နင်ရောက်နေတာလား"

လင်းစက်ညီက ခေါင်းညိတ်ပြလိုက်၏။

"အေး ခဏစောင့်ဦးဟာ ငါနင့်ကို ဧည့်မခံနိုင်သေးဘူး။ ခွဲခန်းထဲဝင်လိုက်ဦးမယ်။ သိပ်မကြာဘူး။ ငါပြန်လာခဲ့မယ်"

လင်းစက်ညီတစ်ယောက် ရင်ထဲစို့လာသည်။ သံသာချိုက သူမ၏အကြောက်တရားတို့ကို ဟန်လုပ်ပြုံးထားသော်လည်း မပီပြင်လှ။ သူမကောင်းကောင်းမလိမ်ညာတတ်မှန်း သူမ၏မျက်နှာကို ကြည့်ရင်း လင်းစက်ညီသိနေ၏။ သံသာချို၏ အမေက တရှုံ့ရှုံ့ဖြစ်စပြုလာ၏။သံသာချိုက..

"ဟာ အမေကလည်း သမီးကနိုင်ငံခြားသွားတာမှမဟုတ်တာ။ ဒီတံခါးလေးတစ်ချပ်ပဲ ခြားနေတာကို။ ငိုမနေနဲ့လေ။ ခဏလေးပဲ သမီးပြန်ထွက်လာခဲ့မယ်။ အဖေ... အမေ့ကို နည်းနည်းလောက် ကျူလိုက်ဦး.. ဟဲဟဲ.. အဖေက ဒါတွေပိုင်ပါတယ်"

ကျန်ရစ်ခဲ့မည့်သူတွေကို သံသာချိုကပြန်ပြီးအားပေးနေ၏။ ပြုံးချင်ယောင် ဆောင်ရသည်ကလည်း သူမအတွက်ပင်ပန်းလွန်းမည်ကို လင်းစက်ညီသိနေမိ၏။ ထို့နောက် သံသာချိုကို

တင်ဆောင်ထားသော သံကုတင်လေးက ခွဲစိတ်ခန်းစီသို့ တရွေ့ရွေ့။ သံသာချို၏လက်ထဲတွင် လင်းစက်ညီကျောင်းကန်တင်းတွင် ကဗျာရေးပေးစဉ်က correction pen လေးအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်ကို အမှတ်မထင်တွေ့လိုက်ရ၏။

မနက်ကတည်းက..

ငါ့ခေါင်းထဲ

ခွဲစိတ်ခန်းတွေပဲဆောက်တယ်

ချစ်သူရေ

မင်းဘယ်လိုနံ့ရံ့မျိုးလဲကွယ်။

ကျွန်တော့်အပေါ် သာ

ရွာချပစ်လိုက်ပါမိုးရယ်...

ကျွန်တော့်လေပြေလေးကိုတော့

ဆက်ပြီးလှုပ်ခတ်နေပါစေ။

ခွဲစိတ်ခန်းတံခါး ရုတ်တရက်ပွင့်သွားပြီး ထွက်လာသူမှာ ဆရာမတစ်ယောက်ဖြစ်နေ၏။

"လူနာရှင်တွေ ရှိလား"

သံသာချို၏အဖေက ချက်ချင်း....

"ဟုတ်ကဲ့ရှိပါတယ်"

" လူနာသွေးလိုနေတယ်"

"ဗျာ..."

"ဘာဖြစ်လို့လဲဦးလေး..."

" မင်းသူငယ်ချင်းက AB သွေး။ ဦးလေးက A သူ့အမေက B ။ ဆရာမ ကျွန်တော်တို့ ဘယ်လို့လုပ်ရမလဲ"

သံသာချို၏ အဖေမှာ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေပုံရ၏။ သံသာချို၏အမေက ဘုရားစာရွတ်ရင်းက မျက်လုံးပြူးမျက်ဆံပြူးဖြစ်နေရှာသည်။လင်းစက်ညီက

"ကျွန်တော်လှူမယ်ဆရာမ... ကျွန်တော် AB သွေးပါ"

"ဟုတ်ပြီ ဒါဆိုရှင်ကျွန်မနဲ့လိုက်ခဲ့"

အခန်းထဲရှိ မျက်နှာကျက်တွင်လည်နေသော ပန်ကာအောက် လင်းစက်ညီ ငြိမ်သက်စွာ လှဲလျောင်းနေ၏။ လက်တွင် ပိုက်တန်းလန်းနှင့် ပုလင်းထဲတွင် သွေးတစ်စက်ကျသွားတိုင်း သူ၏ နှလုံးခုန်သံကို အတိုင်းသား ကြားနေရ၏။ သွေးတစ်ပုလင်းနီးပါးပြည့်သွားသောအခါ နာစ့်မက..

"ရပြီ ဒါပေမဲ့ ရှင်ဘယ်မှ သွားလို့မရသေးဘူး။ ဒီအတိုင်း ၂နာရီလောက်လှဲနေရမယ်"

လင်းစက်ညီ မျက်လုံးလေးမှေးစင်းထားရင်း အနားယူနေ၏။ ခေါင်းထဲတွင် ရီဝေဝေဖြစ်နေသည်။ ခေါင်းကိုက်နေသည်လည်းမဟုတ် သူ၏နလုံးခုန်သံတွေ မြန်နေ၏။ သွေးပုလင်းသွားပို့ရာက နာ့စ်မလေး အခန်းထဲပြန်ဝင်လာသောအခါ လင်းစက်ညီက..

"ဆရာမ လူနာရဲ့အခြေအနေက"

"ရှင်က သူနဲ့ဘာတော်လဲ"

"သူ့သူငယ်ချင်းပါ"

"အင်း ဒါဆိုပြောလို့ဖြစ်ပါတယ်။ ရှင်နားလည်အောင်ပြောပြရရင် လူနာက နဂိုကမှ နလုံးအားမကောင်းတော့ မေ့ဆေးအရှိန်နဲ့ Heart Beat တွေကျနေတယ်။ နလုံးက ကောင်းကောင်းအလုပ်မလုပ်ဘဲ မိန်းအဆို့ရှင်က သွေးတွေကို ထိန်းထားသလိုဖြစ်နေတယ်။ ခွဲလိုက်တဲ့အခါမှာ အဲဒီအဆို့ရှင်က ပွင့်သွားပြီး သွေးတွေပန်းထွက်လာတယ်။ အဲဒါကြောင့်သွေးလွန်သွားတာပါ။ ဒါပေမဲ့ မစိုးရိမ်ရပါဘူး။"

လင်းစက်ညီ သက်ပြင်းမချနိုင်သေး။ သူကိုယ်တိုင်လည်း မူးဝေဝေဖြစ်နေ၍ မှေးနေလိုက်ရသည်။ မကြာခင်လင်းစက်ညီအိပ်ပျော်သွား၏။

နိုးလာတော့ အားရှိသလိုခံစားရ၏။ နာရီကြည့်မိတော့ သူ တစ်နာရီလောက်အိပ်ပျော်သွားမှန်း သိလိုက်သည်။ ဘေးဘယ်ညာလှည့်ကြည့်တော့ သံသာချို့အဖေနှင့် အမေ ၊ မလှမ်းမကမ်းက သံကုတင်ပေါ်တွင် အိပ်ပျော်နေသော သံသာချို။ မျက်လုံးလေးစင်းပြီး ငြိမ်သက်နေသည်။ သူကုတင်ပေါ်တွင်ထ ထိုင်လိုက်သည်နှင့် ခေါင်းထဲရီဝေဝေဖြစ်သွား၏။ သံသာချို၏ ဖခင်က လေသံလေးနှင့်..

"သား နိုးလာပြီလား"

"ဟုတ်ကဲ့ ဦး သံသာ့အခြေအနေက"

သံသာချို့ဖခင်က လှိုက်လှိုက်လှဲလှဲပြုံးပြရင်း

"အကုန်အဆင်ပြေတယ်ကွ မင်းလည်းငါကျေးဇူးတင်ပါတယ်ကွာ။ သွေးလိုတယ်ဆိုတော့ ဦးလေး တော်တော်ပြာသွားတာကွ။"

လင်းစက်ညီလည်း အလိုက်တသင့်ပြုံးပြရင်း...

"ဦး ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်တယ်ဦး။"

သံသာချို၏ဖခင်က မျက်မှောင်ကို ခပ်ဖွဖွ ကျုံ့ရင်း..

"ဘာများလဲကွ"

"ကျွန်တော် သံသာ့ကို လူနာစောင့်လုပ်ပေးချင်လို့ပါဦး"

"ဟေ.. မဟုတ်တာကွာ မင်းမလဲ သွေးလှူထားတဲ့အရှိန်နဲ့ နားလိုက်ပါ။ သမီးလည်း ဆေးရုံမှာနေရ နောက်ထပ် ၂ရက်ပဲလို့ပြောတယ်"

လင်းစက်ညီ မျက်နှာ ညှိုးကျသွား၏။ မဝင့်မရဲဖြင့်...

" ကျွန်တော့်ကို ဒါလေးတော့လိုက်လျောပါ ဦးရယ်"

လင်းစက်ညို သိပ်ကိုဆန္ဒပြင်းပြနေမှန်း သံသာချို၏ဖခင်တစ်ယောက် လင်းစက်ညို၏မျက်လုံးများနှင့် စကားလုံးများမှတဆင့် တွေ့လိုက်ရ၏။

အသံတစ်စုံတစ်ရာကြောင့် လင်းစက်ညီ လန့်နိုးလာ၏။ အခန်းထဲတွင်လူနာစောင့်ရန် ကုတင်တစ်လုံးရှိ၏။ ထိုကုတင်တွင် သံသာချို၏ မိခင်ဖြစ်သူက အိပ်ပျော်နေ၏။ လင်းစက်ညီကတော့ ထိုင်ခုံတွင် ထိုင်နေရင်း ငိုက်လိုက်နိုးလာလိုက်နှင့်သာဖြစ်၏။ ယခုတစ်ကြိမ်နိုးလာတော့ ကုတင်ပေါ်တွင် လှုပ်လှုပ်ရွရွ ဖြစ်နေသော သံသာချိုကိုတွေ့ရ၏။

"သံသာ နင်သတိရလာပြီလား"

"အင်း ရေသောက်ချင်တယ်"

သံသာချိုက မျက်လုံးမပွင့်သေး။ လင်းစက်ညီက ရေတစ်ခွက် တိုက်လိုက်မှ ပြန်အိပ်ပျော်သွား၏။ လင်းစက်ညီ တစ်ညလုံးအိပ်လို့မရ။ ထိုင်ခုံတွင်ထိုင်နေရင်း အိပ်ရန်ခက်သည်က တစ်ကြောင်း။ သံသာချို၏မိခင် စိတ်ချလက်ချအိပ်ပျော်နေစဉ် သူနိုးနေမှုဖြစ်မည်ဟု သိနေသောကြောင့်တစ်ကြောင်း။ သူအိပ်လို့မရ။ တစ်ညလုံး ညနစ်နာရီလောက်တွင်တစ်ကြိမ် မနက်မိုးလင်းခါနီးတွင် တစ်ကြိမ် တာဝန်ကျ ဆရာဝန် round လှည့်သည်။ မနက်မိုးလင်းခါစတွင် လူငယ်တစ်ယောက် အခန်းထဲဝင်လာ၏။ သံသာချိုက မနိုးသေးသော်လည်း သံသာချို၏အမေမှာနိုးနေပြီဖြစ်သည်။

"မောင်ရင်က သမီးသူငယ်ချင်းထင်တယ်"

"ဟုတ်ကဲ့ ဟုတ်ပါတယ် အန်တီ"

ထိုလူ၏ မျက်ဝန်းများမှာ မရိုးသားဘဲ တစ်စုံတစ်ရာကို လျှို့ဝှက်နေမှန်း လင်းစက်ညီသတိထားမိ၏။ လင်းစက်ညီကိုယ်တိုင်လည်း ညက အိပ်ရေးပျက်ထားသဖြင့် ကိုယ့်ကိုကိုယ် အခြေအနေ မဟန်တော့မှန်း သိလိုက်၏။ အိမ်ပြန်ရန် ဆုံးဖြတ်ချက်ချလိုက်ပြီး...

"အန်တီ ကျနော်ပြန်လိုက်ပါဦးမယ်"

"ဟုတ်ကဲ့အေးအေး သား သမီးကိုစောင့်ပေးတာ ကျေးဇူးပါပဲကွယ်"

လင်းစက်ညီက ရောက်နေသောလူစိမ်းကိုပါ ပြုံးပြနှုတ်ဆက်ရင်း ထွက်လာခဲ့လိုက်သည်။ ခေါင်းထဲကတစ်ချက်တစ်ချက် ရိပ်ခနဲ...။ သူ့အားအင်များချိနဲ့နွမ်းလျနေသလို ခံစားရ၏။

တစ်ဆတစ်ဆထက်ကျယ်လောင်လာသော ခြေသံများကို သူကြားနေရသော်လည်း လှည့်မကြည့်ဖြစ် အိပ်ရေးပျက်သောအရှိန်ကြောင့် စိတ်ကကယောင်ချောက်ခြားဖြစ်နေသည်ဟု သူထင်လိုက်မိ၏။ သို့သော်...

"ညီလေး...ညီလေး..."

သူခြေလှမ်းများကိုရပ်လိုက်သည့်အခါ ထိုလူက သူ့ရှေ့တွင်လာရပ်၏။ ထိုသူကပဲ ဆက်ပြီး...

"အကို ညီလေးကို မေးစရာရှိလို့ပါ၊ ညီလေးနဲ့ ချိုနဲ့ကဘာယ်လိုများ"

လင်းစက်ညီသဘောပေါက်လိုက်သည်။ အကိုနဲ့ညီလေးဟူသော အသုံးအနှုန်းက ထိုလူစိမ်းသည် သံသာချို့ သူငယ်ချင်းမဟုတ်မှန်း လင်းစက်ညီသိလိုက်၏။

"ကျွန်တော်နဲ့ သံသာက သူငယ်ချင်းတွေပါ အကို။ သံသာနဲ့အကိုက..."

လင်းစက်ညီမေးခွန်းကို ထိုသူက ခေါင်းညိတ်ရင်းပြုံး၏။

"အေးကွာ အကို့နာမည်က ဖွဲ့ဆက်။ ချိုနဲ့ကိုယ်နဲ့က ချစ်သူတွေပေါ့ကွာ"

လင်းစက်ညီက လက်လှမ်းပေးကာ ပြုံးပြရင်း...

"ကျွန်တော့်နာမည် လင်းစက်ညီပါ တွေ့ရတာဝမ်းသာပါတယ်"

"အေးကွာ အကိုလည်းဝမ်းသာပါတယ်။ မင်းတစ်ညလုံးလာစောင့်ပေးတာလည်း အကိုသိတယ်။ အဲဒီ့အတွက်လည်း ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးဗျာ ရပါတယ်။ ခုတော့ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးဗျာ။ တော်တော်လေးအိပ်ချင်နေပြီ"

"သြော်အေးအေး ညီ ။ နောက်မှတွေ့တာပေါ့ကွာ"

ဖွဲ့ဆက်ဟူသောပုဂ္ဂိုလ်က လူနာခန်းထဲပြန်ဝင်သွားသည်။

နစ်နစ်ချိုက်ချိုက် အိပ်မောကျခဲ့ရာမှ သံသာချိုတစ်ယောက် နိုးလာ၏။ ခွဲစိတ်ထားသောအရှိန်ကြောင့် လက်ဝါးလေးအုပ်ကာ သန်းဝေ၏။ သူမကုတင်ပေါ်တွင် လဲလျောင်းနေရသည်ကိုပဲ ငြီးငွေ့နေပုံရ၏။ ဖြစ်နိုင်လျှင် သူမ ငယ်ငယ်ကလို စိမ်ပြေလိုက်တမ်း ဆော့ချင်နေ၏။ တူတူပုန်းတမ်းကစားချင်မိ၏။ တူတူပုန်းတမ်းကစားရင်း မိမိကိုယ်ကိုလုံခြုံစွာဖွက်ရင်း လိုက်ရှာမည့်သူကို 'တူ' သံပေး၍ စိမ်ခေါ်အရသာခံချင်နေမိ၏။ သို့သော် အသက်ခပ်ပြင်းပြင်းရှူဖို့တောင် သူမအတွက် သိပ်အဆင်မပြေလှ။ ဗိုက်ပေါ်မှာ ငါးရိုးပုံချုပ်ရိုးကြောင်းလေးက တစ်ချက်တစ်ချက် စူးစူးနစ်နစ်အောင့်သလို ခံစားရ၏။ သံသာချိုက

နိုးနိုးချင်းအခန်းဘေးဘယ်ညာ လှည့်ပတ်ကြည့်တော့ သူမ၏ အမေ သူမကိုကျောပေးထားသော အမျိုးသား တစ်ဦး။

"မေမေ.."

" ဟယ် သမီး သတိရပြီလား။"

"ဟာ အမေကလည်း သမီးက မေ့မျောနေတာမှမဟုတ်တာ အိပ်နေတာကို။ သမီးကိုများ လူမမာကြီးကျနေတာပဲ"

ဖွဲ့ဆက်က သံသာချိုဘက်လှည့်လာ၏။ သံသာချို၏မျက်ဝန်းများ အနည်းငယ် ဝိုင်းစက်သွား၏။

"ကဲ သမီး ဒီမှာ သမီးသူငယ်ချင်းရောက်နေတယ် ခဏနေဦး အမေဆရာဝန်သွားခေါ်လိုက်ဦးမယ်"

ပြောရင်းဖြင့် သံသာချို၏မိခင် အခန်းထဲမှထွက်ချသွား၏။

"ကို ညက ကို ချို့ကိုလာစောင့်ပေးနေတာလား"

"ဒါပေ့ါချိုရဲ့"

ဖွဲ့ဆက်၏ မျက်စိပျက်သွားသော်လည်း မျက်နှာကား ပုံမှန်ကျန်ရစ်၏။ မျက်စိပျက်မျက်နှာပျက် မဟုတ်ဘဲ မျက်စိတွင် အဓိပ္ပါယ်များ လျှပ်ရှားသွား၏။ သံသာချိုက နှုတ်ခမ်းလေးတွန့်ကွေးရင်း ပြုံးပြကာ...

"ကို ချို ရေသောက်ချင်တယ်"

"အင်း ကို တိုက်မှာပေ့ါ ချိုက တစ်ညလုံးအိပ်နေတာ ခုမိုးလင်းတော့ ရေဆာပြီမလား"

သံသာချိုက ဖွဲ့ဆက်၏ အပြောကြောင့် စိတ်ထဲတွင် တစ်ခုခုလွဲနေပြီမှန်းသိလိုက်၏။ ဖွဲ့ဆက်ကမ်းပေးလာသော ရေခွက်ထဲမှရေကို အလိုက်သင့်စုပ်ယူလိုက်၏။

"ကိုရယ် ရေတွေကလည်း လိမ်ကောက်နေတာပဲ"

" ချိုကတော့လုပ်ပြီကွာ ဗိုက်ခွဲတာ ဦးနှောက်ပါထိသွားလားမသိဘူး ဟဟဟ"

သံသာချိုက ဖွဲ့ဆက်ကို ခပ်ပြုံးပြုံးလေးမော့ကြည့်ရင်း ရယ်ချပစ်လိုက်သည်။ သူမ၏ အပြုံးထဲရှိ အဓိပ္ပါယ်များက သူမကိုယ်တိုင်သာနားလည်ပစ်လိုက်၏။

မနက်ခင်းဟာ

ဘာကြောင့် သံသယစော်နံနေတာလဲမသိဘူး

ငါကတော့ ကိုယ့်အဆိပ်ခွက်ကို ကိုယ်ပြန်သောက်ရင်း

ချိုလှချည်ရဲ့လို့

ခံတွင်းတွေ့ပစ်လိုက်တယ်။

# အခန်း (၆)

"ဒါနဲ့များ နင်က ဘာလို့ ဒွဲမမေးလိုက်တာလဲဟ"

" ဟဲ့ အခန်းထဲမှာ အဲဒီအချိန်ယောက်ျားဆိုလို့ သူတစ်ယောက်ပဲရှိတာလေ။ ငါ့ကိုသူလူနာစောင့်ပေးတာလို့ ပြောတယ်လေ။ ငါနည်းနည်းသံသယဖြစ်ရုံကလွဲပြီး ပြဿနာမဖြစ်ချင်ဘူးဟာ။ အဲဒါကြောင့် အတင်းကကြပ်မမေးလိုက်တော့တာ"

ကေသီနွယ်နှင့် သံသာချို သက်ပြင်းပြိုင်တူချမိကြသည်။ ရာသီဥတုက ခံစားချက်တွေလို သာသာယာယာမရှိလှ။ ဆောင်းအဝင် ရာသီအတိုင်း လွမ်းဆွတ်ဖွယ်ကောင်းလွန်းနေ၏။ တစ်နေကုန်ခြောက်သွေ့နေပြီး နေရောင်ပျောက်ကာ မပူမအေးရာသီမျိုးလေးဖြစ်နေ၏။ အလွမ်းဓာတ်ခံရှိသူတို့အဖို့ ကြေကွဲဖွယ်ရက်စွဲလေးတစ်ခုလိုဖြစ်နေ၏။

"ဟဲ့ နှင့်လင်းစက်ညီကော နင်ဆေးရုံတက်တုန်းက မလာဘူးလား"

သံသာချိုက ကေသီနွယ်ပြောသော လင်းစက်ညီရှေ့က နာမဝိသေသနလေးကို နှစ်နှစ်ချိုက်ချိုက်ပြုံးပစ်လိုက်၏။ ပြီးမှ…

"လာတယ် ငါခွဲခန်းထဲမဝင်ခင်သူရှိနေတယ် ငါလည်းအဲဒါမေးချင်နေတာ။ ငါသတိရလာတော့ သူမရှိဘူး။ ဒီနေ့လည်း ကျောင်းစဖွင့်ဖွင့်ချင်းနေ့ဆိုတော့ သူကျောင်းတက်ပါ့မလားမသိဘူး"

မိန်းခလေးတစ်ယောက် ဟိုကြည့်ဒီကြည့်နှင့် ဂနာမငြိမ်ဖြစ်ပျက်နေခြင်းမှာ ပတ်ဝန်းကျင်အမြင်တွင် မသင့်တော်။ သို့သော် သံသာချိုတစ်ယောက် ဒါကိုဂရုမစိုက်အား လင်းစက်ညီကို စံပယ်ဖြူကန်တင်းထဲမှ မျက်စိတစ်ဆုံးများစွာဖြင့်လိုက်ရှာနေမိ၏။

ကျောင်းဖွင့်ရက်ဖြစ်သည့်အတွက် ကန်တင်းထဲတွင် နေရာအပြည့် လူအပြည့်နှင့်ဖြစ်၏။ သံသာချိုက စိတ်ကိုငြိမ်အောင်ပြန်ထိန်းရင် ကော်ဖီခွက်ကိုမလိုက်ရာ ကော်ဖီခွက်အောက်က correction pen ရာလေး တစ်စွန်းတစ်စထွက်နေသည်ကိုတွေ့ရ၏။ သံသာချိုက ကျေကျေနပ်နပ်ပြုံးရင်း သူမဆေးရုံမတက်ခင် ကျောင်းမပိတ်ခင်က လင်းစက်ညီရေးပေးခဲ့ဖူးသော စာကြောင်းလေးဟု ထင်ကြေးပေးပစ်လိုက်၏။ ကော်ဖီအောက်ခံပန်းကန်ပြားလေးကို ဖယ်ပစ်လိုက်သောအခါ ယခင်က ရေးခဲ့ဖူးသောစာသားလေးအောက်တွင်…

**ငါ့ကိုစောင့်မနေနဲ့ ဒီလိုနေ့မျိုး ဒီလောက်လူရှုတ်တာ ငါကျောင်းမှာ ကြာကြာမနေဘူး။**

**လင်းစက်ညီ**

သံသာချိုဖတ်ပြီး ပါးစပ်အဟောင်းသားဖြစ်သွား၏။ တစ်ခုခုကို မကျေမနပ်လည်းဖြစ်မိ၏။ ဘာကိုသူမ မကျေနပ်လဲဆိုတာ ကိုယ့်ကိုကိုယ်ဝေခွဲလို့မရ။ဒေါသလည်း ထွက်နေမိ၏။ ကေသီနွယ်အား သံသာချိုက မျက်စပစ်ပြလိုက်၏။ ကေသီနွယ်က မျက်လုံးအဝိုင်းသားဖြင့်...

"ဟယ် ဘယ်တုန်းကများရေးသွားတာလဲမသိဘူး"

"အေးလေ ငါသာမတွေ့ရင် ဒုက္ခ"

"သံသာ ဒါဆိုနင်က သူ့ကိုစောင့်နေတာပေ့ါ ဟုတ်လား"

"ဟာ အစုတ်ပလုတ်မ"

သံသာချိုက ရှက်ပြုံးလေး မခို့တရို့ပြုံးကာ ခေါင်းငုံ့သွား၏။ ပီတိတို့တစ်ချို့တစ်ဝက်ဖြင့် သူမ၏မျက်နှာလေးက ကြည်လင်ပြတ်သားလွန်းနေ၏။

"နင်ကလည်း အဲလောက်လည်းရှက်မနေပါနဲ့"

ယောကျ်ားတစ်ယောက် အသံဖြစ်နေသောကြောင့် သံသာချို အသံလာရာသို့ မော့ကြည့်လိုက်တော့... ဘေးကခုံကိုဆွဲထိုင်ရင်း ရှုတည်တည်ကြီးပြုံးနေသူက လင်းစက်ညီ။ လင်းစက်ညီကပဲဆက်ပြီး...

"ဒီမှာ ညည်းတောင့်တလွန်းလို့ ငါကိုယ်ယောင်ပြရခြင်းဖြစ်တယ်၊ ကေသီ နင့်ကို မော်ကြီး The Love ကန်တင်းမှာစောင့်နေတယ်"

ကေသီနွယ်က ချက်ချင်းပဲထ ထွက်သွားတော့ သံသာချိုက မျက်စောင်းထိုးရင်း

"နေပါဦး နင်က ဘယ်ကဘယ်လိုပေါ်လာတာလဲ။ နောက်ပြီး ငါဒီစာကိုမတွေ့ရင်ဘယ်လိုလုပ်မလဲ"

ပြောရင်း သံသာချိုက စားပွဲပေါ်က correction pen အရာလေးကို ထိုးပြ၏။ လင်းစက်ညီက ဟန်ပါပါပြုံးလိုက်ရင်း....

"ဒါလား... ဒါကနင်မမြင်ဘဲကို နေမှာမဟုတ်ဘူးလေ။ ဒီစားပွဲမှာ ရွေးပြီးထိုင်အောင် အစောကြီးထဲက ကေသီနဲ့ငါ တိုင်ပင်ပြီးသား"

"ဘာ .. ဘာပြောတယ် ဒါဆို ကေသီက ..."

"ပြောပါတယ် ငါက စည်းရုံးရေးကောင်းပါတယ်လို့"

"ဩော် သောက်ကောင်မလေး လာမှကိုတွေ့ဦးမယ်"

သံသာချိုက သူမရှက်နေသည်ကို လူမိသွား၍ ပြောမိပြောရာ လျှောက်ပြောနေမှန်း လင်းစက်ညီသိနေ၏။

"သံသာ နင်က ငါ့ကိုဘာလို့စောင့်နေတာလဲ"

သံသာချိုကချက်ချင်းပဲ...

"ဘာမှမဟုတ်ဘူး ဆေးရုံမှာတုန်းက နင်က ညစောင့်ပေးဖို့မပြောနဲ့ ငါခွဲခန်းထဲက ထွက်လာတဲ့အထိတောင် မစောင့် နိုင်တာဘာသဘောလဲ"

လင်းစက်ညီ ရုတ်တရက်တွေဝေသွား၏။ ထိုနေ့ကတစ်ညလုံး အိပ်မပျော်ခဲ့တာ..သူ၊ မိုးလင်းသူပြန်ခဲ့သောအချိန်တွင် ကျန်ရစ်ခဲ့သူက ကိုဖွဲ့ဆက်၊ ဒါဆို သူတစ်ညလုံးစောင့်ပေးတာ သံသာချိုမသိနိုင်ဘူးလား။ ဒါမှမဟုတ် ကိုဖွဲ့ဆက်ကပဲ...။

လင်းစက်ညီ အစစအရာရာကို နားလည်သလိုရှိလိုက်သည်။

"အေးဟာ ငါလည်းကိစ္စရှိလို့ ပြန်သွားလိုက်တော့တာ။ နင်လည်းအသက်နဲ့အဝေးကြီးဖြစ်နေပြီပဲကို"

သံသာချိုက မျက်စောင်းထိုးရင်း တစ်ဖက်သို့လှည့်သွားသည်။ လင်းစက်ညီကဆက်ပြီး...

"သံသာ တကယ်လို့ ငါနင့်ကို တစ်ညလုံးမအိပ်ဘဲ စောင့်ပေးခဲ့တယ်ဆို နင်ယုံမှာလား"

သံသာချိုက တစ်ချက်တွေဝေသွား၏။ အပြင်းအထန်စဉ်းစားနေပုံရ၏။ ပြီးမှ..

"နင်တကယ်ပြောတာလား စဉ်းတော့စဉ်းစားစရာပဲ"

လင်းစက်ညီက...

"အင်း ငါလည်း အဲလိုလေးများယောင်လို့တောင်စဥ်းစားမနေနဲ့လို့ပြောမလို့"

"သေနာကောင်လေး ငါကအကောင်းမှတ်လို့"

သူတို့နှစ်ဦးလိုက်လိုက်လှဲလှဲ ရယ်မောဖြစ်ကြ၏။ ရုတ်တရက် မင်းလွင်ကန်တင်းထဲဝင်လာ၏။ လင်းစက်ညီတို့စားပွဲတွင် ဝင်ထိုင်ရင်း

"ရှာလိုက်ရတာကွာ ကျောင်းကလည်းဖွင့်ဖွင့်ချင်းဆိုတော့ လူကရှုတ်နေတာပဲကွာ ဟဲ့သံသာ ကျောင်းဖွင့်တဲ့အထိန်းအမှတ်နဲ့ နင်ငါ့ကိုဘာကျွေးမှာလဲ"

လင်းစက်ညီက ဆေးလိပ်သောက်နေရာက တဟွတ်ဟွတ်ဖြစ်သွား၏။ သံသာချိုက မျက်လုံးကလေးပြူးရင်း

"ဟင် နင်ကလည်း ကျောင်းကသူ့ဟာသူဖွင့်တာလေ ငါကနင့်ကိုဘာဆိုင်လို့ ကျွေးရမှာလဲ"

"မဆိုင်ဘူးလား ဒါဆိုနင်က ငါ့ကိုဘာမှမကျွေးဘူးပေါ့ အင်း အဲဒါကြောင့်နင်ရုပ်ဆိုးနေတာ"

"ဟဲ့ နင်ပြောသမျှတစ်ခုမှလည်းမဆိုင်ဘူး ဒီမယ် ငါရုပ်ချောလို့ fresher welcome တုန်းက princess ရတာ ဘာမှတ်နေလဲ"

မင်းလွင်က ဟက်ဟက်ပက်ပက်ရယ်မောလိုက်ရင်း...

"အမလေး princess ရတာကောင်းတယ်ထင်နေလား အလကားနေရင်း အဖေနဲ့အမေ အသစ်ရတာကိုပဲ ဟုတ်လှပြီထင်နေ"

"ဘာ ဘယ်လို"

မင်းလွင်က ဆေးလိပ်တစ်လိပ်ကို ဟန်ပါပါဖွာလိုက်၏။ တစ်ချက်ရှိုက်ပြီး မှုတ်ထုတ်လိုက်၏။ လင်းစက်ညီက ငြိမ်သက်စွာစိတ်ဝင်တစားနားထောင်နေသည်။

"ဒီလိုလေ welcome မှာက King နဲ့ Queen ရွေးတယ်လေ နင်က princess ဆိုတော့ King နဲ့ Queen က နင့်အဖေအသစ်နဲ့ အမေအသစ်ပေါ့"

မင်းလွင်စကားက ဟုတ်သလိုလိုရှိနေသဖြင့် လင်းစက်ညီက ပြုံး၏။ လင်းစက်ညီ၏ အပြုံးကို သံသာချိုသဘောမတွေ့လှ။ လင်းစက်ညီပြုံးတိုင်းလည်း တစ်ခုခုကို လှောင်ပြုံးပြုံးနေသလို အဓိပ္ပါယ်တစ်မျိုး ပါနေသလိုခံစားရတတ်၏။ သံသာချိုက လင်းစက်ညီပုခုံးကို ခပ်ဖွဖွလေး ရိုက်ရင်း...

"သေနာ နင်ကဘာရယ်တာလဲ"

" အမှန်တရားက လူကိုမရိုးမရွဖြစ်စေတယ်ဆိုလား အဲဒါငါကြားဖူးလို့ပါ"

သံသာချိုတစ်ယောက် အထိနာသွားသဖြင့် နှုတ်ခမ်းကိုက်ရင်း စူပုပ်ပုပ်ဖြင့်...

"တော်ပြီ နင်တို့နဲ့နေရင်အကုသိုလ်များတယ် ငါ ကေသီကိုသွားခေါ်ဦးမယ်"

ပြောရင်းသံသာချို ထထွက်သွား၏။ သံသာချိုထွက်သွားတော့မှ မင်းလွင်က

"ညီ မင်းအခြေအနေက ဘယ်လိုလဲ"

"ငါသူ့ကိုဖွင့်ပြောထားတာပဲ သူ့ဘက်က ခေါင်းညိတ်မှာလား လက်ခံမှာလားသာ ကွဲကွဲပြားပြားမသိတာ"

မင်းလွင် မျက်လုံးပြူးသွားရင်း

"မင်းဟာကလည်းကွာ တစ်ခုမှလည်း ငြင်းတာမပါဘူး"

"ဒါကတော့ ငါဖြစ်ချင်တာငါပြောတာပဲကွ"

"မင်းက ဘယ်တုန်းကဖွင့်ပြောလိုက်တာလဲ"

"ကျောင်းမပိတ်ခင်က.."

"ဟာဒါဆိုကြာပြီပဲ ဒီကြားထဲကော ဘာထူးသေးလဲ"

လင်းစက်ညီက ဆေးလိပ်ကိုခပ်ပြင်းပြင်းရှိုက်ဖွာလိုက်ရင်း....

"သူဆေးရုံမတက်ခင်အထိ ညတိုင်းဖုန်းပြောဖြစ်တယ် အဲဒါပဲထူးတယ်။ သူလည်း ငါ့ကိုသံယောဇဉ်ရှိမယ်လို့ ငါခံစားရတယ်"

"ဒါဆိုကြာပါတယ်ကွာ ခုသူပြန်လာရင် အားလုံးရှေ့မှာဖွင့်မေးလိုက်တော့"

လင်းစက်ညီက ဘာမှမပြော သူကိုယ်တိုင်လည်း အဖြေတစ်ခုအတွက် ရင်မောနေရသည်မှာ ပင်ပန်းလှသည်။ ဆိုင်ထဲတွင် သူတို့စားပွဲဝိုင်းလေး ခဏတာ တိတ်ဆိတ်သွား၏။ မကြာခင် ကေသီနွယ် သံသာချိုနှင့် စိုင်းဝင်းမော်တို့ ဆိုင်ထဲဝင်လာကြ၏။ ထိုင်ခုံတွင်ထိုင်ရင်း ကေသီနွယ်က...

"ကဲပြော နင်တို့ နှစ်ယောက်ထဲကဘယ်သူလဲ ငါ့သူငယ်ချင်းကို နှိပ်ကွပ်နေတယ်ဆိုတာ"

စိုင်းဝင်းမော်က ကေသီနွယ့်နဘေးတွင် ရှို့ရှို့ကလေး ငြိမ်ကုပ်နေ၏။ မင်းလွင်က ခပ်တည်တည်ဖြင့်

"ကေသီ နင်ခဏနေဦး ငါစကားအကောင်းပြောမလို့"

ပြောရင်း မင်းလွင် ဆေးလိပ်တစ်လိပ်ကို မီးညှိလိုက်၏။ ပြီးမှ သံသာချို့ဘက်လှည့်ပြီး..

"သံသာ နင် ညီ့ကိုဘယ်တော့ အဖြေပေးမှာလဲ"

"အဲ ဘာကိုပြောတာလဲ မီးမသိဘူး"

သံသာချိုက ပြုံးယောင်လေးသန်းရင်း မင်းလွင်၏မေးခွန်းကို ရှောင်တိမ်းရန်ကြိုးစားနေ၏။ ကြားထဲမှ စိုင်းဝင်းမော်က...

"ဘာမသိတာလဲ ဒီကောင်နင့်ကိုရည်းစားစကားပြောထားတဲ့ကိစ္စနေမှာပေါ့"

သံသာချိုက ခေါင်းလေးမော့ကာစဉ်းစားရင်း...

"အင်းဟို သိတော့ဘူး ခေတ်မကောင်းဘူးဟ ငါရှုးသွားပြီ"

မင်းလွင်က...

"ညီ အဲဒါပဲကွ အချိန်ဆိုတာ ဆိုင်ရာဆိုင်ရာတွေကို ဒုက္ခပေးနေကျပဲ"

သံသာချိုက မျက်မှောင်လေးကျုံ့ကာ မင်းလွင်ကို...

"ဘယ်လို ဆိုင်ရာဆိုင်ရာတွေလဲ ဟင်"

"သိချင်လား"

သံသာချိုက မင်းလွင်အားခေါင်းညိတ်ပြ၏။ မင်းလွင်က...

"အေးသိချင်ရင် နင် ညီ့ကိုအဖြေပေးလိုက် သိရမယ်"

သံသာချိုက နှုတ်ခမ်းလေးတွန့်ကွေးကာ ပြုံးလိုက်ရင်း...

"ဟဲ ငါပြန်ရှုးလိုက်ဦးမယ်"

လင်းစက်ညီ တော်တော်လေး အသည်းယားသွား၏။ သူတစ်စုံတစ်ခုကို ပွင့်လင်းတိကျစွာ မေးလိုက်ချင်နေမိ၏။ သို့မဟုတ်ပြောလိုက်ချင်နေမိ၏။ သို့သော် စကားလုံးကထွက်မလာ သက်ပြင်းရှည်ကြီးသာဆွဲဆန့်ရင်း....

"နင်တော်တော် တတ်လည်းတတ်နိုင်တယ်နော် သံသာ"

သံသာချိုက ကျေနပ်စွာပြုံးရင်း...

"နင့်ကိုငါ တားခဲ့ပါတယ်ညီရယ်"

လင်းစက်ညီ ရင်ဘတ်ထဲ ဟာသွား၏။ ဒေါသထွက်လာသလိုလည်း ဖြစ်နေမိသည်။ သူစကားဆက်ပြောချင်စိတ်မရှိတော့သဖြင့် ပြုံးပြလိုက်ရင်း...

"ကဲ ငါပြန်တော့မယ် ဒီနေ့ငါ ကိုယ့်ကိုကိုယ်ပြန်လွဲနေသလိုပဲ"

လင်းစက်ညီက သံသာချိုပြောလာမည့်စကားတစ်စုံတစ်ရာကို မပြန်ခင်လေး မျှော်လင့်နေမိသေး၏။ ကြားလိုက်ရသည်က သူကြားချင်သည်နှင့်တကယ်တကယ်စင်အောင်လွဲလွန်း၏။ သံသာချိုက...

"တာ့တာ ညီ"

လင်းစက်ညီထထွက်လာခဲ့လိုက်၏။ စံပယ်ဖြူကန်တင်းလေးမှ မြင်နေရသောမြင်ကွင်းအထိသာ လင်းစက်ညီ၏ ခြေလှမ်းများ တင်းမာမြန်ဆန်နေမည်ကို....။

စကားလုံးတစ်လုံးစာထဲအတွက်နဲ့တော့

ဒီလေးကြိုးကိုမဆွဲလိုက်နဲ့

ငါကိုက

ပွဲချင်းပြီးနေပြီးသားပဲ။

# အခန်း (၇)

"ဒါ့ငါ့အတွက်နောက်ဆုံးဆေးလိပ်ပဲကွာ"

လင်းစက်ညီ၏စကားကြောင့် မင်းလွင်နှင့် စိုင်းဝင်းမော်တို့ ကြောင်အမ်းအမ်းနိုင်သွား၏။ ပြီးမှ နစ်ယောက်သား ပြိုင်တူရယ်မောရင်း...

"ဟော့ကောင်ညီ မနေ့ညက ဖိုးလမင်းကြီး မင်းခေါင်းပေါ် ပြုတ်ကျတယ်ဆို ငါယုံရင်ယုံလိုက်မယ်ကွာ မင်းဆေးလိပ်ဖြတ်မယ်ဆိုတာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဟုတ်တယ်ပေ့ကောင် နည်းနည်းရိုးတယ်ကွာ မင်း တစ်ခြားဟာသပြောင်းပြော"

လင်းစက်ညီက မဲ့ပြုံးပြုံး၏။ သံသာချိုမနစ်သက်တတ်သော အပြုံးမျိုးဖြစ်၏။ သူဆေးလိပ်ကိုနောက်ဆုံးအကြိမ် ပြင်းပြင်းဖွာရှိုက်လိုက်ပြီး ရှေ့က ပြာခွက်ထဲထိုးချေပစ်လိုက်၏။ ပြီးမှ...

"ငါစိတ်ကူးတစ်ခုကို အကောင်အထည်ဖော်ချင်လို့ ဖြတ်တာ။ ငါ့စိတ်ကူး အထမြောက်သွားတဲ့နေကျရင်တော့ မင်းတို့လည်းသိရမှာပေါ့"

လင်းစက်ညီ၏မျက်နှာထားနှင့် စကားလုံးများက အေးစက်တည်ငြိမ်နေ၍ မင်းလွင်နှင့် စိုင်းဝင်းမော်ပါ တွေဝေသွား၏။မင်းလွင်က...

"ညီ စိတ်ကူးနဲ့လက်တွေ့ဆိုတာ လွဲချော်နေတတ်တယ် မင်းသတိတော့ထားသင့်တယ်"

လင်းစက်ညီက သူ့ထုံးစံအတိုင်းပြုံး၏။ စိုင်းဝင်းမော်က...

"မင်းလွင်ပြောတာဟုတ်တယ်ညီ အန္တရာယ်များမယ်လို့ငါထင်တယ်"

လင်းစက်ညီက ဘာမှမပြောသေးဘဲ တစ်ခုခုကိုစဉ်းစားနေပုံရ၏။ မင်းလွင်က ...

"ဒါနဲ့ညီ မင်းစိတ်ကူးက ဘာမို့လို့လဲ ငါ့အထင်မမှားဘူးဆိုရင် သံသာချိုနဲ့..."

"အေးဟုတ်တယ်…ငါသူ့ကို မွေးနေ့လက်ဆောင်ပေးချင်လို့"

"မင်းမွေးနေ့လက်ဆောင်နဲ့ ဆေးလိပ်ဖြတ်တာနဲ့က ဘာဆိုင်လို့လဲ"

"ဒါတော့ လက်ဆောင်ပြီးသွားတဲ့အချိန်ကျရင် မင်းတို့ကြည့်ပေါ့ကွာ"

မင်းလွင်က ထပ်ပြီးစောဒကမတက်တော့ဘဲ ငြိမ်သွား၏။ စိုင်းဝင်းမော်က..

"ဒါနဲ့သူ့မွေးနေ့က ဘယ်နေ့မို့လို့လဲ"

"မေလထဲမှာ"

မမျှော်လင့်ဘဲ သူတို့သုံးယောက်စကားစပြတ်သွား၏။

ကန်တင်းမှရှေ့မှ လမ်းလေးတစ်လျှောက်သစ်ပင်တွေ ခပ်ကျဲကျဲကြား နေရောင်လေးက လမ်းမပေါ် မထိတထိ ကျရောက်နေ၏။ လှုပ်ရှားယိမ်းနွဲ့သူတို့ကြားတွင် ဟင်းလင်းပြင်ကို ဖြတ်တိုက်လာသော လေတွေကြား သစ်ပင်တို့ယိမ်းနွဲ့ပုံမှာ ကဗျာဆန်လွန်းလှ၏။ မထင်မှတ်ပါဘဲ လေပြေရိုင်းလေးတစ်ခုက ကဗျာဆန်မှုအား ဖျက်စီးပစ်လိုက်၏။ တခြားသူမဟုတ်.. သံသာချို..။ သံသာချိုက အမျိုးသားတစ်ဦးနှင့်လက်တွဲလျှောက်ကာ ကန်တင်းဘက်သို့ ဦးတည်လာနေ၏။ လင်းစက်ညီ ကိုယ့်မျက်စိကိုကိုယ်မယုံနိုင်သေးဘဲ သေချာစွာ ပြူးပြဲကြည့်၏။ ထိုသူမှာ ကိုဖွဲ့ဆက်ဖြစ်နေမှန်း လင်းစက်ညီသိလိုက်၏။ ကေသီနွယ်ကလည်း ဘေးတွင်ထပ်ချပ်မကွာ ပါလာ၏။ သုံးယောက်သား လင်းစက်ညီတို့စားပွဲကို ဝင်ထိုင်လိုက်ရင်း ကေသီနွယ်က…

"နင်တို့အတန်းသွားမတက်ကြဘူးလား"

မင်းလွင်နှင့် စိုင်းဝင်းမော်က မျက်နှာပျက်နေကြ၏။ လင်းစက်ညီက ခပ်ပြုံးပြုံးပင်...

" အေးဟာ မတက်ချင်တော့တာနဲ့ ဒီလာထိုင်နေတာ"

"အေးငါတို့လည်း သိပ်အရေးမကြီးတာနဲ့ မတက်ဖြစ်ပါဘူး ဟဲ့သံသာ မိတ်ဆက်ပေးလိုက်ဦးလေ"

သံသာချိုက ဖွဲ့ဆက်နှင့် စကားကောင်းနေရာမှ

"ဩော်အေး ဟုတ်သားပဲ ကို ဒါက လင်းစက်ညီ သူကမင်းလွင် သူက စိုင်းဝင်းမော် နင်တို့လည်းမှတ်ထား ။ ဒါငါ့ချစ်သူ နာမည်က ဖွဲ့ဆက်"

မင်းလွင်နှင့် စိုင်းဝင်းမော်က စိတ်ထဲတွင်မကျေနပ်သော်လည်း မကျေမနပ် တုံ့ပြန်ရလောက်သည်အထိ အသိတရားခေါင်းပါးသူများမဟုတ်ကြ ဖော်ဖော်ရွေရွေမဟုတ်သော်လည်း တင်းမာမနေကြ။ မင်းလွင်က...

"ဩော် ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် အကိုက သံသာနဲ့ကျွန်တော်တို့ကျောင်းကို လိုက်လည်တာလား"

"အင်းဟုတ်တယ်ညီလေး ကိုယ့်အလုပ်ကမိုးကုပ်မှာလေ ရန်ကုန်ရောက်တုန်း သံသာ့ကျောင်းကိုလိုက်လည်တာ"

စိုင်းဝင်းမော်က လိမ္မာပါးနပ်စွာတစ်ခုခုပြောရန်တွေးနေပုံရ၏။ ဖွဲ့ဆက်စကားကြောင့် စိုင်းဝင်းမော်မျက်လုံးများအရောင်တောက်သွားပြီး...

" ကျွန်တော်တို့ကျောင်းကတော့ အေးချမ်းပါတယ်အကိုရ သိပ်လည်းပြဿနာမရှိဘူး။ တစ်ခုခုဖြစ်ပြီဆိုလည်း ကျောင်းထိပ်မှာ နေရာနစ်ခုရှိတယ်လေ"

ဖွဲဆက်က စိတ်ဝင်တစားဖြင့်..

"ဘာတွေများလဲ ညီရ"

"ပထမတစ်ခုက လှိုင်သာယာ ရဲစခန်းလေ ပြဿနာသေးရင်တော့ အဲဒီ့မှာတင်ပြီးတယ်...။ အင်း အဲဒီ့ထက်ပြဿနာကြီးရင်တော့ ဟိုဘက်မှာရေဝေးရှိတယ်အကိုရ ဒီတော့ဘယ်သူ့မှ ပြဿနာမတက်ရဲဘူးပေါ့"

ဖွဲဆက်က လူကြီးပီသစွာ သဘောပေါက်လိုက်၏။ စိုင်းဝင်းမော်အနနည်းဖြင့် တိုက်ခိုက်နေမှန်း သူရိပ်စားမိ၏။ လင်းစက်ညီအား ဖွဲဆက်ကောင်းကောင်းမှတ်မိနေ၏။ တစ်နည်းအားဖြင့် လင်းစက်ညီအား သူမလုံမလဲဖြစ်နေမိ၏။ တစ်ကြိမ်တစ်ခါဆုံဖူးသည့်အတွက် လင်းစက်ညီဘက်က သူနှင့်ဆေးရုံတွင်ဆုံဖြစ်ခဲ့သည်ကို ဒလဟောဖွင့်ပြောလိုက်ပါက သူငြင်းရခက်ပေတော့မည်။ သို့သော်လင်းစက်ညီက ပြုံးသာပြုံးပြရင်း...

"တွေ့ရတာဝမ်းသာပါတယ် အကို"

ဟုသာ ရိုးရိုးလေးပြုံးပြလိုက်၏။ ဖွဲဆက်လည်း လူကြီးပီသစွာ ထိုအပြုံး၏အဓိပ္ပါယ်ကို နားလည်လိုက်၏။ ကိုယ့်ကိုကိုယ်မွန်းကြပ်သလိုခံစားလိုက်ရသဖြင့် ထပြန်ရန် ဖွဲဆက်ဆုံးဖြတ်လိုက်ပြီး..

"ချို အတန်းမရှိတော့ဘူးဆို ပြန်ရအောင်ကွာ နော် ကို သွားစရာတစ်ခုရှိတာ ချို့ကိုပါခေါ်သွားချင်လို့"

သံသာချိုက အလိုက်သင့်လေး ခေါင်းညိတ်ပြရင်း...

"အင်း ဟုတ်ပြီလေ ကဲညီ မင်းလွင် မော်ကြီး ငါတို့ပြန်တော့မယ်"

လင်းစက်ညီက အသံတိတ်သာ ခေါင်းညိတ်ပြလိုက်၏။ သံသာချိုက

"ကောသီ နင်ကော"

" သွားမှာသာသွားကြပါဟယ် ငါလိုက်မရှုတ်ချင်ပါဘူး ငါနေခဲ့မှာ"

သံသာချိုနှင့် ဖွဲ့ဆက်တို့က ပြုံးပြနှုတ်ဆက်ရင်း ထွက်သွားကြသည်။ မြင်နေရသော မျက်စိတစ်ဆုံးလေး ပျောက်ကွယ်သွားတော့မှ မင်းလွင်က...

"ဖွဲ့ဆက်ဆိုတဲ့ကောင်ပုံစံကြည့်ရတာ သိပ်အထာမကျဘူးကွာ ရောက်ရောက်ချင်းကြီးထပြန်သွားတာ ဘာသဘောလဲမသိဘူး"

စိုင်းဝင်းမော်ကလည်း...

"ဟုတ်တယ်ကွာ သံသာလည်းဘာထူးလဲ မမိုက်ပါဘူးကွာ သူ့မှာရည်းစားရှိတာရှိတာပေါ့ ခင်မင်မှုကိုသာထောက်ထားရင် ညီရှိတဲ့နေရာကို သူခေါ်မလာသင့်ဘူး။"

လင်းစက်ညီက အစစအရာရာစိတ် လျှော့ထားပုံရ၏။

"ဒါသူ့လွတ်လပ်ခွင့်ပဲလေ နားလည်ပေးလိုက်ပါကွာ"

မင်းလွင်က မျက်မှောင်ကျုံ့ကာ...

"ညီ မင်းကလည်းမင်းပဲ ရူတ်တယ်ကွာ မင်းသံသာ့ကိုမေ့လိုက်တော့ ဟော့ကောင် သူ့ထက်သာတဲ့မိန်းမတွေ အများကြီး"

"အဲလောက်လွယ်ရင် လောကကြီးက ပျင်းဖို့ကောင်းသွားမှာပေါ့ **Game Over ဖြစ်သွားရင် ပြန်ဆော့ဖို့ခက်တာ လက်တွေ့ဘဝမှာပဲရှိတယ်။**"

လင်းစက်ညီ စကားသံက ပြတ်သားလွန်းနေ၏။ စိုင်းဝင်းမော်က

"ဖွဲဆက်ဆိုတဲ့ကောင် ရောက်ရောက်ချင်းထပြန်သွားတာတော့ နည်းနည်းရိုင်းတယ်လို့ငါထင်တယ်"

လင်းစက်ညီက အားရပါးရပြုံးရင်း...

"သူနဲ့ငါတစ်ခါဆုံဖူးတယ်။"

လင်းစက်ညီမရည်ရွယ်ဘဲ လွှတ်ခနဲ့ပြောလိုက်မိပြီးမှ ကေသီနွယ့်ကိုသတိထားမိသွားပြီး စကားကိုပြန်ထိန်းလိုက်၏။ ကေသီနွယ်က မေးခွန်းမထုတ်သော်လည်း လင်းစက်ညီအား အကဲခတ်နေ၏။ စိုင်းဝင်းမော်က..

"ကေသီ ကော သံသာ့ကိုမပြောဘူးလား ဒီကိုအဲဒီ့ဖွဲ့ဆက်ဆိုတဲ့ကောင် ခေါ်မလာသင့်ဘူးလို့"

"အင်း ကေသီလည်းသဘောပေါက်ပါတယ် ပွင့်ပွင့်လင်းလင်းပြောရရင် လင်းစက်ညီဆိုတာ ကေသီနဲ့ငယ်ငယ်လေးထဲက သူငယ်ချင်း ဒီတော့ ကိုယ့်သူငယ်ချင်းဘက်ပဲကိုယ်ပါမှာပေါ့ ဒါပေမဲ့ခုဟာက ကာယကံရှင်တွေနဲ့ပိုဆိုင်တယ်လေဟာ ကေသီပြောလည်းဘာထူးမှာလဲ"

စားပွဲဝိုင်းလေးက စကားလုံးများဆွံ့အ တိတ်ဆိတ်ငြိမ်သက်သွား၏။

"ဒါဆို အစစအရာရာ အဖြေက သံသာ့အပေါ်မှာမူတည်သွားပြီပေါ့"

သူတို့အားလုံးသက်ပြင်းကိုယ်စီ မှုတ်ထုတ်မိကြ၏။ ကေသီနွယ်က ..

"ညီ နင်စိတ်လျှော့လိုက်ပါတော့လား ဟာ..."

လင်းစက်ညီက ကေသီနွယ့်အား ပြုံးရင်းကြည့်ရင်း

"အချစ်ဆိုတာ သက်တံ့ကွေးလေးလို တစ်ခြမ်းထဲရှိနေရုံနဲ့တင် ပြည့်စုံတတ်ပါတယ်"

လင်းစက်ညီက လွယ်အိတ်ထဲမှ correction pen ကိုထုတ်၏။ စားပွဲပေါ်တွင် တစ်စုံတစ်ရာကို သူချရေးနေ၏။ ထို့နောက် လွယ်အိတ်ကို လွယ်က ဆိုင်ထဲမှ ထထွက်သွား၏။ နောက်ကြောင်းပြန်လှည့်မကြည့်တော့...။ စားပွဲပေါ်တွင်...

**ကိုယ့်ခံစားချက်နဲ့ကိုယ်ရှူးသွပ်**

**ငါ...**

**ဘယ်သူ့ကိုမှ ဦးမညွှတ်ဘူး။**

**လင်းစက်ညီ**

ထိုစားပွဲတွင် ပင့်သက်တော့မောဟိုက်စွာဖြင့် လူသုံးယောက်သာ ကျန်ရစ်ခဲ့၏။

# ချစ်သူများနေ့ ဖေဖော်ဝါရီ (၁၄) ရက်

"ရော့ သံသာ နင့်အတွက်အမှတ်တရ"

IT စာသင်ခန်းထဲတွင် ဆရာမရှိ စိုင်းဝင်းမော်က သံသာချို့ဘေးရှိ ကေသီနွယ်နှင့် တွတ်ထိုးနေ၏။ လင်းစက်ညီက ပန်းနရောင်စာအိတ်လေးတစ်အိပ် သံသာချိုကို လှမ်းပေးလိုက်၏။ သံသာချိုက..

"ဘာစာလဲ"

"ဒီနေ့ ချစ်သူများနေ့လေ ၊ St.Valentine အတွက်ငါအမှတ်တရရေးထားတာ။ နင်အမှတ်တရသိမ်းထားလိုက်ပေါ့"

သံသာချိုက စာအိတ်ကိုဖွင့်လိုက်၏။ စာရွက်ဖြူဖြူလေးပေါ်တွင် လက်ရေးတစ်ချို့

## တစ်မိနစ်စာ ငြိမ်သက်ခဲ့သည်

မိုးကြိုးလွဲသွားတဲ့ ကောင်းကင်နဲ့
မြင်ရုံလေးမြင်ခဲ့ရတဲ့ ပင်လယ်မှာ
ကံကြမ္မာလေးကို
သွေးသံတရဲရဲနဲ့ သော့ပိတ်ထားတယ်။

ဖျားနာနေသူလို
တရှုံ့ရှုံ့နဲ့ထစ်ချုန်းမိုး
ဘုရင်ခိုးချသွားတဲ့တိုင်းပြည်ထဲမှာ
ဓားသံဟာ ဝင်းခနဲလက်သွားခဲ့သလား။

သူပူးပေးခဲ့တဲ့အနီရောင်လေးနဲ့အနက်ရောင်လေးတွေများ
ပါးစပ်ပိတ်ပြီးငိုနေကြမလားလေ
ကျွန်တော်ကတော့ ဓားမှာပေသွားတဲ့
ဖေဖော်ဝါရီ၁၄ရက်လေးကို
အားနာသွားတယ်။

လင်းစက်ညီ

သံသာချိုက နှုတ်ခမ်းချွန်ချွန်လေး ဆူသွားပြီး...

"မီးနားမလည်ဘူး"

"နားလည်ဖို့မလိုပါဘူး ငါနင့်ကိုအမှတ်တရပေးတာပဲ"

သံသာချိုနှုတ်ခမ်းလေးက ဆူနေဆဲဖြစ်၏။

"နင့်ကဗျာက ချစ်သူများနေ့အတွက်လည်းပြောသေးတယ် နူးနူးညံ့ညံ့လည်းမဟုတ်ဘူး"

"နင်က ချစ်သူများနေ့ကို ဘယ်လိုသိထားလို့လဲ"

"ချစ်သူများနေ့က ချစ်သူတွေအားလုံးအတွက် အမှတ်တရနေ့မဟုတ်ဘူးလား"

လင်းစက်ညီက ပြုံးသည်ဆိုရုံလေးသာပြုံးရင်း

"အင်း နားထောင်။ အရင်က တိုင်းပြည်တစ်ခုမှာ အုပ်ချုပ်နေတဲ့ဘုရင်က တိုင်းသူပြည်သားတွေကို အိမ်ထောင်မပြုရဘူးလို့ အမိန့်ထုတ်ထားတယ်။"

"ဟင် နင့်ဟာကဘယ်လိုကြီးတုန်း"

"ငါ့ကို စကားဖြတ်မပြောနဲ့ ငါပြောတာနားထောင်"

သံသာချို အလိုက်တသိ အသံတိတ်သွား၏။ ခေါင်းလေးပုပြရင်း သူမ၏လက်သွယ်သွယ်လေးနှင့် ပါးစပ်ပိတ်ပြ၏။ လင်းစက်ညီက ဆက်ပြီး

" အဲလို အိမ်ထောင်မပြုရဘူးဆိုပေမဲ့ အဲဒီ့တိုင်းပြည်က ဘုရားကျောင်းမှာ Valentine ဆိုတဲ့သူက ချစ်သူတွေကို တိတ်တိတ်လေး လက်ထပ်ပေးတယ်တဲ့။ တစ်နေ့မှာ အဲဒီ့သတင်းကို ဘုရင်ကြီးကသိသွားပါလေရော။ ဒါနဲ့ဘုရင်ကြီးကစုံစမ်းတော့ Valentine ကို ဖမ်းမိတယ်။ ဘုရင်ကလည်း သူ့အမိန့်ကိုလွန်ဆန်လို့ဆိုပြီး Valentine ကို သတ်ပစ်လိုက်တယ်။ အဲဒီ့ Valentine အသတ်ခံရတဲ့နေ့က ဖေဖော်ဝါရီလ ၁၄ ရက်နေ့။ အဲဒီမှာတင် ချစ်သူများနေ့ဆိုပြီးသတ်မှတ်လိုက်တာ"

သံသာချိုက မျက်လုံးအဝိုင်းသားလေးနှင့်နားထောင်နေရက နှုတ်ခမ်းလေးပါ ဝိုင်းစက်သွား၏။ သူမခေါင်းတညိတ်ညိတ်နှင့် ဂရုဏာသက်သွားပုံရသည်။

"သနားပါတယ်နော်"

လင်းစက်ညီက ပြုံးရုံလေးသာပြုံးပြလိုက်၏။ စာသင်ခန်းထဲတွင် သူတို့လို ကွက်ကြားစုဖွဲ့ထိုင်နေကြသူတွေနှင့် တက္ကသိုလ်ဆန်လှသည်။ အတန်းမရှိသော်လည်း အတန်းထဲတွင်စုဖွဲ့ထိုင်ကာ စကားပြောနေကြသည်။ သူတို့လို ကန်တင်းတွင်ထိုင်ရန် ပျင်းရိနေသူများဖြစ်မည်ဟု လင်းစက်ညီထင်ကြေးပေးလိုက်မိ၏။ ဘေးနားရှိသံသာချိုက ဖုန်းတစ်လုံးနှင့် အလုပ်ရှုတ်နေရာမှ...

"ညီ မိုဘိုင်းလ်ဖုန်းကို ဘယ်သူတီထွင်ခဲ့တာလည်း နင်သိလား"

လင်းစက်ညီက ခေါင်းခါပြရင်း...

"မသိဘူး။ နင်က ဘာလုပ်မလို့လဲ"

"သြော် ငါက မိုဘိုင်းလ်ဖုန်းလည်း ဂရေဟမ်ဘဲပဲ ထွင်ခဲ့တာများလားလို့"

လင်းစက်ညီက ရီဝေဝေလေး စိုက်ကြည့်ရင်း...

" နင်က စကားပြောသောကြေးနန်းစက်ကို ထွင်ခဲ့တာ ဂရေဟမ်ဘဲလ် လို့ ထင်နေတာလား"

သံသာချိုကြောင်းအမ်းအမ်းနိုင်သွားရင်း...

"ဟမ်.. မဟုတ်ဘူးလား"

"မဟုတ်ဘူး။ စကားပြောသောကြေးနန်းစက်ဆိုပြီး ခုငါတို့ခေါ်နေတဲ့ တယ်လီဖုန်းကို တီထွင်ခဲ့တာ ဂရေဟမ်ဘဲလ်မဟုတ်ဘူး။ ဂရေဟမ်ဘဲလ်က စကော့တလန် နိုင်ငံသား ဒါပေမဲ့ သူကနေဒါရောက်ပြီး အခြေချတဲ့အချိန်မှာ အမ်တိုနီယို ဆိုတဲ့သူနဲ့ဆုံတယ်။ သူက တယ်လီဖုန်းဆိုတဲ့ ပရောဂျက်ကို အောင်မြင်ထားတယ်။ ဒါပေမဲ့ ကမ္ဘာသိအောင် ချမပြရသေးဘူး။ ဘာလို့လဲဆိုတော့ ရောဂါပြင်းပြင်းထန်ထန်ခံစားနေရလို့။ အမ်တိုနီယိုက သူ့ရောဂါဆေးကုဖို့ပိုက်ဆံမရှိတာနဲ့ အဲ့ဒီပရောဂျက်ကို ဂရေဟမ်ဘဲလ်ဆီမှာ ရောင်းပြီးဆေးကုတယ်။ ဒါပေမဲ့ မရလိုက်ဘူး။ အမ်တိုနီယိုသေသွားတယ်။ အဲ့ဒီနောက်ပိုင်း ဂရေဟမ်ဘဲလ်က သူဝယ်လိုက်ရတဲ့ပရောဂျက်ကို ကမ္ဘာကသိအောင် ချပြလိုက်တာ။ အဲ့ဒီမှာတင် တီထွင်တဲ့သူဟာ သူဖြစ်သွားတာ။"

လင်းစက်ညီ အသည်းအသန်ရှင်းပြနေသည့်အပေါ် သံသာချိုက စိတ်ဝင်တစား ခေါင်းတညိတ်ညိတ်နှင့်နားထောင်နေ၏။ စကားဆုံးသွားတော့ သံသာချိုက လွယ်အိတ်ထဲက ဓာတ်ပုံတစ်ပုံကို ထုတ်ပြရင်း...

"ဒါ ငါမွေးထားတဲ့ ကြောင်လေးတွေလေ၊ သိပ်ချစ်ဖို့ကောင်းတာပဲ"

လင်းစက်ညီက ကိုယ်လုံးတစ်ချက်တိမ်းစောင်းကြည့်လိုက်ရင်း...

"သံသာ နင်ကနင့်ကြောင်လေးတွေကို အရမ်းချစ်တာပဲလား"

"အင်း ချစ်တာပေ့ါဟ ငါကသူတို့ကို ကလေးပေါက်စလေးတွေလို ချစ်တာ"

လင်းစက်ညီက ပြုံးလိုက်ရင်း..

"ဒါဆို နင် ငါနဲ့နင့်ကြောင်လေးတွေနဲ့ ဘယ်သူ့ကိုပိုချစ်လဲ"

"ဒါကတော့ မတူဘူးလေဟာ"

လင်းစက်ညီ ပြုံးနေရာက တဟားဟားနှင့်ရယ်မောပစ်လိုက်၏။ သံသာချိုက သူ့စကားဘယ်အခြေအနေရောက်သွားမှန်းမသိ။ သေးမှရယ်မောနေသော လင်းစက်ညီအား အထူးအဆန်းသတ္တဝါတစ်ကောင်လို ကြည့်နေ၏။ ခေါင်းထဲတွင်လည်း သူမစကားကို အပြင်းအထန် စဉ်းစားနေပုံရ၏။ ရုတ်တရက် မျက်မှောင်လေးကျုံ့သွားပြီး....

"ဟာ အစုတ်ပလုတ်ကြီးဟာ... ငါစကားများသွားတာ နင်နော်..."

သံသာချိုက ရှက်ရှက်နှင့် လင်းစက်ညီအား အော်ပစ်လိုက်၏။ လင်းစက်ညီက မျက်နှာပိုးသတ်ရင်း...

"များသွားတာကလည်း အများကောင်းမလား"

"အင်း.."

နောက်တစ်ကြိမ်လင်းစက်ညီ ထပ်မံရယ်မောပစ်လိုက်၏။ နောက်တစ်ကြိမ် ထပ်မှားသွားပြီမှန်းသံသာချိုသိလိုက်ပြီး လင်းစက်ညီကိုလက်ဖြင့်ရွယ်လိုက်၏။ လင်းစက်ညီလည်း ရှောင်တိမ်းရင်း သံသာချိုကလည်းလိုက်ရိုက်ရင်း ကျောင်းခန်းအပေါက်မှတစ်ဆင့် ပြေးရင်းလွှားရင်း ပျော်မြူးစွာဖြင့်...။

**မျှော်လင့်ချက်ဆိုသည်မှာ Newton Third Law ၏ ချွင်းချက်သာဖြစ်ကြောင်း.....။**

# အခန်း (၈)

လင်းစက်ညီတစ်ယောက် ကျောင်းဂိတ်ဝတွင် ငူငူကြီးရပ်နေမိ၏။ အေးအေးဆေးဆေး နေတတ်သူဖြစ်၍ ဖြတ်သွားဖြတ်လာ ကျောင်းသားကျောင်းသူများထဲမှ သူ့ကိုထူးထူးခြားခြား နှုတ်ဆက်မည့်သူမရှိပေ။ လင်းစက်ညီ၏လက်ထဲတွင် စတုရန်းပုံ ရောင်စုံစက္ကူလေးများ တစ်ထပ်ကြီးကိုင်ထား၏။ သူ၏မျက်ဝန်းများက ဖြတ်သွားဖြတ်လာများကိုလိုက်ကြည့်ရင်း တစ်စုံတစ်ခု ပြုမူရန်အတွက် ကြောက်လန့်နေမှန်းသိသာလွန်းသည်။ မတ်တပ်ထလိုက် လမ်းလျှောက်လိုက် အုတ်ခုံလေးတွင်ပြန်ထိုင်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေ၏။ ကျောင်းကားတစ်စီး ထိုးရပ်သွားပြီး ကျောင်းသားကျောင်းသူများ ဒလဟော ဆင်းလာကြ၏။

"ဟော့ကောင် ဘာလုပ်နေတာလဲ"

လင်းစက်ညီလှည့်ကြည့်လိုက်တော့ မင်းလွင်နှင့် စိုင်းဝင်းမော်...

" ငါသံသာ့အတွက်မွေးနေ့လက်ဆောင်လုပ်မလို့ကွာ"

"ဟေ ဘာလုပ်မှာမို့လို့လဲ"

"လာ လိုက်ခဲ့"

လင်းစက်ညီက အရိပ်အောက်ရှိ အုတ်ခုံသို့ ထွက်ချသွား၏။ အုတ်ခုံတွင် သုံးယောက်သားအတူထိုင်လိုက်ပြီး...

"ဒီလိုကွာ သံသာ့အတွက်ငါ့မွေးနေ့လက်ဆောင်က..."

လင်းစက်ညီက သူ့လက်ထဲရှိ ရောင်စုံစက္ကူလေးတွေကို ပြရင်း...

"ဒီစက္ကူလေးတွေပေါ်မှာ ငါတွေ့တဲ့လူတိုင်းကို သံသာ့အတွက်မွေးနေ့ဆုတောင်းလေးတွေ ရေးခိုင်းမယ်ကွာ...။ ဆိုလိုတာက သံသာ့ကိုသိသည်ဖြစ်စေ မသိသည်ဖြစ်စေ သံသာ့မွေးနေ့အတွက် အမှတ်တရ ဝိုင်းဆုတောင်းပေးကြသလိုမျိုးပေါ့"

စိုင်းဝင်းမော်က ပါးစပ်အဟောင်းသားနှင့် မျက်ခုံးပင့်ပြ၏။ မင်းလွင်က...

"မင်းက အရေအတွက်ဘယ်နှစ်ခုလောက်လိုချင်တာလဲ"

လင်းစက်ညီက သက်ပြင်းချရင်း..

"၅၆၈ ခု"

မင်းလွင်က...

"ဒါဆိုဒီလိုလုပ်ကွာ.. မင်းအဲဒီ့စာရွက်တွေငါတို့ပါပေးလိုက် ပြီးရင် ငါတို့ကလည်း တဆင့်ထပ်ပြီး လက်ဆင့်ကမ်းပေးမယ် ဒါဆိုမြန်လည်းမြန် ၅၆၈ ခုလည်းလွယ်လွယ်ပြည့်သွားတာပေါ့"

လင်းစက်ညီက ပြုံးရင်း...

"မဟုတ်ဘူး အဲဒါတွေအစအဆုံး ငါတစ်ယောက်ထဲပဲလုပ်ချင်တာ"

မင်းလွင်နှင့် စိုင်းဝင်းမော်တို့ မျက်လုံးပြူးသွားကြ၏။ လင်းစက်ညီကဆက်ပြီး...

"ဟုတ်တယ် ငါ့စိတ်ကူးကို ငါတစ်ယောက်ထဲပဲအကောင်အထည်ဖော်တာဖြစ်စေချင်တာ"

"ဒါနဲ့ မင်းဆေးလိပ်ဖြတ်တဲ့ကိစ္စက"

" ဒါလား သံသာကဆေးလိပ်သောက်တာ မကြိုက်ဘူးကွ။ ငါဆေးလိပ်စဖြတ်တဲ့နေ့ကနေ သံသာ့မွေးနေ့ထိစုစုပေါင်း ၁၄၂ ရက် ရှိတယ်။ ငါဆေးလိပ်သောက်တာ ၄နှစ်ရှိပြီ။ ဒီတော့ ၁၄၂ကို ၄နဲ့မြှောက်လိုက် ၅၆၈ ရတယ်။ အဲဒါကြောင့်စာရွက်အရေအတွက်က ၅၆၈ခုဖြစ်နေတာ"

မင်းလွင်နှင့် စိုင်းဝင်းမော်က သဘောပေါက်စွာပြုံး၏။

"ဒါဆိုမင်း ဘယ်တော့စလှူပ်ရှားမှာလဲ"

"အဲဒါခက်နေတာ..."

လင်းစက်ညီက ဖြတ်သွားဖြတ်လာမှန်သမျှကိုလျှောက်ကြည့်ရင်း စိတ်လှုပ်ရှားနေ၏။ လူအများနှင့် အရောတဝင်မရှိလှသည့် သူ့အတွက် အတော်ပင်ခက်ခဲစေသောအလုပ်ဖြစ်၏။ ပတ်ဝန်းကျင်ကို မျက်လုံးကစားကြည့်သည်။ လက်ထဲကစာရွက်များကို ပြန်ငုံ့ကြည့်၏။ သူသက်ပြင်းခပ်ထုထုလေး ချလိုက်၏။

"ငါကျန်တာမစိုးရိမ်ဘူး ငါအဲလိုလိုက်ရေးခိုင်းနေတုန်း သံသာ့ကိုမသိစေချင်ဘူး။ သူ့ကို ငါအံ့အားသင့်သွားအောင် လုပ်ချင်တာ။"

"မင်းအချိန်၂ပတ်အတွင်း ပြီးနိုင်လား"

"ဘာလို့လဲ"

မင်းလွင်ကခပ်ဟဟ ရယ်မောရင်း...

"မင်းမသိသေးဘူးပဲညီ"

လင်းစက်ညီက မျက်မှောင်ကျုံ့ပြ၏။ မင်းလွင်က

"သံသာက နလုံးခွဲထားတယ်ဆိုတာလေ မူးမူးပြီးအားနည်းနေလို့တဲ့ ဆေးခွင့်ယူပြီး မိုးကုတ်ကို ခဏပြန်သွားတယ်။ ငါ့အထင်တော့ အနည်းဆုံး နှစ်ပတ်ကနေ တစ်လပဲ"

လင်းစက်ညီချက်ချင်း မတ်တပ်ထရပ်လိုက်၏။ သူ၏နှုတ်မှ...

"ဒီနေ့လုပ်ငန်းစမယ်"

အရပ်ခပ်ပုပုကောင်မလေး လေးယောက် လင်းစက်ညီမျက်စိရှေ့မှပင် သုတ်သုတ်သုတ်သုတ်နှင့် ဖြတ်သွား၏။ ကြည့်ရသည့်ပုံက သဘောကောင်းမည့်ပုံလေးများဖြစ်သည်။ သူတို့အချင်းချင်း စကားဖောင်ဖွဲ့ရင်း ကျောင်းထဲသို့ဝင်ရန်ဦးတည်နေကြ၏။ လင်းစက်ညီက သူတို့ရှေ့မှ ပိတ်ရပ်လိုက်ကာ...

"ဟိုု ညီမလေးတို့ အကိုစကားနည်းနည်းလောက်ပြောလို့ရမလား"

ကောင်မလေးများ သူတို့အချင်းချင်းကြည့်ကြ၏။ မျက်စပစ်ပြကြ၏။ တစ်ယောက်က လင်းစက်ညီကို ခြေစခေါင်းဆုံး အကဲခတ်နေသောကြောင့် လင်းစက်ညီ မလုံမလဲဖြစ်သွား၏။ မိန်းကလေးအင်အား များနေသောကြောင့် စိတ်ထဲတွင်ရှိန်းတိန်းတိန်းဖြစ်လာကာ ဇောချွေးများပျံလာ၏။ နိပ်ကွပ်ခံရမည်ကို လင်းစက်ညီကြောက်နေမိ၏။ သူတို့လေးယောက်ထဲရှိ သွက်လက်ပုံပေါက်သောကောင်မလေးက...

"အင်း ပြောလေ ဘာကိစ္စရှိလို့လဲ"

"ဟို...ဟိုလေ... ဒီလိုပါ သိပ်မကြာခင်လပိုင်းလောက်မှာ ကျွန်တော့်ချစ်နေတဲ့ ကောင်မလေးရဲ့ မွေးနေ့ရှိပါတယ်။ ကျွန်တော်ကသူ့ကိုမွေးနေ့လက်ဆောင်ပေးချင်တယ်။"

ခပ်စွာစွာကောင်မလေးတစ်ယောက်က ကြားဖြတ်ပြီး...

"ဘာလဲ ပိုက်ဆံမရှိလို့လား"

သူတို့လေးယောက်သား ဝိုင်းရယ်ကြ၏။ လင်းစက်ညီမျက်နှာကြီးက အတော်ကို ဖရိုဖရဲဖြစ်သွား၏။

"ဟဲ့ နင်ကလည်း ဟိုကစကားတောင်မဆုံးသေးဘူး။ အကို ဆက်ပြောပါ"

လင်းစက်ညီလည်း ရှက်ရှက်နှင့်...

"ဟုတ်ကဲ့။ အဲဒီမွေးနေ့လက်ဆောင်က ဘာလဲဆိုတော့ လူတွေအများကြီးက အဲ့ကောင်မလေးမွေးနေ့ အတွက် ဝိုင်းပြီး ဒီစာရွက်လေးတွေပေါ်မှာ ရေးထားမယ့်ဆုတောင်းစာပါ"

လင်းစက်ညီက သူ၏လက်ထဲမှ ရောင်စုံစာရွက်များကိုပြရင်း...

"ကျွန်တော်က လူတွေဝိုင်းရေးပေးကြမယ့်ဆုတောင်းစာတွေကို ကြိုးကြာငှက်ရုပ်လေးတွေခေါက်ပြီး ဖန်ပုလင်းလေးထဲထည့်ပြီး သူ့ကိုပေးချင်တာပါ။ အဲဒါကြောင့် ညီမလေးတို့ကော သူ့အတွက်ဆုတောင်းပေးနိုင်မလားလို့ပါ"

ကောင်မလေးများ၏ မျက်လုံးများ ဝိုင်းစက်သွားကြ၏။

"ဟာ မိုက်တယ်ဟ"

"လုံးဝ romance ပဲ။ အဲ့ဒီကောင်မလေး တော်တော်ကံကောင်းတာပဲ"

"ရှင့်စိတ်ကူးလေးတော်တော်ကောင်းပါတယ်။ ကျွန်မတို့ ရေးပေးမယ်လေ။ ပေးရှင့်စာရွက်"

လင်းစက်ညီ အားရဝမ်းသာနှင့် စာရွက်လေးတွေပေးလိုက်၏။ လေးယောက်သား စာအုပ်လေးတွေထုတ်ပြီး ချက်ချင်းပင်ငုတ်တုတ်ထိုင်ရေးပေးကြ၏။ လင်းစက်ညီ စိတ်ထဲလေးလံနေသလို ပျော်လည်းပျော်နေ၏။ ကောင်မလေးတစ်ယောက်ဆို နှစ်မျက်နှာလုံးတွင်ရေးပေး၏။ ဒါတောင် သိပ်အားရပုံမပေါ်သေး။ အားလုံးရေးပြီးသွားကြသည်နှင့် စာရွက်လေးတွေ ကိုယ်စီပြန်ပေးကြရင်း ကောင်မလေးတစ်ယောက်က

"ဒါနဲ့ ရှင် ဘယ်နှစ်ရွက်လောက်လုပ်မှာလဲ ရှင့်လက်ထဲကစာရွက်တွေ အကုန်လား"

" အဲဒီကောင်မလေးက ကျွန်တော်ဆေးလိပ်သောက်တာမကြိုက်ဘူး။ အဲဒါကြောင့် ကျွန်တော်ဆေးလိပ်ဖြတ်လိုက်တယ်။ ကျွန်တော်ဆေးလိပ်စဖြတ်တဲ့နေ့ကစပြီး သူ့မွေးနေ့အထိ ၁၄၂ ရက်ရှိတယ်။ ကျွန်တော်ဆေးလိပ်သောက်တာ စုစုပေါင်း ၄နှစ် နဲ့မြောက် ၅၆၈ ရတယ်။ အဲဒီအရေအတွက် ၅၆၈ရွက် ကျွန်တော်လုပ်မှာပါ"

မေးလာသည့်ကောင်မလေးက မျက်လုံးလေးပြူးပြရင်း ပါးစပ်ကို လက်ဝါးဖြင့်အုပ်ကာ အံ့အားသင့်ပြ၏။

"ကဲ ကျွန်မတို့ကို ခွင့်ပြုပါဦး။ ရှင့်ရဲ့မွေးနေ့လက်ဆောင်လေး အောင်မြင်ပါစေ"

လင်းစက်ညီတစ်ယောက် ကျောင်းဂိတ်ဝတွင် စာရွက်လေးရွက်အား ကြည်နူးစွာကြည့်ရင်း ကျန်ရစ်နေ၏။

လင်းစက်ညီ ကျောင်းဂိတ်ဝတွင် လက်ခံရရှိထားသောစာရွက်လေးများကို ကြည့်ရင်း အသက်ရှူကြပ်လာသလိုလို၊ ခေါင်းမူးလာသလိုလို၊ မျက်လုံးထဲကပဲ ရီဝေဝေဖြစ်လာသလို ခံစားရ၏။ နာရီကိုကြည့်လိုက်တော့ ၂ နာရီ ကျော်စပြုနေပြီ။ သူဗိုက်ထဲကဆာလောင်နေမှန်း ကိုယ့်ကိုကိုယ် ကောက်ချက်ချလိုက်၏။ နေပူကျဲထဲတွင် လူတကာကိုလိုက်ပြီး အကူအညီတောင်းခံနေရသော သူ့အဖြစ်က မသက်သာလှ။ ယခုထိတွင် သူအကူအညီတောင်းသူများအားလုံးက အဆင်ပြေချောမွေ့စွာ လက်ခံရေးသားပေးကြသည်။ လင်းစက်ညီကိုယ်တိုင်လည်း အကူအညီတောင်းမည့်သူများကို အကဲခတ်ရသည်။ ရည်းစားနှင့်စိတ်ကောက်လာသော

မျက်နှာထားမျိုး၊ တစ်လောကလုံးကသူ့လုပ်စာ ထိုင်စားနေသည့်ရုပ်မျိုး၊ တစ်ယောက်ထဲဖြစ်နေသောမိန်းခလေးမျိုး (တစ်ယောက်ထဲဖြစ်နေသော မိန်းခလေးမျိုးကို သွားရေးခိုင်းမိပါက ရည်းစားစာပေးသည်ဟု ထင်ခံရနိုင်သည်၊ အခြေအနေမကောင်းပါက ရုံးခန်းရောက်ဦးမည်) မျက်နှာထားတင်းမာနေသောမိန်းခလေးမျိုး၊ ကွမ်းစားပြီး တစ်လောကလုံးအား အထက်စည်းက မြင်တတ်သော ယောက်ျားလေးမျိုး၊ အော်ကျယ်အော်ကျယ်နှင့် ပေါ့ပျက်ပျက်ယောက်ျားလေးမျိုး အစရှိသည်တို့ကို သူရှောင်ရသည်။ ထိုသို့လက်ပေါက်ကပ်သူများမှာ အကူအညီတောင်းရန်အဆင်မပြေ။ အခန့်မသင့်ပါက သူသာ အဆဲအဆိုခံရနိုင်သည်။ စုံတွဲများကို အကူအညီတောင်းရသည်က သူ့အတွက် အဆင်အပြေဆုံးဖြစ်သည်။ စာရွက်များကို သူနောက်တစ်ကြိမ် ပြန်ရေတွက်ကြည့်သည်။ ၂၃ရွက် ။ လင်းစက်ညီတစ်ယောက် မွေးနေ့လက်ဆောင်အကြောင်း ရှင်းပြရသောကြောင့် ရေလည်းငတ်နေ၏။ အာခေါင်တွေလည်း ခြောက်ကပ်နေပြီဖြစ်သည်။ နောက်ဆုံးတစ်ခေါက် အကူအညီထပ်တောင်းမည် ပြီးလျှင် သူကန်တင်းကိုသွားမည်ဟု ဆုံးဖြတ်လိုက်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ကောင်မလေးနှစ်ယောက်ကိုလှမ်းတွေ့လိုက်၏။ အရိပ်အောက်တွင် တစ်စုံတစ်ရာကို စောင့်ဆိုင်းနေကြပုံရသည်။ တည့်တည့်မတ်မတ်လျှောက်သွားလိုက်ပြီး…

" ကျွန်တော်စကားနည်းနည်းလောက်ပြောလို့ရမလား"

နှစ်ယောက်ထဲမှတစ်ယောက်ကသာ လှည့်ကြည့်ပြီး

"ဘာကိစ္စရှိလို့လဲ"

"ဒီလိုပါ နောက်တစ်လကျော်ကျော်လောက်ဆို ကျွန်တော့်ကောင်မလေး မွေးနေ့…"

လင်းစက်ညီစကားမဆုံးခင် သေးမှကောင်မလေးက လင်းစက်ညီဘက်ကို မျက်နှာလှည့်လာပြီး…

"ကျောင်းထိပ်မှာ မွေးနေ့လက်ဆောင်လုပ်နေတယ်ဆိုတာ ရှင်လား။ ကျွန်မတို့ အတန်းထဲမှာ ပြောနေကြတယ်"

လင်းစက်ညီမျက်နှာပြုံးယောင်သမ်းသွား၏။ အာခြောက်နေချိန်တွင် သူရှင်းပြရန် တစ်ကြိမ်သက်သာတော့မည်။ လင်းစက်ညီက အားရဝမ်းသာဖြင့်...

"ဩော် ဟုတ်ကဲ့ သတင်းပြန့်တာ တော်တော်မြန်သားပဲ"

"အင်း အဲဒီမွေးနေ့လက်ဆောင်ကိစ္စဆိုရင်တော့ ကျွန်မတို့ရေးပေးမှာမဟုတ်ဘူး ရှင် ရှင်းပြနေရင် မောမှာစိုးလို့ကြိုပြောတာ။ ကျွန်မတို့ အဲဒါမျိုးတွေ ဝါသနာမပါဘူး။"

လင်းစက်ညီ စိတ်ထဲ အောင့်သက်သက်ဖြစ်သွား၏။ သူလုပ္ပရွေးမှားသွားမှန်းလည်း သိလိုက်၏။ စိတ်အားထက်သန်စွာရေးပေးကြသူတွေနှင့် ကြုံခဲ့စဉ်က သူအတိုင်းမသိ ကျေနပ်နေမိသည်။ ကြည်နူးနေမိသည်။ ပျော်နေမိသည်။ ယခု အငြင်းခံလိုက်ရသောအခါ တစ်စုံတစ်ရာကို အပြစ်တင်နေချင်မိသည်။ သို့သော် ထိုငြင်းလိုက်သည့်မိန်းခလေးနှစ်ဦးတွင်လည်း လွတ်လပ်စွာ ငြင်းပိုင်ခွင့်ရှိသည်ကို သူနားလည်၏။ သို့သော် စိတ်ထဲတွင်အောင့်သက်သက်။ တော်တော်ခံရခက်သည့် ဝေဒနာမျိုးဖြစ်သည်။

"ဟုတ်ကဲ့ ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး"

လင်းစက်ညီ နောက်သို့ပြန်လှည့်မကြည့်တော့ဘဲ လှည့်ထွက်လာခဲ့လိုက်သည်။ **ကိစ္စတစ်စုံတစ်ရာကို အောင်မြင်ရန် ဆောင်ရွက်ခြင်းသည် ထင်သလောက်မခက်ခဲ။ ရှုံးနိမ့်သွားသည့်အခါ ရင်ဆိုင်နိုင်ရန်ကသာ ခက်ခဲခြင်းဖြစ်သည်။** လက်ထဲရှိ စာရွက်လေးများလွယ်အိတ်ထဲ ထိုးထည့်ရင်း လင်းစက်ညီ ကန်တင်းသို့ထွက်လာခဲ့လိုက်၏။

"မြူးကြွတဲ့တေးသံ ပျံ့လွင့်လို့နေ ကူးပြောင်းစ တကူးလေမှာ"

ထိုင်နေကျ စံပယ်ဖြူကန်တင်းထဲတွင် သင်္ကြန်သီချင်းသံလေး တလွင့်လွင့်ဖြစ်နေသည်ကို လင်းစက်ညီသိပ်သဘောမတွေ့လှ။ သူကိုယ်တိုင်က သင်္ကြန်ကို သိပ်နှစ်ချိုက်လှခြင်းမရှိပေ။ သီချင်းတွေက နားထောင်၍ကောင်းသည်မှလွဲပြီး သူသင်္ကြန်တွင် မပျော်မွေ့ပါ။ သင်္ကြန်ရောက်တိုင်းလည်း သူအိမ်တွင်းပုန်းဖြစ်နေတတ်၏။ စိတ်ထဲအောင့်သက်သက်ဖြစ်နေရသည့်အထဲ မှာထားသော စိုးမြင့်ကြော်က ကြာနေ၏။ (စိုးမြင့်ကြော်ဆိုသည်မှာ

ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တွင်သာ ရနိုင်သော ထမင်းကြော်တစ်မျိုးဖြစ်သည်။ စိုးမြင့်ဟူသောလူတစ်ယောက်ကပင် စတင်တီထွင်ခဲ့သလိုလို ဆိုင်ကစားပွဲထိုးလေးများက မရေမရာပြောတတ်၏။) ရထားသော ဆုတောင်းစာရွက်လေးတစ်ခုကို ကြိုးကြာရုပ် ခေါက်နေတုန်း...

"ဟဲ့ ညီ နင်တစ်ယောက်ထဲလား"

မော့ကြည့်လိုက်တော့ ကေသီနွယ်။

"အေးဟုတ်တယ်"

ကေသီနွယ်က လင်းစက်ညီ မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ရင်း...

"နင့်ကိုတွေ့လို့ဝင်လာတာ ငါကပြန်တောင်ပြန်တော့မလို့ မင်းလွင်ကတော့ပြောသား နင့်မွေးနေ့လက်ဆောင်အကြောင်းကို။ သိပ်လည်းအပင်ပန်းမခံပါနဲ့ညီရယ် ငါတို့နင့်ကိုမြင်ရတာ စိတ်ထဲမကောင်းဘူး။ သင်္ကြန်တောင်ရောက်တော့မယ် နင် လာမယ့်စာမေးပွဲအတွက်ကော စာတွေရပြီလား"

"ဒီလိုပါပဲဟာ၊ နင်ကော မော်ကြီးနဲ့အဆင်ပြေလား"

ကေသီနွယ်မျက်နှာ အင်တင်တင်ဖြစ်သွား၏။

"အဲကောင်လား ငါသူ့ကိုစိတ်ကောက်ထားတယ်။"

"ဟာ နင်တို့က ဘာဖြစ်ကြတာလဲ"

"ဒီလိုဟာ တနင်္ဂနွေနေ့ကျရင် မန်ယူနဲ့ အာစင်နယ် ဘောလုံးပွဲရှိတယ်။ သူက အာစင်နယ်ပရိသတ် ငါကမန်ယူ ခရေဇီ။"

ကေသီနွယ်က ပြောနေရင်းကနေ ဆက်ပြောသင့်မပြောသင့်တွေဝေနေပုံရသည်။ လင်းစက်ညီက သဘောပေါက်စွာပြုံးရင်း...

"ပြောမှာသာပြောပါဟာ အချင်းချင်းတွေပဲ ပြော ပွင့်ပွင့်လင်းလင်းပြော"

"ငါကလည်း မန်ယူ ကိုနည်းနည်းလေးမှ အထိမခံနိုင်ဘူးဟာ သူကလည်းအာစင်နယ်မှ အာစင်နယ်။ အဲဒါနဲ့ သူနဲ့ငါ ငြင်းခုန်ကြရင်း ဘောလုံးပွဲလောင်းမယ်ဖြစ်သွားတယ်။ နင့်သူငယ်ချင်းက ငါ့ကိုဘာပြောတယ်မှတ်လဲ။ သူ့အာစင်နယ်နိုင်ရင် သူကငါ့ကိုနမ်းမယ်တဲ့ ငါ့မန်ယူနိုင်ရင် ငါကသူ့ကိုပြန်နမ်းတဲ့"

လင်းစက်ညီ ဟက်ဟက်ပက်ပက်ရယ်ချပစ်လိုက်၏။

"မဆိုးဘူး ဒီကောင့်လောင်းကြေးက ရှုံးရင်တောင်တန်တယ်။ တယ်တော်တဲ့ကောင်ပဲ"

"တော်တော်တော်တဲ့ကောင်လုပ်မနေနဲ့ နင်ကော"

"ငါကဘာဖြစ်နေလို့လဲ"

"သံသာနဲ့အခြေအနေလေ"

"ငါ့အဖြစ်က ကြက်သွန်ဖြူစားပြီးလေချဉ်တက်သလိုပါပဲဟာ"

ကေသီနွယ်က မျက်မှောင်ကျုံ့ရင်း...

"ဘာတုန်းဟ ကြက်သွန်ဖြူစားပြီးလေချဉ်တက်တာက"

" ကိုယ့်ကိုကိုယ်တော့ ဘာမှမထူးခြားသလိုပဲလေ ဘေးလူတွေအနေနဲ့ကတော့ နားလည်ပေးဖို့ ခက်တာပေါ့"

ကေသီနွယ်က မပွင့်တပွင့်ရယ်မောရင်း..

"နင်ကလည်းပြောလိုက်ရင် အဆန်းချည်းပဲ။ ဒါနဲ့ နင် သံသာ့ဆီဖုန်းဆက်သေးလား"

"သံသာက သူ့မိုးကုတ်ကို ပြန်သွားတာဆို ငါမှ အဲ့ဒီ ကဖုန်းကိုမသိတာ"

" သံသာက မိုးကုတ်ကိုပြန်သွားတယ်လို့ နင့်ကိုဘယ်သူပြောလဲ"

"မင်းလွင်ပြောတာလေ မဟုတ်ဘူးလား"

"မဟုတ်ဘူး သူအိမ်မှာပဲရှိတယ်။ ဆရာဝန်က အနားယူခိုင်းထားတော့ သူ့ကိုဖုန်းဆက်လည်း သူ့အိမ်ကခရီးသွားတယ်ပဲပြောတာ။"

လင်းစက်ညီက ဇဝေဇဝါဖြစ်သွားကာ

"ဒါဆိုနင်ကဘယ်လိုသိတာလဲ"

"ဒါလား...ဟဲဟဲ"

ကေသီနွယ်တစ်ယောက် လင်းစက်ညီကို ဈေးကိုင်တော့မည့်အပြုံးပြုံးပြ၏။ လင်းစက်ညီရင်ထဲ ဖရိုဖရဲ တန်းလန်းကြီးဖြစ်သွား၏။

"နင်ကလည်းဟာ အချင်းချင်းတွေ ဈေးကိုင်ဦးမယ်။ ပြောစမ်းပါဟာ"

"သူကအိမ်ထဲမှာပဲနေရတော့လည်း ငြီးငွေ့တယ်လေ။ ဖုန်းပြောလို့မရပေမဲ့ သူ Chatting ထိုင်တယ်။ သူညတိုင်း Online မှာရှိတယ် ညီရ။"

"ဒါဆိုသူ့ Account က..."

ပေးစာအုပ်နဲ့ဘောပင် ငါရေးပေးလိုက်မယ်။ လင်းစက်ညီက လွယ်အိတ်ထဲမှ စာအုပ်နှင့်ဘောပင်ထုတ်ပေးလိုက်၏။ စာအုပ်ထဲတွင် Gmail Account တစ်ခုကို ရေးချလိုက်၏။

" thantharcho.laypyay@gmail.com"

လင်းစက်ညီက ပြုံးပြုံးလေးစိုက်ကြည့်ရင်း...

"ဩော် ဒီညတော့ ငါအိပ်ရေးပျက်ဦးမှာပေါ့"

လက်ထဲရှိခေါက်လက်စ ကြိုးကြာစက္ကူရုပ်လေးက မပျံသန်းနိုင်၍ ပင့်သက်တို့ဖြင့် မောဟိုက်နေ၏။ သူ့ကိုဆုပ်ကိုင်ထားသော လက်ပိုင်ရှင်လေး၏ ပင့်သက်ချသံခပ်ပြင်းပြင်းတို့ကသာ တောင်ပံဖြန့်ရင်းပျံသန်းသွားကြသည်။ မိုးကုတ်စက်ဝိုင်းသည် မျက်စိတစ်ဆုံးတွင် အဆုံးသတ်၏။ မျဉ်းပြိုင်နှစ်ကြောင်းက Infinity တွင် ဆုံ၍ ခွဲခွာခြင်းကို အဆုံးသတ်၏။ လင်းစက်ညီ၏ ပင့်သက်ရှိုက်သံတို့ကား မည်သည့်နေရာတွင်ဆုံးမည်နည်း။ ပဟေဠိတစ်ပုဒ်အဖြစ် ကျန်ရစ်၏။

# အခန်း (၉)

အချိန်ည ၉နာရီလောက်ဖြစ်သည်။ ကွန်ပြူတာရှေ့တွင် လင်းစက်ညီတစ်ယောက် ကော်ဖီတစ်ခွက်နှင့် ငိုင်နေမိ၏။ ဖြတ်ပြေးသွားသော လေပြေလေးကို သူဆော့ကစားချင်နေမိ၏။ အခြေအနေကမပေး။ ငါဘာလုပ်ဖို့ဒီလို ငိုင်နေရတာလဲဟု တွေးမိတိုင်း လင်းစက်ညီ ကိုယ့်ကိုကိုယ် စိတ်ပျက်ရပြန်သည်။ ဖန်သားပြင်တွင်ပေါ်နေသော Gtalk box လေးထဲတွင် ရိုက်ထည့်လိုက်၏။

linnsatnyi@gmail.com

Chat Box လေးပွင့်သွားပြီး ရောင်စုံအလုံးလေးတွေနှင့် Account ပိုင်ရှင်များစွာ စုပြုံကျလာ၏။ အမှန်အတိုင်းပြောရလျှင် လင်းစက်ညီ Online မသုံးဖြစ်သည်က ကြာခဲ့ပြီ။ ခုပထမဆုံးပြန်သုံးဖြစ်သည်က သံသာချို့အတွက်ကြောင့်မှလွဲ၍ တခြားမရှိ။ Add button လေးကို နှိပ်လိုက်သောအခါ Invite လုပ်ရန် box လေးတစ်ခု ကျလာ၏။ လင်းစက်ညီ ကေသီနွယ်ရေးပေးခဲ့သော စာအုပ်လေးဖွင့်ရင်း စာအုပ်ထဲမှ account နာမည်လေး အတိုင်း ရိုက်ထည့်လိုက်၏။

thantharcho.laypyay@gmail.com

Invite button ကိုသူနှိပ်လိုက်၏။

မထင်မိ။ ငါရင်ခုန်နှုန်းတွေ သိပ်မြန်နေပါလား ဟု လင်းစက်ညီကိုယ့်ကိုကိုယ် ပြန်သတိထားမိ၏။ မကြာသေးမီက ပျောက်ဆုံးသွားခဲ့သော လေပြေလေးနှင့် ဒီညသူအောက်ဆီဂျင် ဝဝလင်လင် သုံးဆောင်ရတော့မည်။ ထို့ပြင် နောက်ည နောက်ညများတိုင်းလည်း...။ အိုး...တွေးရင်း လင်းစက်ညီ အပျော်တွေ တဟုန်းဟုန်းလောင်မြိုက်ကုန်၏။ တစ်ယောက်ထဲ ငြိမ်သက်နေရာမှာ အေးစက်စက်ကော်ဖီကို သူမော့သောက်လိုက်၏။

လင်းစက်ညီ Chat box ထဲမှ အရောင်စုံအလုံးလေးများ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်ကို လင်းစက်ညီသတိထားလိုက်မိ၏။ List ကို အထက်အောက်ရွှေ့ကြည့်လိုက်၏။ ထင်ထင်ရှားရှား... thantharcho.laypyay@gmail.com အနီရောင်လုံးလေးနှင့် ဘေးတွင် သံသာချိုက စာတ်ပုံကို တင်ထား၏။ Status တွင်

" တစ်နေ့တစ်နေ့ ဒီအနီရောင်တောက်တောက်တွေပဲ မျှော်ချနေရတာလည်း မောလှပြီ"

လင်းစက်ညီက ကွန်ပြူတာ keyboard ပေါ်တွင် လက်ချောင်းများလှုပ်ရှားလိုက်၏။

"သံသာ နင်နေမကောင်းဘူးဆို"

တစ်ဖက်မှ account လေး လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ thantharcho.laypyay is typing… လေးကို လင်းစက်ညီ မြင်လိုက်ရ၏။ ဘာကြောင့်မှန်းမသိသော်လည်း လင်းစက်ညီရင်ထဲ အတိုင်းမသိပျော်သွား၏။ တဖက်က စာပြန်ဝင်မလာသေးခင် typing လေးမြင်ရုံကလည်း လင်းစက်ညီကို ပြုံးယောင်သန်းသွားသည်အထိ လှုပ်လှုပ်ရှားရှားဖြစ်သွားစေ၏။ ရုတ်တရက် စာကြောင်းလေး ပြန်ဝင်လာ၏။

" ညီ နင် လင်းစက်ညီ ဟုတ်ပါတယ်နော်"

" နင်ကလည်း မတွေ့တာဖြင့်သိပ်တောင်မကြာသေးဘူး။ ဘာလဲ လင်းစက်ညီ အတုပေါ်နေလို့လား။"

တဖက်ကွန်ပြူတာရှေ့တွင် ကိုယ်လုံးလေးတသိမ့်သိမ့်တုန်ကာ သံသာရျိုရယ်မောနေမည်ကို လင်းစက်ညီရိပ်စားမိ၏။ thantharcho.laypyay is typing…

"မဟုတ်ပါဘူး ကေသီပြောထားလို့နင်ငါ့ account ယူသွားတယ်ဆိုတာသိတယ်။ ဒါပေမဲ့ ခုညချက်ချင်းကြီး ပေါ်လာလိမ့်မယ်မထင်လို့"

"အင်း နင်နေရောကောင်းရဲ့လား"

"ကောင်းပါတယ်"

"အနားယူရင်း စာကောကျက်ဖြစ်ရဲ့လား"

"အင်း ကျက်ဖြစ်ပါတယ်"

"နင်နင့်ကြောင်လေးတွေကောချစ်သေးရဲ့လား"

တဖက်မှ စာကြောင်းလေးများ ချက်ချင်းပြန်ဝင်မလာသည်ကို လင်းစက်ညီသဘောပေါက်လိုက်၏။ သံသာချိုတစ်ယောက် ဘာတွေများဉာဏ်များနေဦးမည်လဲ။ အရင်က ကြောင်လေးတွေကို အရမ်းချစ်တာပဲလားဟု သူမေးခဲ့ဖူးသည်ကို ပြန်သတိရမိ၏။ thantharcho.laypyay is typing...

"မချစ်တော့ဘူး အီအီးပါလို့"

လင်းစက်ညီ ရယ်မောပစ်လိုက်၏။

"အင်းတကယ်ပြောတာ နောက်ပြီး နင်အခုတင်ထားတဲ့ပုံလေး အရမ်းလှတယ်"

"ဟဲဟဲ ကျေးဇူးပဲ ကြုံမှ ကော်ဖီတိုက်မယ်"

"ကော်ဖီတော့မသောက်ချင်ပါဘူးဟာ ကော်ဖီသောက်မိလို့ ငါပါခါးသက်သွားမှာစိုးတယ်"

တဖက်မှ ငြိမ်သက်သွားပြန်မှန်း လင်းစက်ညီသိလိုက်ပြန်၏။

"နင့်သဘောပါပဲ ညီရယ် ကော်ဖီမသောက်ချင်လည်း မုန့်ကျွေးမယ်လေ"

" မုန့်ကြိုးလိမ် မဟုတ်ရင် စားမယ်"

"အင်းရတယ် နင်ကြိုက်တာကျွေးမယ်"

"ဒါဆို မုန့်လင်မယား"

သံသာချိုတသိမ့်သိမ့်တုန်အောင်ရယ်မောနေတော့မည်မှန်း လင်းစက်ညီသိနေ၏။ တဖက်မှ...

"ညီ နင်ဟာလေ သိပ်စကားတတ်တာပဲ ဒါနဲ့နင် ငါမရှိတော့ ကျောင်းမှာ အရင်လို တစ်ယောက်ထဲပဲလား။"

**"ဟုတ်တယ်သံသာ။ နင်ပြောဖူးသလိုပဲ လူတစ်ယောက်ကို လိုအပ်လာတဲ့အခါမှာ သူမရှိတော့ တကယ်ပဲ တစ်ယောက်ထဲဖြစ်သွားတယ်။ အထီးကျန်တယ်ဆိုတာ ငါမြည်းစမ်းဖူးသွားပြီ သံသာ"**

"ဘယ်လိုနေလဲ"

လင်းစက်ညီ အဖြေကင်းမဲ့သွားမိ၏။ သက်ပြင်းတို့မှုတ်ထုတ်လိုက်၏။ ခန်းခြောက်နေသော ကော်ဖီခွက်ကို ငေးကြည့်မိ၏။ ကော်ဖီဆန်သော သူ့အဖြစ်ကိုသူ အားမလိုအားမရဖြစ်မိ၏။ ဒါလွမ်းဆွတ်မှု၏ အစပဲလား။ လင်းစက်ညီမသိ။

"လူတစ်ယောက်က ကဗျာဆရာတစ်ယောက်ကို ပြောတယ်။ ခင်ဗျား အချစ်ကဗျာတွေချည်းရေးနေတာ မပျင်းဘူးလားတဲ့။ အဲဒီတော့ ကဗျာဆရာက ပြန်ပြောတယ်။ ခင်ဗျားတောင် ခင်ဗျားချစ်သူကို အချိန်တိုင်းချစ်နေသေးတာပဲတဲ့။"

သံသာချို သူ၏အဖြေအပေါ် မည်သို့မည်ပုံဖြစ်ပျက်သွားမည်ကို လင်းစက်ညီသိချင်လှ၏။ မျှော်လင့်ချက်တိုင်းသည် ကြီးမားပြီးအထဲတွင် ဘာမှမရှိသော ဂေါ်ဇီထုပ်ကြီးပဲလားဟု မဆီမဆိုင်တွေးမိရင်း ပြုံးရသည်။ ထိုအပြုံးကို သံသာချိုမနှစ်မြို့မှန်း သတိရမိ၏။

"နင့်အဖြေကို ငါသဘောကျတယ်ညီ။ ခုငါအိပ်ချင်နေပြီ ငါ့ကိုချော့သိပ်"

အသံမကြားရသော်လည်း ကလေးတစ်ယောက်လို ပျစ်ချွဲချွဲ နွဲ့ဆိုးသံမျိုးမှန်း လင်းစက်ညီ ကြားယောင်နေမိ၏။

"ငါချော့မသိပ်တတ်ဘူးဟ ခုလောလောဆယ် ငါကိုယ်တိုင်လည်းအိပ်လို့ရမှာမဟုတ်ဘူး သံသာ"

"ဘာဖြစ်လို့"

"သိချင်တာတစ်ခုရှိတယ် နင်ဖြေမယ်ဆို ငါမေးမယ်"

"မေးလေ"

"နင် ငါ့ကိုချစ်တဲ့စိတ် နည်းနည်းလေးတောင်မရှိဘူးလား သံသာ"

တဖက်မှ ထုံးစံအတိုင်းငြိမ်သက်သွားပြန်၏။ စက္ကန့်ပိုင်းခန့်ကြာမှ...

"ငါမသိဘူး ညီ ငါသိသွားမှာစိုးလို့ ငါကိုယ့်ကိုကိုယ်တောင်ပြန်မမေးရဲတာ"

လင်းစက်ညီ ရင်ထဲ ဟာ..သွား၏။ အချစ်ဆိုတာ ဤသို့အရောဝင်မကောင်းသောအရာမျိုးလား။ ညဟာလမင်းနားကပ်ထိုင်လျှက် မှောင်နေ၏။ မျှော်လင့်ချက်နှင့်တူသောအရုဏ်ဦးသည် သူ့အတွက်သိပ်မသေချာလှ...။ တဖက်မှစာကြောင်းလေးများ ထပ်မံပြေးဝင်လာ၏။

"တဖက်မှာ ငါစောင့်ထိန်းရမယ့်အရာလေးတွေလည်း ရှိနေသေးတယ်လေဟာ။ နင်ငါ့ကိုနားလည်ပေးပါညီရယ်"

"ငါနားလည်ပါတယ်သံသာ။ တကယ်လို့ နင်စောင့်ထိန်းရမယ့်အရာတွေ မရှိဘူးဆိုရင်ကော.."

ရင်ဘတ်က ပြတင်းပေါက်ပေါ်ကလေပြေလို ခုန်ပေါက်ပြေးလွှားနေသည်။ thantharcho.laypyay is typing.... လေးအောက်တွင် ပေါ်လာမည့်စာကြောင်းလေးတွေကလည်း စိတ်ကို တမေ့တမော ဖြစ်စေ၏။

"ငါစောင့်ထိန်းရမယ့်အရာတွေ မရှိဘူးဆိုရင်တော့ ငါခဏခဏမေးဖြစ်မှာပါညီ ကဲ ငါအိပ်တော့မယ်။ ကောင်းသောညပါညီ"

Account လေး ပြောရင်းဆိုရင်း မည်းသွား၏။ လင်းစက်ညီတစ်ယောက်လည်း သက်ပြင်းနိုင်းချင်းနှင့်ကျန်ရစ်နေ၏။ ညချမ်းလို..၊ သူမ မရှိတော့သော account လေးလို...၊ သူ၏မျှော်လင့်ချက်များသည်လည်း မည်းနက်ကုန်၏။ ထိုကြားက လမင်းလေးသာ တစ်ကိုယ်တည်း ဖြူစွတ်နေ၏။ သို့သော်.. ဂငယ်ကွေးလေးလိုသာ... ဖြစ်ကျန်ရစ်၏။

မဘာက်လိုက်တော့လည်း

မှောင်လိုက်တာကွယ်။

# အခန်း (၁၀)

ခေါင်းထဲတွင် ရိပ်ခနဲဖြစ်သွားသောကြောင့် ခုံပေါ်တွင် လင်းစက်ညီ ငြိမ်ငြိမ်လေးပြန်ထိုင်လိုက်၏။ ထိုသို့ခေါင်းကိုက်ဝေဒနာမျိုး သူမခံစားဖူးသောကြောင့် ချိန့်ပင်ပန်းနေ၏။ အတန်းချိန်ပြီးသွားသောကြောင့် ကျောင်းသားကျောင်းသူများ အလျှိုအလျှိုနှင့် အတန်းထဲမှ ထွက်ခွါနေကြ၏။ ငါးမိနစ်လောက်ကြာမှ သက်သာလာသလိုရှိ၍ လင်းစက်ညီ ဘေးဘယ်ညာသို့ဝေ့ဝဲကြည့်လိုက်သောအခါ ဝေယျာဝစ္စများစွာနှင့် အလုပ်ရှုတ်နေသော မိန်းခလေးနှစ်ယောက်ကိုတွေ့၏။ ကျောပိုးအိတ်ထဲမှ မှန်သေးသေးလေးကိုထုတ်၊ မှန်ကြည့်ရင်း

မျက်နှာပေါ်ရှိချွေးစက်တစ်ချို့ကို လက်ကိုင်ပုဝါနှင့်သုတ်၏။ ထို့နောက် Make-up နှင့် တစ်စနစ်စ တို့၏။ နွဲ့လျောင်းစွာအိစက်ကျနေသော ဆံနွယ်တို့အား ကြိုးနှင့်ပြန်စည်း၏။ အင်္ကျီကို ခါးမှနေ၍ အောက်သို့ ဆွဲချ၏။ အိတ်ထဲမှ ဗူးအကြည်ရောင်လေးတစ်ခုကိုထုတ်၊ အဖုံးဖွင့်၍ လက်ထဲသို့ မှောက်လိုက်သောအခါ Gel အနည်းငယ်ကျလာ၏။ ထိုGel ဖြင့် လက်နှစ်ဘက်ကို ပွတ်လိမ်းလိုက်၏။ ကြည့်ရသည်က Hand Gel ဖြစ်ဖို့များသည်။ ထို့နောက် ပစ္စည်းများကိုအိတ်ထဲထည့် မတ်တပ်ထရင်း ထဘီကို ပြန်ပြင်ဝတ်၏။ ငေးနေရာက မသင့်တော်တော့သဖြင့် လင်းစက်ညီ မျက်နှာလွှဲလိုက်၏။

မိန်းကလေးတစ်ဦး စာသင်ချိန်တစ်ချိန်ဖြုတ်လျှင် တော်တော် အလုပ်များမှန်း လင်းစက်ညီ မြင်တွေ့လိုက်ရ၏။ ယောကျ်ားလေးတစ်ဦး စာသင်ချိန်ဖြုတ်လျှင် စာအုပ်များကို အိတ်ထဲထည့် (တချို့ဆို အိတ်ထဲတောင်ထည့်မနေတော့လက်ကသာကိုင်ရင်း) ပုဆိုးပြင်ဝတ်ကာ သွက်လက်စွာ ထထွက်သွားရုံပင်ဖြစ်သည်။ မိန်းကလေးတစ်ဦးဖြစ်ရသည်က အတော်ပင် အလုပ်ရှုတ်သည်ဟု လင်းစက်ညီတွေးနေမိ၏။ ထိုကောင်မလေးနှစ်ယောက် စာသင်ခန်းမှ ထွက်ခွါမည့်ဆဲဆဲ လင်းစက်ညီနောက်မှပြေးလိုက်သွားရင်း...

"ဒီမှာ.. ဒီမှာ"

ကောင်မလေးနှစ်ယောက်က ကြောင်တောင်တောင်ဖြင့် ပြန်လှည့်ကြည့်ကြ၏။ လင်းစက်ညီက ဆက်ပြီး...

"ကျွန်တော် အကူအညီတစ်ခုလောက်တောင်းချင်လို့ပါ"

"ဟုတ်ကဲ့ ပြောပါ"

" ရှေ့လထဲမှာ ကျွန်တော်ချစ်နေတဲ့ကောင်မလေးရဲ့မွေးနေ့ရှိတယ်။ အဲဒါ..."

လင်းစက်ညီ စကားမဆုံးမီ နှုတ်ခမ်းထောင့်စွန်းတွင် ထင်ထင်ရှားရှားပေါ်နေသည့် မှည့်လေးပိုင်ရှင် ကောင်မလေးက...

"မွေးနေ့လက်ဆောင်အတွက် ဆုတောင်းစာလိုက်လုပ်နေတယ်ဆိုတာလား"

"ဟုတ်ပါတယ်"

"ကျွန်မတို့ကြားပြီးပါပြီ ဆုတောင်းစာရေးပေးဖို့လား"

လင်းစက်ညီ ပျော်သွားမိ၏။ ယခုနောက်ပိုင်း ဆုတောင်းစာရေးခိုင်းရန်အတွက် သူသိပ်ရှင်းပြနေစရာမလိုတော့ပေ။ လူသတင်းလူချင်းဆောင်၍ တဆင့်စကားတစ်ဆင့်နားနှင့် တစ်ကျောင်းလုံး ပျံ့နှံ့နေပြီဖြစ်သည်။ သူစကားစလိုက်သည်နှင့် သဘောပေါက်သွားသူကများသည်။ လက်ထဲမှ စာရွက်လေးနှစ်ရွက်ထုတ်ပေးလိုက်၏။

"ဟင့်အင်း တစ်ရွက်ပဲပေး"

ကောင်မလေး၏စကားကြောင့် လင်းစက်ညီကြောင်အမ်းအမ်းနိုင်သွားပြီး မျက်မှောင်ကျုံ့ပြလိုက်၏။

"ဩော်ကျွန်မတို့သူငယ်ချင်း နှစ်ယောက်က ဘာလုပ်လုပ် နှစ်ယောက်ပေါင်းလုပ်တယ်လေ။ ခုရှင့်မွေးနေ့ဆုတောင်းစာကိုလည်း နှစ်ယောက်ပေါင်းတစ်ရွက်ရေးပေးမလို့"

စိတ်ထဲတွင် ထစ်သွားသော်လည်း မတတ်နိုင်။ အကူအညီတောင်းခြင်းဖြစ်၍ ဓားပြတိုက်၍မရ။ ပြုံးငယ်စွာ စာရွက်တစ်ရွက်ပြန်သိမ်းလိုက်၏။

"ရော့.."

ပြန်ပေးလာသောစာရွက်လေးကို ယူရင်းပြုံးပြလိုက်၏။

"အောင်မြင်ပါစေ"

ပြောရင်းကောင်မလေးနစ်ယောက် အတန်းထဲမှ ထွက်ခွါသွား၏။ လင်းစက်ညီ စာအုပ်တစ်အုပ်ထုတ်ရင်း သင်္ချာဂဏန်းတစ်ချို့ ရေးမှတ်လိုက်၏။ ထို့နောက် မှတ်သားထားရာ စာမျက်နှာတစ်ခုသို့ စာရွက်များကိုမြန်မြန်ဆန်ဆန်လှန်ပစ်လိုက်၏။ ရက်စွဲအလိုက် ရေးမှတ်ထားသော သင်္ချာကိန်းဂဏန်းများ စုစုပေါင်း ၄၂၁ ။ လင်းစက်ညီသက်ပြင်းချမိ၏။

သံသာချိုကျောင်းမတက်သည်မှာ ၉ရက်ရှိပြီ။ သို့သော် ကျောင်းစပျက်သည့်နေ့မှစ၍ ညတိုင်း Internet ပေါ်တွင် တွေ့ဖြစ်ကြသည်။ တီတီတာတာလေးတွေ ပြောဖြစ်ကြသည်။ သူမပေးသောမျှော်လင့်ချက်များဖြင့် လင်းစက်ညီ ပိန်ကျသွား၏။ မပိန်ဘဲမနေ နေ့ခင်းဘက်တွင် ကျောင်းတက်သည်။ အတန်းဖြုတ်သည်နှင့် လူသွားလူလာလမ်းပေါ် နေပူကျဲထဲ၌ပင် ဆုတောင်းစာများလိုက်လုပ်ရသည်။ ညဘက်တွင် အိပ်ရေးပျက်ခံပြီး သံသာချိုနှင့်စကားပြောသည်။ တစ်ခါတစ်လေ ၃နာရီခွဲ၄နာရီလောက်မှအိပ်လိုက်ရသည်။ အိပ်ရေးပျက်ဒဏ်နှင့် ပင်ပန်းဒဏ်များကြောင့် ၉ရက်အတွင်း လင်းစက်ညီချောင်ကျသွား၏။ သို့သော် ...

ခေါင်းမူးနေသော်လည်း စိတ်တင်း၍ ကျောင်းထိပ် ဂိတ်ဝသို့ ထွက်လာခဲ့လိုက်၏။

"မင်းတို့က ဒီမှာ အဖွဲ့ကျနေကြတာကိုး"

ပြောရင်း လင်းစက်ညီ မင်းလွင်တို့ဝိုင်းတွင် ဝင်ထိုင်လိုက်၏။ ကန်တင်းထဲတွင် ထုံးစံအတိုင်း မင်းလွင်၊ စိုင်းဝင်းမော်နှင့် ကေသီနွယ်တို့ စကားလက်ဆုံ ကျနေပုံရ၏။ စိုင်းဝင်းမော်က...

"ဒီမှာကွာ ကေသီက ခေါင်းလျှော်လာတယ်လေ။ ဆံပင်မခြောက်သေးလို့တဲ့ ကျောင်းလာတော့ လမ်းမှာ ရာသီဥတုက ပူကပူနဲ့ ခု ခေါင်းကိုက်လို့တဲ့။ အဲဒါနဲ့ ငါတို့ပါ အတန်းမတက်ဖြစ်တော့တာ။"

ကေသီနွယ်ကမေးလေးငေါ့ရင်း...

"ဒီမှာ ကိုစိုင်းဝင်းမော် ရှင်ကျွန်မကို ဘာမှလာပြီး အပြစ်ပုံချမနေနဲ့ ကျွန်မရှင့်ကို အတန်းတက်ခိုင်းတယ်။ ရှင့်ဟာရှင်မတက်တာ။"

ဟု ရန်တွေ့၏။ သမီးရည်းစား စုံတွဲရန်ဖြစ်သည်က လင်းစက်ညီ မျက်လုံးထဲတွင် အင်မတန် ချစ်ဖို့ကောင်းနေ၏။ လင်းစက်ညီက ရယ်မောရင်း...

"ဟဲ့ကေသီ နင့်ကိုငါ အကြံတစ်ခုပေးမယ်"

"ဘာလဲ"

"နင်ဂတုံး တုံးလိုက်ပါလား"

"ဘာ"

ကေသီနွယ့်အသံက အတော်လေးကျယ်လောင်သွား၏။ ကေသီနွယ်က လင်းစက်ညီအား မဆီမဆိုင် မျက်စောင်းခဲရင်း မကျေနပ်ကြောင်းပြ၏။ လင်းစက်ညီက...

"ဟဲ့ ငါအကောင်းပြောတာ။ ဂတုံးဖြစ်ရခြင်းရဲ့ ကောင်းကျိုး (၃) ချက်ရှိတယ်။"

လင်းစက်ညီ၏ စကားကြောင့် မင်းလွင်တစ်ယောက် ဆေးလိပ်သောက်နေရာမှ သီးသွား၏။ ကေသီနွယ်နှင့် စိုင်းဝင်းမော်က မျက်လုံးအဝိုင်းသားဆင်တူနှင့်...။ လင်းစက်ညီက ဆက်ပြီး..

"မင်းတို့မသိရင် ငါပြောပြမယ်။ နံပါတ် (၁) ဆံပင်ဆောင့်အဆွဲမခံရဘူး။"

သုံးယောက်သား လင်းစက်ညီစကားကို ရယ်မောကြ၏။ မင်းလွင်က...

"အေး အဲဒါတော့ ဟုတ်တယ်ကွာ။ မိန်းကလေးတွေ ရန်ဖြစ်ရင် ဆံပင်ပဲ ဆောင့်ဆွဲကြတာကွ။ ဒါနဲ့ လုပ်ပါဦး နံပါတ် (၂) က..."

"နံပါတ် (၂) က ခေါင်းလိမ်းဆီဖိုးသက်သာတယ်လေ"

"အေးကွာ ဒါလည်းဟုတ်တာပဲ၊ နံပါတ် (၃) ကကော"

"နံပါတ် (၃) က အစွပ်စွဲမခံရဘူး။"

အားလုံးက ကြောင်တောင်တောင် ဖြစ်သွားကြ၏။

" ဘာဆိုင်လို့လဲကွ"

"ဆိုင်တယ်ကွ။ စားသောက်နေတုန်းများ ပန်းကန်ထဲ ဆံပင်ချည်ကြီးပါလာရင် သူ့ဆံပင် ငါ့ဆံပင်နဲ့ တစ်ယောက်နဲ့တစ်ယောက် စွပ်စွဲကြတယ်လေ။ ဂတုံးတုံးထားရင် အစွပ်စွဲမခံရတော့ဘူးပေါ့"

ကေသီနွယ်က ကိုယ်လုံးလေး တသိမ့်သိမ့်တုန်အောင် ရယ်မောနေတော့၏။ ရယ်မောရင်း ရပ်သွားလိုက် ပြန်တွေးလိုက် ပြန်ရယ်လိုက်နှင့် ငါးမိနစ်လောက်ကြာမှ အရယ်ရပ်သွား၏။

"နင်ဟာလေ ကြုံကြုံဖန်ဖန်ကို ပြောတတ်တယ်။"

မင်းလွင်က ဆေးလိပ်တစ်လိပ် မီးညှိလိုက်ကာ လင်းစက်ညီအားသေချာကြည့်ရင်း...

"ညီ မင်းဒီရက်ထဲ တော်တော်ချောင်ကျသွားတယ်။ သံသာနဲ့ကော အဆင်ပြေရဲ့လား"

"သံသာနဲ့က ညတိုင်း Internet ပေါ်မှာတွေ့ဖြစ်တယ်"

"ဟုတ်တယ် နင့်ကိုကြည့်ရတာ ပိန်သွားသလိုပဲဟာ။ မျက်တွင်းတွေလည်း ညိုလို့"

ကေသီနွယ်က စွတ်စိုသော မျက်ဝန်းများဖြင့် ဂရုဏာသက်စွာ ပြောလာ၏။ ငယ်သူငယ်ချင်းတစ်ယောက်၏ သံယောဇဉ်က မျက်ဝန်းမှတဆင့် နှုတ်ခမ်းဖျားသို့ စီးဆင်းသွားပုံရသည်။ လင်းစက်ညီက မှုးဝေနေသော ဦးနှောက်ကို အားတင်းကာ ပြုံးပြလိုက်ရင်း...

"အေးဆေးပါဟာ။ ညဘက်သံသာနဲ့စကားပြောနေတော့ အိပ်ရေးပျက်တာပေ့ါ"

"ငါသိတယ် ငါ့ကိုသံသာပြောတယ်"

"ငါပင်ပန်းတယ်ဆိုတာတော့ သံသာ့ကိုသွားမပြောနဲ့နော်။ သူငါ့ကို အားနာပြီး စကားမပြောတော့ဘဲ နေလိမ့်မယ်"

မင်းလွင်က ဆေးလိပ်သောက်နေရာမှ...

"အချစ်ဆိုတာ လက်နက်တစ်ခုပဲ ညီ။ အန္တရာယ်ကို ကာကွယ်လို့ရသလို ကိုယ့်ကိုကိုယ်လည်း ပြန်ပြီး ဒုက္ခပေးနိုင်တယ်ကွ"

သူတို့စားပွဲဝိုင်းလေး ခဏတာ တိတ်ဆိတ်သွား၏။ အကြောင်းအရာ ဆီလျော်သော မင်းလွင်၏ စကားလုံးများကြောင့် အားလုံး၏ မျက်ဝန်းများက လင်းစက်ညီအပေါ် စုပုံကျရောက်သွား၏။ လင်းစက်ညီကိုယ်တိုင် ကန်တင်းရှေ့ရှိ ဟင်းလင်းပြင်ကြီးကို တွေဝေစွာ ငေးနေမိ၏။ ရီဝေဝေဦးနောက်က အဖြေတစ်ခုကို ရှုံးရင်းဆန်ခတ် ရှာဖွေနေပုံရ၏။ လင်းစက်ညီ နှုတ်ခမ်းလေး တွန့်ကွေးကာ ပြုံးလိုက်ရင်း...

"အချစ်ဟာ သွေးသောက်ပြီးမှ ဓားအိမ်ထဲပြန်ဝင်မယ့် ဓားတစ်ချောင်းဆိုရင် ငါ..."

လင်းစက်ညီစကားဖြတ်ထားလိုက်၏။ အားလုံး၏ စိုးရိမ်စိတ်များက မျက်နှာပေါ်တွင် အထင်းသားဖြစ်ကုန်၏။ ကေသီနွယ်က တိတ်တိတ်လေးကြိတ်ပြီး မဟုတ်ပါစေနဲ့ဟု ဆုတောင်းနေမိ၏။ သို့သော် သူမ၏ဆုတောင်း မပြည့်...။ လင်းစက်ညီက ဆက်ပြီး....

"ငါ ကိုယ့်ကိုကိုယ်ပဲ ထိုးဖြစ်မှာပါ"

လှပသောနေရောင်အောက်တွင် သက်ပြင်းချသံများသာ ခမ်းနားသွား၏။

# အခန်း (၁၁)

"နင်.. ငါ့ကို ဘယ်လိုချစ်တာလဲ ညီ"

တစ်စုံတစ်ခုကို ရိုက်နှိပ်ရန် ရည်ရွယ်လိုက်ပြီးမှ သံသာချို၏ မေးခွန်းကြောင့် လင်းစက်ညီ ငြိမ်သက်သွားမိ၏။ သံသာချိုနှင့် ညတိုင်းဆုံဖြစ်သည်မှာ နှစ်ပတ်ပြည့်တော့မည်။ နေ့စဉ်နှင့်အမျှ သူမ လင်းစက်ညီအား ချွဲနွဲ့ရုံသက်သက်သာရှိပြီး ယခုကဲ့သို့ မေးခွန်းမျိုး သူမ မမေးဖူးခဲ့ပေ။ ယခုမေးခွန်းလေးက သူစိမ်းဆန်သော်လည်း မျှော်လင့်ချက်နံ့တွေ လှိုင်နေ၏။

"ငါ့မှာ တိတိကျကျ ရှင်းပြနိုင်မယ့် စကားလုံးမျိုး မရှိဘူး သံသာ"

တဖက်မှ ငြိမ်သက်နေဆဲသာ ဖြစ်သည်။ လင်းစက်ညီ စာကြောင်းတစ်ချို့ ထပ်ရိုက်ထည့်လိုက်သည်။

"ဥပမာနဲ့ပြောရရင်... မန်ချက်စတာယူနိုက်တက် ပရိသတ်က မန်ချက်စတာယူနိုက်တက်အသင်းကို ချစ်သလိုမျိုး။ ကောင်းကောင်းဆိုးဆိုး၊ ကိုယ့်အတွက် အကျိုးရလာဒ် ဘာသက်ရောက်မှုမှ မရှိပေမဲ့ ချစ်နေသလိုမျိုး။ နင့်ကိုငါချစ်တာ။"

သံသာချို့အပေါ် သက်ရောက်သွားမည့် စိတ်အခြေအနေတစ်ခုကို လင်းစက်ညီ ခန့်မှန်း၍မရ။ တဖက်မှ စာကြောင်းများ ပြန်ဝင်လာ၏။

"နင့်အဖြေကို ငါသိပ်သဘောကျတယ် ညီ"

လင်းစက်ညီ ခပ်ဟဟ ပြုံးမိ၏။ ရုတ်တရက် Gtalk list လေး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်ကို လင်းစက်ညီသတိထားမိလိုက်၏။ Account လေးတစ်ခုက သူ့အား Invite လာလုပ်ခြင်းဖြစ်သည်။

mermaid.lonely@googlemail.com wants to add you as a friend. Add as a friend? အောက်မှ... Yes Or No button လေးတစ်ခု။

ခပ်လှမ်းလှမ်းမှ စားပွဲတင်နာရီလေးအား လင်းစက်ညီ လှမ်းကြည့်လို၏။

၁၂နာရီ ၁၀မိနစ်။

ဒါသွေးရိုးသားရိုးမဖြစ်နိုင်မှန်း လင်းစက်ညီ နားလည်လိုက်၏။ Yes button လေးအား ဖိနှိပ်ပစ်လိုက်၏။ သန်းခေါင်ယံ၏ တိတ်တဆိတ်အခန်းလေးက Click သံလေး ညံသွား၏။ mermaid=ရေသူမ ၊ lonely= အထီးကျန်သော။ အထီးကျန်နေသော ရေသူမလေး။ လင်းစက်ညီ ပြုံးလိုက်မိ၏။ တစ်ဖက်မှ...

"ဟဲလို... လင်းစက်ညီ"

သူ့နာမည်ကို သိနေသဖြင့် လင်းစက်ညီ အံ့အားသင့်သွားမိ၏။ သို့သော် မည်သည်မှုမတုံ့ပြန်လိုက်။ သံသာချို့ account ထဲ စာတစ်ကြောင်းရိုက်ထည့်လိုက်၏။

"သံသာ နင်ဘာလုပ်နေတာလဲ"

သံသာချို့ဘက်မှ ချက်ချင်းပင်...

"ခဏလေး ညီ"

"အင်း"

ထိုအခိုက် ရေသူမလေးမှ စာတစ်ကြောင်းထပ်ဝင်လာ၏။

"ရှင် ဒီအချိန်ကြီး မအိပ်သေးဘူးလား လင်းစက်ညီ"

ရှင်ဟူသော အသုံးအနှုန်းကြောင့် မိန်းကလေးတစ်ယောက်မှန်း လင်းစက်ညီ သဘောပေါက်လိုက်၏။

"ခင်ဗျားက ကျွန်တော့်ကို သိလို့လား"

"အမှန်အတိုင်းပြောရမှာလား"

"ခင်ဗျားသဘောပါ"

တစ်ဖက်မှ ငြိမ်သက်သွားပြန်၏။ လင်းစက်ညီ မိန်းကလေးတစ်ယောက်ကို အနိုင်ယူနိုင်မည့် မေးခွန်းမျိုး စဉ်းစားလိုက်၏။ ထို့နောက် စာတစ်ကြောင်းရိုက်ထည့်လိုက်၏။

"ခင်ဗျား ကျွန်တော့်ကို ချစ်လား"

လင်းစက်ညီ ကျေနပ်စွာပြုံးမိ၏။ မိန်းကလေးတစ်ယောက်က ချစ်တယ်ဟု ဖြေလျှင် သူအနိုင်ရပြီဟု ယူဆလိုက်၏။ မချစ်ဘူး ဟု ဖြေလျှင်လည်း လိမ်ပြောသည်ဟု သူစွပ်စွဲ၍ အနိုင်ယူပစ်လိုက်မည်ဖြစ်သည်။ တစ်ဖက်မှ...

"ချစ်တယ်"

လင်စက်ညီ ဟားတိုက်ရယ်မောပစ်လိုက်၏။ စာကြောင်းတစ်ချို့ရိုက်ထည့်ရန် ဟန်ပြင်လိုက်တုန်း တစ်ဖက်မှ စာတစ်ကြောင်းထပ်ဝင်လာပြန်၏။

"ကျွန်မ ရှင့်ကို သိပ်ချစ်တယ် လင်းစက်ညီ"

လင်းစက်ညီလက်များ ဇဝေဇဝါဖြစ်သွားကြကုန်၏။ သံသယဖြစ်စရာ ကောင်းလွန်းနေပြီ ဖြစ်သည်။ တစ်ဖက်မှ ရေသူမလေးမှာ မည်သူမည်ဝါမှန်း လင်းစက်ညီ သိချင်စိတ် ပြင်းပြနေပြီဖြစ်၏။ အချိန်မတော်ကြီးတွင် လင်းစက်ညီ account list လေးထဲ၌ account လေး နှစ်ခုသာ ထင်ရှားစွာပေါ်နေ၏။

တစ်ယောက်က သံသာချို။

တစ်ယောက်က ရေသူမလေးဟူသော သူမသိသည့်ကောင်မလေး။

ရေသူမလေး=အမည်မသိကောင်မလေး=သူ့ကိုသိနေသောကောင်မလေး=သံသာချို

ရေသူမလေးဟာ သံသာချိုပဲလား။ လင်းစက်ညီ စိတ်အိုက်သွားမိ၏။ သူကိုသိနေရုံနှင့်လည်း သံသာချိုဟု သတ်မှတ်ပစ်လိုက်ရန် မဖြစ်နိုင်မှန်း လင်းစက်ညီ နားလည်နေ၏။ သို့သော်လည်း chat list ထဲရှိ account လေးနှစ်ခုနှင့် ရေသူမလေးပြောလာသော စကားလုံးများက သံသာချိုဟု လင်းစက်ညီအား အတိုင်းသား ထင်မှတ်စေ၏။

လင်းစက်ညီနှင့် သံသာချို...

သူတို့ နှစ်ဦးသာသိနေနိုင်သော အကြောင်းအရာများ။

လင်းစက်ညီ အခန်းထဲ ထိုင်နေရသည်ကိုက အတွေးများ ရှုတ်ထွေးမွန်းကြပ်လာသလို ရှိသောကြောင့် ပြတင်းပေါက်ဆီသို့ သွားပြီး ပြတင်းပေါက်တံခါးကို ဖွင့်ပစ်လိုက်၏။ ညဥ့်နက်သန်းခေါင်တွင် မျက်နှာကို မတော်တဆလေး ရိုက်ခတ်ရသည့် အေးစက်စက်လေကို သူတစ်ဝကြီးရှူသွင်းပစ်လိုက်၏။ အနည်းငယ်သက်သာသွားသလို ရှိသောကြောင့် ကွန်ပြူတာရှေ့တွင်ပြန်ထိုင်လိုက်၏။ ရေသူမလေးထံမှ စာကြောင်းတစ်ချို့ ဝင်လာ၏။

"လင်းစက်ညီ ရှင်ကျွန်မ ဘယ်သူလဲဆိုတာ စဉ်းစားနေတာမလား။ စဉ်းစားမနေပါနဲ့။ ရှင်အဖြေရမှာမဟုတ်ဘူး။"

ခဏတာရှုရှိုက်ခဲ့သော လေနအေးလေးများ ဆွဲစုပ်ခံလိုက်ရသလို လင်းစက်ညီ၏ စိတ်တစ်ခုလုံး အင်အား ချိနဲ့သွားကုန်၏။ သူမသည် မော်ဆန်သော ရေသူမလေးလား။ လင်းစက်ညီ စိတ်ကို တည်ငြိမ်အောင်ထိန်းချုပ်ရင်း အဖြစ်အပျက်အားလုံးကို ပြန်လည် သုံးသပ်ကြည့်လိုက်၏။ သူသည် ကျောင်းတွင် ပေါ်ပေါ်တင်တင်နေသူတစ်ယောက်မဟုတ်။ တစ်နည်းအားဖြင့် အပေါင်းအသင်းနည်းပြီး အသိအကျွမ်းရှားပါး၏။ သူ့အကြောင်းသိနိုင်မည့် မိန်းကလေးသည် သံသာချိုနှင့်ကေသီနွယ်။ ရုတ်တရက် လင်းစက်ညီ မျက်ဝန်းများ ဝိုင်းလက်သွား၏။ အကြံတစ်စုံတစ်ရာ တစ်နည်းအားဖြင့် ဖြေရှင်းချက် တစ်စုံတစ်ရာအတွက် အကြောင်းအရာ ရှာတွေ့သွားဟန်နှင့်တူ၏။

ည။

မိန်းမပျိုလေးတစ်ယောက်။

လင်းစက်ညီ။

တိုက်ပွဲငယ်တစ်ခု။

လင်းစက်ညီ စာတစ်ကြောင်းရိုက်ထည့်လိုက်ခြင်းဖြင့် သူတို့နှစ်ဦး၏ တိုက်ပွဲငယ်လေးကို စတင်လိုက်၏။

"နင်သံသာချိုပဲ"

"မဟုတ်ဘူး ဒါပေမဲ့ သံသာချိုကို ကျွန်မ သိတယ်။"

လင်းစက်ညီ မဲ့ပြုံးလေး ပြုံးရင်း နောက်တစ်ကြောင်း ထပ်မံရိုက်ထည့်လိုက်၏။

"ထားပါတော့။ မင်း ငါ့အကြောင်း သိတယ်ဆို ငါမေးခွန်းနည်းနည်းလောက် မေးလို့ရမလား"

"သြော် ဒီလိုလား။ ရပါတယ်။မေးလေ"

စစ်ကြေငြာချက်ကို လက်ခံလိုက်ပုံရသော မိန်းကလေးတစ်ယောက်၏ စကားလုံးများက လင်းစက်ညီ နှုတ်ခမ်းဖျားအားပြုံးယောင်သန်း ကွေးညွှတ်သွားစေ၏။

"မင်း ငါ့မွေးနေ့ကို သိလား"

"(၂)ရက်နေ့ ဇူလိုင်လ ၁၉၉၀ ခုနှစ်"

သူမအဖြေ မှန်နေ၏။

"ငါ့မှာ အရင်းနှီးဆုံး ယောကျာ်းလေး သူငယ်ချင်း နှစ်ယောက်ရှိတယ်။ အဲဒါဘယ်သူတွေလဲ"

"တစ်ယောက်က မင်းလွင်။ တစ်ယောက်က စိုင်းဝင်းမော်။"

"မိန်းကလေးတွေထဲမှာကော"

"တစ်ယောက်ပဲရှိတယ်။ သူ့နာမည်က ကေသီနွယ်"

"ဒါဆိုမင်း သိပါတယ်ဆိုတဲ့ သံသာချိုကကော"

"သူက ရှင်ချစ်နေတဲ့ ကောင်မလေးပဲ"

လင်းစက်ညီ၏ လက်ချောင်းများက ကွန်ပြူတာကီးဘုတ်ပေါ်တွင် လျင်မြန်စွာ ရွေ့လျားနေ၏။ ကီးဘုတ်ပေါ်မှ ခလုတ်သေးသေးလေးများအား ဖိနှိပ်လိုက်သံများသည် တိုက်ပွဲအတွင်း ဓားလှံလက်နက်များ ထိခတ်နေသံများအလား ဆူညံနေကြ၏။

"မင်းငါ့မေးခွန်းတွေကို ဖြေနိုင်နေတာ ငါသိပ်စိတ်တိုင်းတော့မကျဘူး။ မင်းမဖြေနိုင်တဲ့ မေးခွန်း ရှိကိုရှိရမယ်။"

"ရှင်အဲလိုထင်ရင် စမ်းကြည့်ပေါ့"

လင်းစက်ညီ ဒေါသသံများနှင့် သူမ၏စိတ်ကို နှိုးဆွပေးလိုက်သောစာက တဖက်ကောင်မလေးအား မြှောက်ပင့်သလို ဖြစ်သွားသည်ကို လင်းစက်ညီ ကျေနပ်စွာ ပြုံးမိ၏။ လင်းစက်ညီ မေးခွန်းလှလှလေးတစ်ခု ရိုက်ထည့်လိုက်၏။

"ငါဘဝဆိုတာကို ဥပမာတစ်ခုနဲ့ အဓိပ္ပါယ်ဖွင့်ခဲ့ဖူးတယ်။ အဲဒီဥပမာကို မင်းသိလား"

" း) "

အပြုံးသင်္ကေတလေး တစ်ခုသာ ပြန်ဝင်လာ၏။ တစ်ခါက ကျောင်းဂိတ်ဝ အုတ်ခုံတွင် ထိုင်ရင်း "ဘဝဆိုတာ ဆေးလိပ်မီးခိုးငွေ့တွေနဲ့တူတယ်" ဟုလင်းစက်ညီ သံသာချိုအား ပြောခဲ့ဖူးသည်ကို

ပြန်သတိရမိ၏။ ထိုတင်စားမှုသည် သံသာချိုတစ်ယောက်ထဲကိုသာ သူပြောခဲ့ဖူးသောစကားဖြစ်သည်။ ယခု လင်းစက်ညီမေးလိုက်သော မေးခွန်းအား သူမဖြေဆိုနိုင်ပါက ထိုကောင်မလေးသည် သံသာချိုမှလွဲ၍ မဖြစ်နိုင်တော့။ သို့သော် ပြန်ဝင်လာသော အပြုံးလေးသင်္ကေတလေးတစ်ခုကြောင့် လင်းစက်ညီ စွန့်စားမှုလေးတစ်ခုကို ပြုလုပ်လိုက်၏။ အချိန်အတိုင်းအတာ ငါးမိနစ်လောက် သူငြိမ်သက်စွာ စောင့်စားနေ၏။ တစ်ဖက်မှလည်း မည်သည့်စာကြောင်းမှ ထပ်ဝင်မလာ။ အရာရာတိတ်တဆိတ်ရှိလွန်းလှ၏။ စက္ကန့်တံတစ်ချက်စီတိုင်းက လင်းစက်ညီအား ရင်ခုန်သံမြန်စေရန် ဆွဲဆောင်နေ၏။ မျက်တောင်တစ်ချက် ခတ်သံကအစ နားထင်မှသွေးကြောများ တဒိတ်ဒိတ်နှင့် တုန်သွားသည်ကိုပင် လင်းစက်ညီကြားနေရ၏။ ထိုသို့ဖြင့် အချိန်ငါးမိနစ်ခန့် ကုန်လွန်သွားသောအခါ လင်းစက်ညီ အသက်ခပ်ဝဝ ရှုသွင်းရင်း အသက်အောင့်လိုက်မိ၏။ ပြီးမှ လေပူလေးတစ်ခုကိုနှုတ်ဖျားမှ အသာလွှတ်ချရင်း စာတစ်ကြောင်းရိုက်ထည့်လိုက်၏။ သို့သော် သူရိုက်ထည့်လိုက်သည်က အမည်မသိ ရေသူမလေးထံမဟုတ်ဘဲ သံသာချို့ဆီသို့ ဖြစ်နေ၏။

"ဘယ်လိုလဲ မင်းမသိတော့ဘူး မလား"

thantharcho.laypyay@gmail.com is typing…

ချက်ချင်းပင် သံသာချိုထံမှ လင်းစက်ညီမျှော်လင့်ထားသည့်အတိုင်း စာလုံးလေး ငါးလုံး ပြန်ဝင်လာ၏။

"ဆေးလိပ် မီးခိုးငွေ့"

အသိလွတ်သွားမတတ် လင်းစက်ညီ ပျော်သွားမိ၏။ ခုန်နေသောရင်ဘတ်ကို အသာထိန်းရင်း သံသာချို့ထံ စာတစ်ကြောင်းရိုက်သွင်းလိုက်၏။

"နင် ဒီစကားကို mermaid.lonely@gmail.com account ကနေ ပြောရမှာလေဟာ"

တစ်ဖက်မှ ငြိမ်သက်တိတ်ဆိတ် ဆွံ့အ သွားမည်မှန်း လင်းစက်ညီ သိလိုက်၏။ လင်းစက်ညီ ခန့်မှန်းလိုက်သည်က သံသာချိုသည် account နှစ်ခု ဖွင့်ထားသည်။ account တစ်ခုနှင့် စကားပြောနေရာမှ အချိန်အနည်းငယ်ခြားပြီး အခြား account တစ်ခုသို့ (ပထမတစ်ဖက် account တွင် မေးထားသော) မေးခွန်းမေးလိုက်သည့်အခါ ဖြေချင်ဇောနှင့် account နာမည်ကို သေချာမကြည့်မိတော့ဘဲ လင်းစက်ညီ တွက်ထားသည့်အတိုင်း ဖြေလိုက်မိခြင်းဖြစ်သည်။တစ်ဖက်မှ...

"နင်တော်တယ် လင်းစက်ညီ။ ငါဝန်ခံပါတယ်။ ငါသံသာချို။ ပြီးတော့..."

လင်းစက်ညီ ရယ်မောနေမိ၏။ သံသာချိုကဆက်ပြီး...

"ပြီးတော့ နင့်ကိုငါ ချစ်တယ် ညီ"

လင်းစက်ညီ တစ်စုံတစ်ရာ ပြန်ပြောလိုက်ရန်အတွက် တိကျသည့်စကားလုံးတို့ ပျောက်ရှနေ၏။ အံ့သြသည်။ ဝမ်းသာသည်။ ကြည်နူးမိသည်။ ထို့ထက်ပို၍ တိကနိုင်မည့် စကားလုံးများ အတွေးများ၊ စိတ်ကူးများ၊ ဆန္ဒများ။ မရှိ။

" သံသာ ဒါဆို နင်နဲ့ငါ..."

လင်းစက်ညီ နောက်ထပ်တစ်ကြောင်းထပ်မံ ရိုက်မထည့်မီ သံသာချို့ဘက်မှ စာတစ်ကြောင်း အရှိန်ပြင်းပြင်းနှင့် ဝင်လာ၏။

"လူမိသွားလို့ ခေါင်းညိတ်လိုက်ရတဲ့ ဝန်ခံချက်တစ်ခုကလွဲရင် နင်နဲ့ငါဟာ အရင်အတိုင်းပဲ ညီ"

လင်းစက်ညီ ရင်ဘတ်ထဲ ဟာသွား၏။ " ချစ်သူတွေ ဖြစ်သွားကြပြီပေါ့နော် " ဟူသော Enter မနှိပ်ရသေးသည့် စာကြောင်းလေးအား သူပြန်ဖျက်ပစ်လိုက်၏။ ကိုယ်တိုင်စိုက်ပျိုးခဲ့သော သစ်ပင်အား ကိုယ်ပြန်ဖျက်ဆီးရသည့် အဖြစ်က လင်းစက်ညီအတွက် ပင်ပန်းလွန်းလှ၏။ မှောင်မှောင်မည်းမည်း ကောင်းကင်ထက်က လခြမ်းကွေးလေးကို သူအားကျမိ၏။ ညနှင့်အတူ ယှဉ်တွဲကခုန်နေသော လေပြေလေး သူဖြစ်ချင်နေမိ၏။ အရာအားလုံးပြီးဆုံးသွားခဲ့ပြီလား။ သူသက်ပြင်းကိုသာ အနိုင်နိုင်ချနေမိ၏။

"ငါ့ကို နားလည်ပေးပါညီ"

သံသာချို၏ စကားလုံးများက လင်းစက်ညီ ရင်ဘတ်ကို အကြိမ်ကြိမ် ထိုးဆွ၏ လင်းစက်ညီလက်ချောင်းများ ရွေ့လျားလိုက်သည်။

"နင့်ကို ငါပြောစရာနစ်ခုရှိတယ် သံသာ"

တစ်ဖက်မှ မည်သည့်မှမထူးခြား၊ သံသာချိုကိုယ်တိုင်လည်း ငြိမ်သက် တိတ်ဆိတ်သွားမည်ကို လင်းစက်ညီ ကောင်းကောင်းသိနေ၏။

"နံပါတ် (၁) က.. နင့်အတွက် ငါမွေးနေ့လက်ဆောင်လှလှလေးတစ်ခု လုပ်နေတယ်"

တစ်ဖက်မှ တိတ်ဆိတ်နေဆဲသာဖြစ်၏။

"နံပါတ် (၂) က.. ငါအိပ်တော့မယ် သံသာ။ ကောင်းသောညပါ"

linnsatnyi@gmail.com is offline.

အိပ်တော့မယ်ဟူသောစကား၏ နောက်ကွယ်တွင် တကယ်တမ်း လင်းစက်ညီ အိပ်မပျော်။ ချစ်သူထံမှ မိမိကချစ်ပါသည်ဟုသိရှိရပြီးသည့်နောက် မိနစ်ပိုင်း အနည်းငယ်အတွင်း စို့နစ်ရသောအဖြစ်ကို လင်းစက်ညီ ဒေါသထွက်မိ၏။ ကုတင်ပေါ်တွင် အလျားလိုက် အသည်းကွဲနေရသည့်အဖြစ်က သက်တောင့်သက်သာ မရှိလှ။ **သူကြုံတွေ့လိုက်ရသည့် အချစ်ဆိုသည်မှာ ဂေါ်ဇီထုပ်ကြီးတစ်ခုနှင့် တူသည်ဟု လင်းစက်ညီ တွေးနေမိသည်။ ထုထည်ကြီးမားသလောက် (မျှော်လင့်ချက်များကို) တစ်လွှာချင်း ခွါကြည့်သည့်အခါ အထဲတွင် ဗလာဖြစ်နေ၏။ ထို့ကြောင့် လင်းစက်ညီ နေကြာစေ့လေးကို အားကျနေမိ၏။**

ကောင်းကင်၌ လေယာဉ်ပျံတို့ ပျံသန်းသည့်အခါ မီးခိုးငွေ့များက လေယာဉ်ပျံတို့၏ တောင်ပံရာဖြစ်၏။ ဆပ်ပြာပူဖောင်းလေးသည် စက္ကန့်ပိုင်း အနည်းငယ်အတွင်း ဖောက်ခနဲ ပေါက်သွားမည်ကို သိနေပါလျှက် ဖမ်းဆုပ် ရယူချင်မိသည့် ကလေးတစ်ယောက်၏ မျှော်လင့်ချက်များကို မည်သူကများ တခုတ်တရ ခံစားပေးနေမည်လဲ။ **အမှတ်တရဆိုသည်မှာ အချင်းချင်းခေါ်ဝေါ်ကြသော ဒဏ်ရာ၏ နာမည်ပြောင်ဖြစ်လေသည်။**

လူမသိ သူမသိနဲ့

ချောင်ပိတ်ပြီးချစ်ရမယ့်ခေတ်က

ဒီကံကြမ္မာလေးနဲ့

ထပ်တူကျတယ်။

နောက်လည်းမကျဘူး

စောလည်းမစောခဲ့ဘူးဆိုရင်တောင်

ငါဟာ ဘာကိုမှမမီလိုက်တဲ့ကောင်ပါ။

အထဲမှာဘယ်သူမှမရှိဘူးမှန်းသိရင်

ကျနော်ဒီစာအိတ်ကို ဖွင့်..မဖတ်ခဲ့ပါဘူး။

ခုတော့...

မခေါ်ဘဲရောက်လာတဲ့ ဒီနေ့ဟာလည်း

တစ်ရက်စာနံပါတ်တပ်ပြီး ပြန်ထွက်သွားပြန်ပြီလေ။

# အခန်း (၁၂)

" တောက်! "

"အဲဒါလုံးဝ အထာမကျဘူး ညီ။ အခုမင်းဘယ်လိုသဘောရလဲ"

ညက အဖြစ်အပျက်များအား မင်းလွင်နှင့် စိုင်းဝင်းမော်အား ပြန်ပြောပြလိုက်သည့်အခါ သူငယ်ချင်းအတွက် သူတို့ဒေါသထွက်ကြသည်မှာ အထူးအဆန်းမဟုတ်။ သူငယ်ချင်းနှစ်ယောက်၏ ဂရုဏာဒေါသကိုလည်း လင်းစက်ညီနားလည်၏။

"ငါက ဘာကိုဘယ်လိုသဘောရ ရမှာလဲ"

"မင်း သံသာအတွက်လုပ်နေတဲ့ မွေးနေ့လက်ဆောင်ကိစ္စကို ပြောတာ"

လင်းစက်ညီ သက်ပြင်းချမိ၏။ စာရင်းပြုစုရေးမှတ်ထားသော စာအုပ်လေးအား သူထုတ်ဖွင့်ကြည့်လိုက်၏။ ၅၆၈ ခုပြည့်ရန် အရေအတွက် (၄၀) ကျော် လိုနေသေး၏။ လင်းစက်ညီ စာအုပ်ကို ပြန်ပိတ်လိုက်ရင်း...

"မပိုင်ဆိုင်ရဘူးဆိုရင်တောင် ငါသက်တန့်ကွေးလေးလို ချစ်နေမှာပဲ"

မင်းလွင်နှင့် စိုင်းဝင်းမော်က နားမလည်စွာ လင်းစက်ညီအား ကြည့်နေကြ၏။ လင်းစက်ညီက ဆက်ပြီး...

" သက်တန့်ဆိုတာ တစ်ခြမ်းထဲရှိနေရုံနဲ့လည်း ပြည့်စုံနေပြီးသားပဲလေကွာ"

မင်းလွင်နှင့် စိုင်းဝင်းမော်တို့ တားမရသည့်သူငယ်ချင်းအား ဂရုဏာသက်မိသော်လည်း သံသာချို့အပေါ်တွင် မကျေနပ်သည့်ဒေါသများက မျက်နှာပေါ်တွင် ထင်ဟပ်ပေါ်လွင်နေ၏။ မင်းလွင်က...

" မင်းမွေးနေ့လက်ဆောင်က ဘယ်နှစ်ခုလောက် ကျန်သေးလဲ ညီ"

"(၄၀) ကျော်လောက် ကျန်သေးတယ်။ တစ်ရက် နှစ်ရက်လောက် စုလိုက်ရင် ရလောက်ပါတယ်ကွာ"

"ညီ မနက်ဖြန်ကျောင်းနောက်ဆုံးနေ့ဆိုတာတော့ မင်းသိပါတယ်နော်။ မင်းအတွက် အချိန်မရလိုက်မှာ စိုးလို့ပြောတာ။ ဒီနေ့ထဲ မင်းလိုလိုပိုပို လုပ်သင့်တယ်နော်ညီ"

လင်းစက်ညီ ကန်တင်းထဲ ဝေ့ဝဲကြည့်လိုက်၏။ စာမေးပွဲနီးပြီမို့ ကျောင်းတက်သူတွေတောင် သိပ်မရှိတော့။ ဟိုတစ်စု ဒီတစ်စု ကျောင်းသားကျောင်းသူများ ခပ်ပါးပါးသာ ရှိကြ၏။ မှာထားသော ကော်ဖီကို တစ်ကျိုက်မော့သောက်လိုက်ရင်း...

"ဒီနေ့ သံသာကျောင်းတက်တယ်။ ငါဆုတောင်းစာ လိုက်ရေးခိုင်းနေတုန်း သူနဲ့တိုးရင် ဖြေရှင်းရ ခက်မှာ။"

"မင်းအဖြစ်ကလည်း ကွာ..."

သူငယ်ချင်းနှစ်ယောက်၏ ဂရုဏာသက်သည့်စိတ်များကို လင်းစက်ညီမသိချင်ယောင် ဆောင်ထားသော်လည်း ရင်ထဲတွင် တလှပ်လှပ်ဖြစ်နေမိ၏။ မမျှော်လင့်ဘဲ သူတို့ထိုင်နေရာ ကန်တင်းထဲသို့ သံသာချိုနှင့် ကေသီနွယ်တို့ ဝင်လာ၏။

သံသာချိုက အအေးလှမ်းမှာရင်း...

"ညီ နင်ပိန်သွားတယ်နော်။ မျက်တွင်းတွေလည်း ချောင်လို့"

လင်းစက်ညီ မည်သည့်မျှ မတုံ့ပြန်သော်လည်း မင်းလွင်က ချက်ချင်းပင်...

"နင်ကတော့ တော်တော်ဝလာတယ်။ စကားလုံးလေးတွေကလည်း တော်တော်ထက်လာတယ်"

သံသာချိုက မင်းလွင်သူမကို တိုက်ခိုက်လာမှန်း သိလိုက်၏။ ပျက်ယွင်းသွားသော မျက်နှာကို နုတ်ခမ်းတင်းတင်း စေ့ပြုံးလိုက်ရင်း...

**"ချောင်ပိတ်နေတဲ့ လူတစ်ယောက်မှာသာ ထွက်ပေါက်ရှိချင် ရှိမယ်။ အမြင်တွေ ချောင်ပိတ်သွားရင်တော့ ပြန်လမ်းမရှိဘူး မင်းလွင်။"**

မင်းလွင်က သူ၏ရှေ့မှ ကော်ဖီခွက်ကို မြေကြီးပေါ်သို့ သွန်ချလိုက်ရင်း...

**"ပြုတ်ကျသွားရင် ပြန်ကောက်ထည့်လို့မရတဲ့ထဲမှာ ကော်ဖီလည်း ပါတယ် ။ နင်မေတ္တာအကြောင်း နည်းနည်းလောက် လေ့လာလိုက်ဦး သံသာချို"**

ထို့နောက် မင်းလွင် မတ်တပ်ထရပ်လိုက်ရင်း...

"ညီ၊ မော်ကြီး၊ ကေသီ ငါပြန်နှင့်ပြီ။ ဒီမှာဆက်နေရင် မိတ်ပျက်ကုန်မယ်"

ပြောရင်း မင်းလွင်တစ်ယောက် တောက်တခတ်ခတ်နှင့် ဆိုင်ထဲမှ ထွက်သွား၏။ အရာရာကို နားမလည်လိုက်သူက ကေသီနွယ်။ လင်းစက်ညီက တိတ်ဆိတ်နေဆဲသာဖြစ်၏။ သံသာချိုက စကားစလာ၏။

"ညီ နင်သကြံန်ဘာအစီအစဉ်ရှိလဲ"

လင်းစက်ညီက ခေါင်းခါပြရင်း...

"ဟင့်အင်း ဘယ်လိုပြောရမလဲ။ သင်္ကြန်ရောက်ပြီဆို ငါ့စိတ်က အလိုလို မွန်းကြပ်လာသလိုပဲ။ သင်္ကြန်ဆိုတာ ပျော်စရာပွဲတော်လို့ ငါလက်ခံလို့မရဘူး"

သံသာချိုက နှုတ်ခမ်းလေး ဆူရင်း...

"ဟင် ဒါဆို နင်သင်္ကြန်ဘယ်မှ မသွားဘူးပေါ့"

"အင်း ဘယ်မှမသွားဘူး။ အိမ်မှာပဲ စာအုပ်ဖတ်လိုက် ရုပ်ရှင်ကြည့်လိုက်နဲ့။ တစ်ခုတော့ရှိတယ်။ သင်္ကြန်နဲ့ပတ်သက်လို့ ငါသဘောကျတာ"

သံသာချိုကမျက်ခုံးလေးပင့်ရင်း...

"ဘာလဲ"

"စတုဒီသာ"

"ဟာ ကောင်စုတ်လေး ငါကအကောင်းမှတ်လို့ နားထောင်နေတာ။ နေစမ်းပါဦး နင်က ဘာလို့ သင်္ကြန်ကို မကျေမနပ်ဖြစ်နေရတာလဲ။ ဘာလဲ အသည်းကွဲဖူးလို့လား"

လင်းစက်ညီက ပွင့်လင်းစွာပြုံးလိုက်ရင်း...

"မဟုတ်ပါဘူးဟာ။ သင်္ကြန်ဆို ယောကျ်ားလေးတွေ မူးရူးနေတာမပြောနဲ့။ မိန်းကလေးတွေတောင် မူးနေတာကို။ ပြီးတော့ ရိုးရာပွဲတော်ဖြစ်ရမယ့်အစား မြင်မကောင်းလောက်အောင်

သရုပ်ပျက်နေကြတာများတယ်။ ဘယ်နေရာဖြစ်ဖြစ် အရက်နံ့တွေကို မွှန်လို့။ ဆေးရုံမှာဆိုလည်း လူတွေကို စည်ကားနေတာပဲ။ အဲဒါကြောင့် ငါပျော်စရာပွဲတော်လို့ လက်ခံမရတာ။"

သံသာချို မျက်နှာလေး မှောင်ကျသွားပြီး...

"ငါက သင်္ကြန်ကို သိပ်ချစ်တာဟ။ ဒီနှစ်တောင် မွန်လေးသွားမလို့"

လင်းစက်ညီ တိတ်ဆိတ်နေလိုက်၏။ စားပွဲခုံတစ်ဖက်မှ ကေသီနွယ်နှင့် စိုင်းဝင်းမော်။ သူတို့လည်း ပုံမှန်အတိုင်း တွတ်ထိုးရင်း ပျော်နေကြပုံရ၏။ သံသာချိုက..

"အင်း ဒါနဲ့ညီ နင်မနက်ဖြန်ကျောင်းနောက်ဆုံးနေ့ဆိုတော့ ကျောင်းတက်မှာလား"

"နင်ကော"

"ငါက တက်မှာ"

"ဒါဆို ငါမတက်ဘူး"

သံသာချိုက လင်းစက်ညီအား မျက်စောင်းတစ်ချက်ထိုးရင်း...

"ကျောင်းနောက်ဆုံးနေ့ဆိုတော့ ရေပက်ကြမှာ ပျော်စရာကြီး"

မနက်ဖြန်ကျောင်းတွင် ရေပက်မည်...။ လင်းစက်ညီ ဝေါင်သွားမိ၏။ ကျောင်းမပိတ်မီ ရေပက်နှုတ်ဆက်တတ်သည့် အစဉ်အလာလေးတစ်ခုကို သူမေ့သွားမိသည်ကို ကိုယ့်ကိုကိုယ်အပြစ်တင်မိ၏။ သည်အတိုင်းဆိုပါက မနက်ဖြန် သူဆုတောင်းစာလိုက်ရေးခိုင်းရန် မဖြစ်နိုင်တော့။ ကျောင်းပြန်ဖွင့်ချိန်ဆိုလျှင်လည်း သံသာချို့မွေးနေ့ရောက်ပြီ။ ထို့ကြောင့် ကျောင်းပြန်ဖွင့်မှ ဆက်လုပ်ရန်လည်း မဖြစ်။ လင်းစက်ညီ စိတ်အိုက်သွား၏။ သံသာချိုက ကေသီနွယ့်ဘက်လှည့်ရင်း...

"ဟဲ့ကေသီမ.. ပြန်ရအောင်ဟာ"

" အင်း ပြန်မယ်ဆိုလည်း ပြန်တာပေါ့"

လင်းစက်ညီ နာရီကြည့်လိုက်၏။ ကျောင်းထဲတွင် ကျောင်းကားတစ်ချို့ဆိုက်နေကြပြီ ဖြစ်သည်။ ကျောင်းသားကျောင်းသူများကလည်း အိမ်ပြန်ရန်လှုပ်လှုပ်ရွရွဖြစ်နေကြသည့်အချိန်မျိုး ဖြစ်သည်။ သံသာချိုက

"ကဲညီ ငါတို့ပြန်တော့မယ်"

"အေးအေး။ ဟုတ်ပြီ"

ကေသီနွယ်နှင့် သံသာချိုတို့ ဆိုင်ထဲမှ ထထွက်သွားကြ၏။ စံပယ်ဖြူကန်တင်းမှ မြင်နေရသော လမ်းမတစ်ဆုံးထိ လင်းစက်ညီ ငေးကြည့်နေမိ၏။ ကောင်မလေးနှစ်ယောက် တစ်လှမ်းချင်း... တစ်လှမ်းချင်း... သေးငယ်ရင်း... သေးငယ်ရင်း အစက်ငယ်လေးနှစ်စက်မှသည် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်အထိ လင်းစက်ညီ ငေးကြည့်နေမိ၏။ စိုင်းဝင်းမော်က...

"ကဲညီ ငါတို့လည်း ပြန်ရအောင် ဟိုမှာ ကျောင်းကာတောင် ရောက်နေပြီ"

အိပ်ပွဲပွဲထိုးဆိုက်ထားကြသော ကျောင်းကားတန်းကြီးကို သူကြည့်လိုက်မိ၏။ သူ့အတွက် နောက်ဆုံးသောအခွင့်အရေးလား။ လင်းစက်ညီ လွယ်အိတ်ကိုလွယ်ကာ မတ်တပ်ရပ်ပြီး...

" မင်းသွားနှင့် ငါ ဆုတောင်းစာလိုက်လုပ်လိုက်ဦးမယ်"

"ဟော"

ပါးစပ်အဟောင်းသားနှင့် စိုင်းဝင်းမော်ကို ချန်ရစ်ရင်း လင်းစက်ညီ ခြေလှမ်းများက ကျောင်းကားတန်းကြီး ဆီသို့ တရွေ့ရွေ့...။

ကျောင်းသားလေးနှစ်ယောက် ကျောင်းကားပေါ်မှ ဆင်းလာပြီး ပလက်ဖောင်းပေါ်တွင် ဆေးလိပ်သောက်နေကြ၏။ ကျောင်းကားပေါ်တွင် အဆိုတော် L-လွန်းဝါ၏ သီချင်းသံက တငြိမ့်ငြိမ့် ပျံ့ဝဲနေ၏။ လင်းစက်ညီက ကားခေါင်းခန်းတွင် ကက်ဆက်ခွေများနှင့် အလုပ်ရှုတ်နေသော (သူ့ထက်ငယ်မည် ထင်ရသည့်) ကျောင်းသားလေးတစ်ယောက်အား ပုခုံးပုတ်လိုက်ရင်း…

"ညီ.. အစ်ကို့ကို ကက်ဆက်ခဏလောက် ပိတ်ပေးလို့ရမလား"

ထိုကျောင်းသားလေးက လင်းစက်ညီအား ခြေဆုံးခေါင်းဆုံးကြည့်ရင်း...

"ဘာလို့လဲမသိဘူး"

"အစ်ကို ကျောင်းကားပေါ်ကသူတွေအားလုံးကို စကားနည်းနည်းလောက်ပြောချင်လို့ပါ"

"ဪ ဟုတ်ကဲ့ရပါတယ်"

ကက်ဆက်သံရပ်သွား၏။ ကားနောက်ပိုင်းရှိ စုံတွဲတစ်တွဲနှင့် ကျောင်းသူလေး နစ်ယာက်သုံးယောက်မှ လွဲ၍ ကားတစ်စီးလုံး၏ အာရုံက လင်းစက်ညီနှင့် ကက်ဆက်ပိတ်လိုက်သော ကျောင်းသားလေးတို့ဆီသို့ ကျရောက်လာ၏။ လင်းစက်ညီက ကျောင်းကားတစ်စီးလုံးကို ဝေ့ဝဲကြည့်လိုက်၏။ တစ်စီးလုံး အယောက်(၂၀) ပတ်ဝန်းကျင်ရှိမည်။ တစ်ကိုယ်တည်းနေတတ်သူ လင်းစက်ညီအတွက် လူအများရှေ့တွင် စကားပြောရမည့်ကိစ္စက ရင်ခုန်နှုန်းကို မြန်စေ၏။ နွေရာသီ ပူပြင်းမှုက လင်းစက်ညီလက်ဖျားတို့မှလွဲ၍ ပီပြင်လွန်းလှ၏။ လင်းစက်ညီ စိတ်ကိုတင်းလိုက်၏။ ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

"သူငယ်ချင်းတို့ ကျွန်တော့်ကို ငါးမိနစ်လောက် အချိန်ပေးလို့ရမလား ခင်ဗျာ"

နောက်တစ်ခွန်းဆက်ရန် လင်းစက်ညီ ဟန်ပြင်နေစဉ် ကားပေါ်မှ စကားသံ ခပ်အုပ်အုပ် ထွက်လာ၏။ မိန်းကလေးအများစုထံမှ ဖြစ်သည်။

"ရှောက်သီးဆေးပြား ရောင်းမလို့ထင်တယ်"

"ဟယ် အဲလိုကြီးလား ရုပ်ကလေးနဲ့ ထင်တောင်မထင်ရဘူး"

"ဟာ နင်တို့ကလည်း စွတ်ပြောမနေနဲ့ကြဦး အလှူခံလည်းဖြစ်နိုင်တာပဲ"

လင်းစက်ညီဘေးမှ ကျောင်းသားလေးက လင်းစက်ညီအား ပုခုံးပုတ်လိုက်ရင်း...

"အစ်ကို သူတို့က အဲလိုပဲ။ အစ်ကိုပြောစရာရှိတာသာ ဆက်ပြောပါ"

လင်းစက်ညီ အားပြန်တင်းလိုက်သည်။

"ဒီလိုပါ ရှေ့လထဲမှာ ကျွန်တော်ချစ်နေတဲ့ကောင်မလေးရဲ့မွေးနေ့ရှိတယ်။ အဲဒီတော့ ကျွန်တော်က ကျောင်းထဲမှာ သူ့အတွက် မွေးနေ့လက်ဆောင်တစ်ခု လုပ်နေတယ်။"

လင်းစက်ညီ သူ့စကားသံများ တုန်ရီနေမှန်း ကိုယ့်ကိုကိုယ်ပြန်သတိထားမိလိုက်၏။ သူ၏လက်ဖျားများ အေးစက်နေပြီး ရန်ခုန်သံများ မြန်နေကြောင်းကိုလည်း သိလိုက်၏။ လူအများရှေ့တွင် မားမားမတ်မတ် စကားပြောရသည့်ကိစ္စသည် လင်းစက်ညီအတွက် ဘယ်လိုနည်းနှင့်မျှ အဆင်မပြေလှပါ။ သူ့စကားကြား၍ "အဲဒီလက်ဆောင်အကြောင်း ငါသိတယ်" ဟု ကောင်မလေးတစ်ချို့က သူတို့သူငယ်ချင်းအချင်း ပြန်ရှင်းပြနေကြသည်။ လင်းစက်ညီက ဆက်ပြီး...

"ကျွန်တော် ရောင်စုံစက္ကူလေးတွေ (၅၆၈) ခု ယူတယ်။ ပြီးတော့ ကျောင်းမှာတွေ့တဲ့ ကျောင်းသားကျောင်းသူတွေကို ကျွန်တော်ချစ်တဲ့ကောင်မလေးအတွက် မွေးနေ့ဆုတောင်း စာလေးတွေ လိုက်ရေးခိုင်းတယ်။ ဆိုလိုတာကတော့ဗျာ အဲ့ဒီကောင်မလေးနဲ့မသိတဲ့ သူတွေအများကြီးက သူ့အတွက် ဝိုင်းပြီးမွေးနေ့ဆုတောင်း တောင်းပေးတဲ့သဘောပေါ့"

ကျောင်းကားပေါ်တွင် အံ့အားသင့်မှု၊ ကြည်နူးမှုများဖြင့် မျက်ဝန်းများ ဝိုင်းစက်နေကြသည်။ ကောင်မလေးတစ်ယောက်က မတ်တပ်ထရပ်ရင်း...

"ဟိတ် ကျွန်မ ရေးပေးဖူးတယ်နော်"

လင်းစက်ညီ ထိုကောင်မလေးကို မမှတ်မိ။ သူမတကယ်ပင်ရေးပေးခဲ့ဖူးသည်လည်း ဖြစ်ကောင်းဖြစ်မည်။ ရေးပေးရန်ဆန္ဒမရှိသောကြောင့် အလိမ္မာသုံး၍ ငြင်းလိုက်သည်လည်း ဖြစ်နိုင်သည်။ ထိုကဲ့သို့ရေးပေးပြီးပြီဟု ပြောလာသူပေါင်းများစွာကိုလည်း လင်းစက်ညီကြုံခဲ့ဖူးပြီ။ လင်းစက်ညီ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း...

"ဟုတ်ကဲ့ ဒီကားပေါ်မှာ မရေးပေးဖူးတဲ့သူတွေလည်း ရှိမှာပါ။ မနက်ဖြန်က ကျောင်းနောက်ဆုံးနေ့ဆိုတော့ ရေပက်ရင် ကျွန်တော် လိုက်ရေးခိုင်းဖို့ အဆင်မပြေလို့ပါ။ ဒီနေ့က ကျွန်တော့်အတွက် နောက်ဆုံးနေ့မို့ပါ။ အရေအတွက်ပြည့်ဖို့ကလည်း (၄၈) ကျော်လောက်ကျန်သေးလို့ပါ။"

"ကဲကဲ ရေးပေးမယ့်သူလက်ထောင်"

အသံကြား၍ဘေးသို့ လှည့်ကြည့်လိုက်သောအခါ ကက်ဆက်နှင့် အလုပ်ရှုတ်နေသော ကျောင်းသားလေးဖြစ်သည်။ လက်ထောင်သည့်အရေအတွက်မှာ စုစုပေါင်း (၁၃)ယောက်။ ထိုကျောင်းသားလေးက...

"စုစုပေါင်း ၁၃ ယောက်ဆိုတော့ ကျွန်တော်နဲ့ဆို (၁၄) ယောက်ပေါ့။ ဒီလိုလုပ်ပါလားအစ်ကို။ ကျွန်တော့်ကို စာရွက် (၁၄) ရွက်ပေးခဲ့လိုက်။ အစ်ကို တစ်ခြားကျောင်းကားတွေလည်း လိုက်ကောက်ဦးမယ်မလား။ ဒီကျောင်းကားပေါ်က ရေးပေးမယ့်သူတွေအတွက် ကျွန်တော် ပြန်လိုက်စုထားပေးမယ်။ ပိုမြန်တာပေါ့အစ်ကိုရ..."

"အင်းကောင်းသားပဲညီ"

ပြောရင်း လင်းစက်ညီ စာရွက် (၁၄) ရွက် ထုတ်ပေးကာ ကျောင်းကားပေါ်မှဆင်း နောက်ထပ် ကျောင်းကားတစ်စီးဆီသို့တက်သွား၏။ ထိုသို့နှင့် ထိုသို့နှင့် ညနေခင်းလေးတွင် ကျောင်းကားများ အစီအရီထွက်ခွါသွားကြသောခါ ကျောင်းဂိတ်ဝ၌ လင်းစက်ညီတစ်ယောက်တည်း ကျန်ရစ်၏။ သူ၏လက်ထဲ၌ သူလိုအပ်နေသော အရေအတွက်နှင့် ကွက်တိဖြစ်သော ဆုတောင်းစာရွက်လေးများ...

အပြုံးတစ်ခု။

သက်ပြင်းချသံတစ်ခု။

ထိုညနေခင်း နေဝင်ခဲ့ပုံလေးက တပင်တပန်းနိုင်လွန်းလှ၏။

သကြ်္ကန်ကို မနှစ်ခြိုက်သူပီပီ လင်းစက်ညီတစ်ယောက် သကြ်္ကန်ကာလတွင် အခန်းအောင်းရင်း ကြိုးကြာစက္ကူရုပ်လေးများနှင့် နှစ်ပါးသွားကာ အလုပ်ရှုတ်နေ၏။ စက္ကူခေါက်ရသည်က အချိန်အတန်ငယ်ကြာမြင့်လာသောအခါ လက်ညောင်းလာသလို ရှိသောကြောင့် ခဏနားရင်း လင်းစက်ညီ ဆုတောင်းစာများအား ပြန်ဖတ်နေမိ၏။

**တစ်ခါမှ မမြင်ဖူးတဲ့ သူငယ်ချင်းရေ...**

**သိပ်လှတဲ့လက်ဆောင်လေးနဲ့**

**သိပ်လှတဲ့မွေးနေ့လေးဖြစ်ပါစေ...နော**

တစ်မျိုးလေးပဲဟု လင်းစက်ညို ကောက်ချက်ချရင်း ကြည်ကြည်နူးနူးပြုံးလိုက်၏။ ထိုးထိုးထောင်ထောင် ဖြစ်နေသော ပန်းနရောင် စာရွက်လေး တစ်ရွက်အား ယူဖတ်လိုက်၏။

**ဟိတ်...**

**ငါဘယ်သူလဲသိလား ?**

**နင့်မွေးနေ့မှာ ပျော်ပါစေလို့**

**ဆုတောင်းပေးတဲ့သူတွေထဲက**

**တစ်ယောက်ပေါ့...။**

လင်းစက်ညို မျက်ခုံးတွန့်မိ၏။ သူ့ဟာနင့်သူတော့ ဟုတ်နေတာပဲဟု တွေးရင်း အစိမ်းနရောင် စာရွက်လေးတစ်ရွက်အား ထပ်ယူဖတ်လိုက်၏။

**ဒီဘဲကြီး တော်တော် တတ်လည်း တတ်နိုင်တဲ့သူပဲဗျာ**

**ကျွန်တော်တောင် ဘုမသိဘမသိနဲ့**

**မင်းမွေးနေ့မှာ ပျော်ပါစေလို့**

**ဆုတောင်းပေးတဲ့သူတစ်ယောက် ဖြစ်သွားတယ်...**

ဒါလည်း လင်းစက်ညို သဘောကျမိ၏။

တစ်ယောက်ထဲရှိသော အခန်းငယ်သည် စက္ကူငယ်များ၏ ဆုတောင်းသံတို့ဖြင့် ပြည့်လျှံနေ၏။ သင်္ကြန်။ တစ်နည်းအားဖြင့် သင်္ကြန်ကိုချစ်သော ကောင်မလေးအတွက် လင်းစက်ညီ၏ ရှုးသွပ်မှုတစ်ခု။ သို့သော်အစစအရာရာကိုကား သံသာချိုမသိ မန္တလေးတွင် မည်သို့ဖြစ်နေမည်နည်း။ ကြားရသလောက် သူမ၏ချစ်သူ ကိုဖွဲ့ဆက်သည် ရန်ကုန်တွင်ဖြစ်သည်။ မန်းသင်္ကြန်တွင် သင်္ကြန်ချစ်သော သံသာချို ကောင်းကောင်းမှပျော်နိုင်မည်လား။ ခရီးပန်းလာသည့် အရှိန်ကြောင့်များ ပင်ပန်းနေမည်လား။ ကျောင်းတွင်ဖြေဆိုခဲ့ရသော စာမေးပွဲသည်လည်း ကောင်းကောင်းမှ ဖြေနိုင်ရဲ့လား။ လင်းစက်ညီ လားပေါင်းများစွာနှင့် ပိတ်မိနေ၏။ ရုတ်တရက် ဘေး၌ချထားသော ဖုန်းမှ ဖုန်းမြည်လာသောကြောင့် ...

"ဟဲလို"

တစ်ဖက်မှ...

"ညီလား ငါမင်းလွင်"

"ဟာ.. အေး မင်းလွင် ပြောကွာ"

မင်းလွင် အသံသည် ပုံမှန်မဟုတ်မှန်း အချင်းချင်းမို့ လင်းစက်ညီ ကောင်းကောင်းရိပ်စားမိ၏။ မင်းလွင်က...

"မင်းဘာတွေလုပ်နေတာလဲ ညီ"

"ငါလား သံသာ့မွေးနေ့အတွက် အရုပ်ခေါက်နေတာ"

တစ်ဖက်မှ မင်းလွင်အသံ တိတ်သွား၏။ လင်းစက်ညီက…

"ဟော့ကောင် ငါပြောတာကြားရဲ့လား"

"အေးကွာ ခေါက်ခေါက် ။ ဘာမှမဟုတ်တော့ဘူး။ ဒါပဲကွာ။"

"တီ..တီ..တီ..တီ"

တစ်ဖက်မှ ဖုန်းချသွားသောအခါ လင်းစက်ညီ တစ်ယောက်ထဲ အူကြောင်ကြောင်နိုင်လှစွာ ငိုင်နေမိ၏။

"ဒီကောင် ဘာအရူးထတာလဲ။ ဒါမှမဟုတ် ငါ့ကိုများစိတ်ဆိုးသွားတာလား။ မဖြစ်နိုင်ပါဘူး။ ငါပြောလိုက်တဲ့ထဲမှာ ဒေါသထွက်စရာမှမပါတာ။"

မင်းလွင်၏အသံ ခပ်ပြတ်ပြတ်ဖြစ်နေသည်က လင်းစက်ညီအတွက် စဉ်းစားစရာဖြစ်နေ၏။ မင်းလွင်ခေါ်ဆိုသည့် ဖုန်းနံပါတ်အား သူပြန်ကြည့်လိုက်၏။

၀၂-×××××

ဒါမန္တလေးဖုန်းဖြစ်သည်။ သည်အတိုင်းဆိုလျှင် မင်းလွင်သည် မန္တလေးမှာ ဖြစ်သည်။ မန္တလေးတွင် သံသာချိုလည်းရောက်နေ၏။ သည်အတိုင်းဆိုလျှင်…

သကြာန်သီချင်းသံများက လင်းစက်ညီနှင့် ခပ်ဝေးဝေးတွင် ကခုန်နေကြ၏။

မီးဟုန်းဟုန်းတောက်နေတဲ့

သကြင်္ချပျက်လေးဟာလည်း

ပေရယ်မှာပဲ

သူ့လိုကိုယ်လို စဲသွားတယ်...

# လက်ဖဝါးပေါ်က ထီးရိုးလေးဟာလည်း

# မရဏဖွားလေးပဲမို့

# နှုတ်ခမ်းကိုက်ပြီး

# ထွက်ပြေးသွားတယ်

**ဒီလိုနဲ့ ...**

**ပေရယ်သေဆုံးတာ**

**ကြာပြီ...**

# အခန်း (၁၃)

စာမေးပွဲပြီး၍ ကျောင်းပိတ်ထားခဲ့သော်လည်း ကျောင်းပြန်ဖွင့်သည့်အခါတွင် စံပယ်ဖြူကန်တင်းလေးက ယခင်အတိုင်းသာဖြစ်၏။ လင်းစက်ညီတစ်ယောက် ထိုင်နေရာမှ သံသာချိုနှင့် စတွေ့သည့်နေက မော်ကွန်းထိန်းထံရောက်စေခဲ့သော စားပွဲထိုးကောင်မလေးအား အမှတ်တမဲ့လိုက်ရှာမိရင်း လင်းစက်ညီ ပြုံးမိ၏။ ကျောင်းစဖွင့်သောနေ့ ဖြစ်သောကြောင့် တကွဲတပြားစီဖြစ်ကာ မင်းလွင်နှင့် စိုင်းဝင်းမော်တို့ ပေါ်မလာကြသေး။ ကန်တင်းထဲတွင် လင်းစက်ညီ တစ်ယောက်ထဲသာ ဖြစ်နေ၏။ မကြာခင်တွင် ကေသီနွယ်တစ်ယောက် ကော့ကော့ ကော့ကော့နှင့် ကန်တင်းထဲသို့ဝင်လာ၏။ လင်းစက်ညီရှေ့တွင် ဝင်ထိုင်လိုက်ရင်း...

"ညီ နင်တစ်ယောက်ထဲလား"

"အဲဒီ့မေးခွန်းက ငါကမေးရမှာ။ သံသာကော..."

ကေသီနွယ်မျက်နှာပျက်သွား၏။ လင်းစက်ညီက အနည်းငယ် သဘောပေါက်လိုက်ရင်း...

"ကေသီ ငါ့ကို အမှန်အတိုင်းပဲ ပွင့်ပွင့်လင်းလင်းပြောပါ"

"သံသာက ငါနဲ့ဒီနေ့မှ ပြန်ဆုံတာ သူ့ကိုကြည့်ရတာတော့ တစ်မျိုးပဲ။ ပုံမှန်မဟုတ်တာတော့ သေချာတယ်။ နောက်ပြီး ဒီကိုလာမယ်ဆိုတော့..."

ကေသီနွယ် ဆက်ပြောရန် မျက်လုံးများဝေ့ဝဲရင်း စဉ်းစားနေ၏။ လင်းစက်ညီက...

"ပြောမှာသာပြောပါဆို ကေသီရာ"

"ဒီကို လာမယ်ဆိုတော့ ဒီအချိန်ကန်တင်းမှာ နင်ရှိနေလောက်တယ်တဲ့။ သူနင်နဲ့မတွေ့ချင်ဘူးတဲ့။"

လင်းစက်ညီ ပြောစရာမရှိ။ ဆွံ့အ. သွား၏။

"ငါထင်တဲ့အတိုင်းပါပဲ"

အသံကြောင့် လင်းစက်ညီနောက်သို့ လှည့်ကြည့်လိုက်၏။ မင်းလွင်နှင့် စိုင်းဝင်းမော်။ လင်းစက်ညီက မင်းလွင်အား...

"မင်းက ဘာကိုထင်တာလဲ မင်းလွင်"

စိုင်းဝင်းမော်က လင်းစက်ညီရှေ့တွင် တစ်စုံတစ်ရာကို ပစ်ချလိုက်၏။ စားပွဲပေါ်တွင် ပြန့်ကျဲသွားသော ဓာတ်ပုံများ။ ကေသီနွယ်က ဓာတ်ပုံတစ်ပုံကို ယူကြည့်လိုက်၏။ ကေသီနွယ့်မျက်နှာအနေအထား ဖြစ်ပျက်သွားပုံက ကဗျာမဆန်လှ။ မျက်လုံးပြူးရင်း ပါးစပ်အဟောင်းသားနှင့်..။ လင်းစက်ညီ ဓာတ်ပုံများကို ယူကြည့်ရန် လက်ဟန်ပြင်လိုက်၏။ ထို့နောက် ဟန်ပြင်ထားသောလက်အား လေထဲ၌ပင် ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။ သူ၏မျက်ဝန်းထဲရှိ ဓာတ်ပုံထဲတွင် ဂျစ်ကားတစ်စီး။ ပြန့်ကျဲနေသော ရေစက်များ။ ပူပူလောင်လောင် နေရောင်တစ်ခု။ ခါးပေါ်ရှိလက်တစ်စုံနှင့် ပုခုံးပေါ်ရှိ လက်တစ်စုံ။ မျဉ်းပြိုင်နှစ်ကြောင်းကဲ့သို့သော အကြည့်များ။ မင်းလွင်က တောက်ခတ်ရင်း...

"တောက်!!! အဲဒါပဲညီ သကြၤန်တုန်းက ငါမန္တလေးရောက်တယ်။ ငါမင်းဆီတောင် ဖုန်းဆက်သေးတယ်လေ။ မင်းကတော့ မင်းခံစားချက်နဲ့မင်း သူ့အတွက် အရုပ်ခေါက်နေ။ သူကတော့ မြင်တဲ့အတိုင်း။ ငါဖုန်းထဲမှာ ပြောဦးမလို့ပဲ။ မင်းကြည်နူးနေတာ ပျက်သွားမှာစိုးတာနဲ့။ ခုတော့ကွာ... တောက်...!"

မင်းလွင် ဒေါသကို လင်းစက်ညီ နားလည်ပေးနိုင်၏။ သူနားမလည်နိုင်သည်က ကိုယ့်ကိုကိုယ်သာဖြစ်နေ၏။ ဆုပ်ထားသောလက်အား သူပြန်ဖြေလိုက်၏။ စိုင်းဝင်းမော်က...

"ညီ မင်းဘာလုပ်မှာလဲ။ မင်းပြတ်သားသင့်ပြီညီ"

လင်းစက်ညီ လေးလံစွာ သက်ပြင်းချမိ၏။ သူငယ်ချင်းအားလုံး၏ အကြည့်များသည် လင်းစက်ညီထံ၌သာ စုပြုံစွာ ငြိမ်သက်နေကြ၏။ လင်းစက်ညီက

"ငါ သူ့ကို အပြစ်မမြင်လို့မရဘူးကွာ"

"မင်းကွာ"

မင်းလွင်က ထိုသို့ စိုစိုနစ်နစ်ကြီး မှတ်ချက်ပေး၏။ စိုင်းဝင်းမော်က ခေါင်းခါရင်း အကြည့်လွှဲသွား၏။ ကေသီလွင်က စိတ်မကောင်းဝမ်းနည်းမှုများ မျက်နှာပေါ်တွင် အထင်အရှား။ လင်းစက်ညီကိုယ်တိုင်လည်း ခေါင်းငုံ့နှုတ်ဆိတ်နေမိ၏။ မင်းလွင်က ဆက်ပြီး...

"မင်းဒီအတိုင်းတော့ မနေနဲ့ကွာ။ တစ်ခုခုတော့ ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်လိုက်"

လင်းစက်ညီ ခေါင်းငုံ့နေရာမှ ကေသီနွယ်အား မော့ကြည့်လိုက်သည်။ ကေသီနွယ်၏ မျက်ဝန်းများက ကူညီရန် အနေအထားအသင့်..

"ကေသီ ငါပြောတာသေချာနားထောင်"

"အေး ပြော ငါဘာကူညီပေးရမလဲ"

"သံသာ့ရင်ထဲက ငါနဲ့ပတ်သက်တဲ့ခံစားချက်တွေကို ငါဂဃနဏ သိချင်တယ်။ ဒီတော့..."

လင်းစက်ညီ သူ၏ Hand Phone  ကို ကေသီနွယ်အား လှမ်းပေးလိုက်ရင်း...

"ရော့.. ငါ့ဖုန်းယူသွား။ နင်တို့အတန်းပြီးရင် သေချာတာကတော့ သံသာကန်တင်းကို လာမှာမဟုတ်ဘူး။ ဒီတော့ နင် အတန်းထဲမှာပဲ အချိန်နည်းနည်းဆွဲပြီး သင်္ကြန်မှာ ဖြစ်ပျက်ခဲ့သမျှနဲ့ ငါ့အပေါ်ထားတဲ့ သူ့စိတ်ကို ရအောင်မေးပြီး အသံဖမ်းခဲ့"

"အေးဟုတ်တယ် အဲဒါကောင်းတယ်"

မင်းလွင်နှင့် စိုင်းဝင်းမော်ကပါ ဝိုင်းထောက်ခံကြ၏။ ကေသီနွယ်က..

"အေးဟုတ်ပြီ ညနေကျောင်းဆင်းချိန်လောက် နင်တို့ဒီကပဲစောင့်နေကြ"

ကေသီနွယ်ထ ထွက်သွား၏။

သင်္ကြန်ကျောင်းပိတ်ရက်များအတွင်း ဖြစ်ပျက်သမျှတို့ကို စကားဖောင်ဖွဲ့ကာ ဆွေးနွေးနေကြသည့် စံပယ်ဖြူကန်တင်းမှ စားပွဲဝိုင်းများတွင် လင်းစက်ညီ အမည်ရှိ စားပွဲဝိုင်းလေးသာ တိတ်ဆိတ်နေ၏။

ကျောင်းဆင်းခေါင်းလောင်းသံကို

ရိုးရိုးလေးပဲ တံခါးခေါက်လိုက်ပါရစေ...

(အိပ်မက်ဆိုးတွေကို ဆုတ်ဖြဲပြီး)

နင်များ ထွက်လာမလား

ဒါမှမဟုတ်...

ငါပဲ ထွက်သွားရမှာလား

ငါဟာ ကလေးငယ်တစ်ယောက်ဆို

ညနေခင်းဟာလည်း

ငါမကြည့်ရဲတဲ့သရဲကားပဲ ဖြစ်လိမ့်မယ်

တစ်ယောက်ထဲ နေရတာကို ကြိုက်တဲ့

ငါ့အတွက်နင်ပြောဖူးတယ်

ဘာတဲ့...

"လူတစ်ယောက်ဟာ တစ်ခုခုကို တောင့်တရပြီဆိုရင်

တစ်နည်းအားဖြင့် လွမ်းနေရပြီဆိုရင်

အထီးကျန်သွားမှာပါ

တစ်နည်းအားဖြင့်

နင်ဖြစ်ချင်နေတဲ့

တစ်ယောက်ထဲဆိုတဲ့ဘဝကို ရောက်သွားမှာပါ"

ဆိုလား...

ခုတော့

ကျွန်တော်လွမ်းမိ အပြစ်ရှိသည်ပေါ့...။

"ကေသီကလည်း ကြာလိုက်တာကွာ"

အကြောင်းအရာတစ်ခုကို စကားလမ်းကြောင်းစရန် မင်းလွင်ရည်ရွယ်၍ပြောလိုက်သော်လည်း စကားဆုံးသွားသည်နှင့် စားပွဲဝိုင်းလေးက တိတ်ဆိတ်ဆဲသာဖြစ်၏။ လင်းစက်ညီ သံသာချိုနှင့် သူ၏ကြားရှိ သံယောဇဉ်လေးအား ပြန်တွေးနေမိသော်လည်း သူ၏ ထိတ်လန့်စိတ်များကို

ဖေးမနိုင်ခြင်းမရှိလှ။ ကန်တင်းထဲတွင် ကျောင်းဆင်းချိန်မို့ လူရှင်းစပြုနေပြီဖြစ်သည်။ အများစုသည် လမ်းမပေါ်တွင် ထိုးစိုက်ထားသော ကျောင်းကားများပေါ်သို့ နေရာယူမှန်နေကြပြီဖြစ်သည်။ တစ်ချိန်က သူဆုတောင်းစာလိုက်ရေးခိုင်းခဲ့ဖူးသော ကျောင်းကားတန်းကြီးသည် ယခုတော့ သူကြောက်လန့်နေသည့် ညနေခင်းလေးအား ထိုးဖောက်ဖြိုခွင်းသွားရန် ဟန်ပြင်နေပြီ ဖြစ်သည်။ ကျောင်းကားတစ်စီးပေါ်မှ ကျောင်းသားတစ်ယောက်က သူ့အားလက်လှမ်းပြနေ၏။ တစ်ခါက ကက်ဆက်ခွေများနှင့် အလုပ်ရှုတ်နေသော ကျောင်းသားလေးမှန်း လင်းစက်ညီ ကောင်းကောင်း မှတ်မိသော်လည်း လင်းစက်ညီ လက်လှမ်းပြရန် အားမရှိ။ ခေါင်းညိတ်၍သာ ပြုံးပြလိုက်၏။ ကျောင်းကားတန်းကြားမှ ကေသီနွယ်ပေါ်လာ၏။ သူမ၏ မျက်နှာက စို့နစ်နစ် အက်ကွဲကွဲ ဇာတ်သိမ်းခန်းအတွက် ပြီးပါပြီဟု စာတန်းထိုးထားသည့်အလား ။ ကေသီနွယ်က ခုံတွင်ဝင်ထိုင်ရင်း လင်းစက်ညီအား ဖုန်းလှမ်းပေးကာ...

"ရော့ညီ.. ငါ့ဘာမှပြောနိုင်စွမ်းမရှိတော့ဘူး"

လင်းစက်ညီ တုန်ရီစွာဖြင့် ဖုန်းအားလှမ်းယူလိုက်သည်။ အခြေအနေမကောင်းမှန်းလည်း သူနားလည်သော်လည်း မဟုတ်ပါစေနဲ့ဟု တိတ်တဆိတ် ဆုတောင်းနေမိ၏။ ဖုန်းထဲတွင် အသံဖိုင်လေးတစ်ခုက အထင်အရှား။ လင်းစက်ညီ ခလုတ်တစ်ခုအား ဖိနှိပ်ပစ်လိုက်၏။

"ဟဲ့ဘယ်လိုဖြစ်ကုန်တာလဲဟာ နင်မွန္တလေးမှာ..."

"ဒါဆိုနင်သိပြီးသွားပြီပေါ့ကေသီ။"

"အင်း"

သက်ပြင်းချသံတစ်ခုက ကေသီနွယ့်ထံမှမဟုတ်မှန်း ကွဲပြားစွာ ကြားရ၏။

"အဲဒါ ငါငယ်ငယ်တုန်းက ကျောင်းနေဘက်တစ်ယောက်။ ခုမန္တလေးမှာ ပြန်ဆုံတာ။ အမှန်က သူလည်းရန်ကုန်ကပဲ။ ဒါပေမဲ့ဆုံမယ့်ဆုံတော့ မန္တလေးမှာ သွားဆုံတယ်။ သူကလည်းငါ့ကို ငယ်ငယ်ထဲက ချစ်နေတာဆိုတော့ ခုဖွင့်ပြောလာတယ်။ ငါ့ါစိတ်ကို ပြန်မေးကြည့်တယ် ကေသီ။ အဲဒီ့အချိန်မှာပဲ ငါသူ့ကိုလက်ခံပြီးသားဖြစ်သွားတယ်"

"ဒါဆို ကိုဖွဲ့ဆက်ကကော"

"သူက ငါမန္တလေးမသွားခင်ထဲက အဆက်ဖြတ်ခဲ့တာ"

"ဘယ်လို...! ဒါဆို လင်းစက်ညီကော"

စကားပြောသံများ ခဏတာတိတ်ဆိတ်သွား၏။ သံသာချို တစ်ခုခုကိုပြောသင့်မပြောသင့် စဉ်းစားနေပုံရ၏။ သို့မဟုတ် အားယူနေသည်ဟုလည်း လင်းစက်ညီထင်မိ၏။ အားလုံး၏အာရုံသည် ခပ်အုပ်အုပ်လေး ထွက်ပေါ်နေသော ဖုန်းထဲမှ အသံတစ်ချို့ဆီသို့...

" ငါအရင်ကတော့ ညီ့ကို ချစ်သလိုလိုရှိတယ်ဟ..ဒါပေမဲ့"

လင်းစက်ညီ အသံဖိုင်လေးအား ပိတ်ပစ်လိုက်၏။ မင်းလွင်က...

" မင်းဆက်နားမထောင်တော့ဘူးလား ညီ"

လင်းစက်ညီက ဖုန်းကို အိပ်ကပ်ထဲထည့်ရင်း ဆွေးဆွေးမြွေမြွေပြုံးကာ...

"ဒီစကားတစ်ခွန်းနဲ့တင် ငါဆက်နားမထောင်ဘဲ အသည်းကွဲဖို့ လုံလောက်နေပြီပဲကွာ"

"မင်း အသင့်ဖြစ်နေတဲ့ မွေးနေ့လက်ဆောင်ကကော"

"သူက ငါ့ကိုပဲ ဖယ်ပစ်လိုက်တာပါကွာ ငါ့မွေးနေ့လက်ဆောင်ကို မဟုတ်ပါဘူး"

ကေသီနွယ်က...

"ညီ သံသာက သူ့မွေးနေ့ကျရင် နိုင်ငံခြားသွားတော့မှာတဲ့။ ဒီနေ့ကျောင်းလာတာကလည်း ကျောင်းကို အလွမ်းပြေလာကြည့်ရင်း နောက်ဆုံးနှုတ်ဆက်တာတဲ့"

လင်းစက်ညီ ငိုင်ကျသွား၏။ မျက်နှာကို အေးစက်စက်လက်ဖဝါးဖြင့် ပွတ်သပ်လိုက်ရင်း...

"ဒါဆိုရင်တော့ ငါ့မွေးနေ့လက်ဆောင်အတွက် ကံကောင်းပါစေလို့ပဲ ပြောရတော့မှာပေါ့"

ထိုနေ့က တက္ကသိုလ် အပြန်လမ်းမပေါ်တွင် ကျောင်းသားသုံးယောက်နှင့် ကျောင်းသူတစ်ယောက်။ တိတ်တဆိတ်နှင့် ပြန်လည်ကြားယောင်နေမိသော စကားသံများ။ အတွေးကိုယ်စီနှင့် လူလေးယောက်။ သူတို့အတူတကွ နေဝင်ပစ်လိုက်ကြသော ဆွေးမြေ့မြေ့ ညနေခင်း..

ခါး... သက်...

အနာပေါ် ပေရယ် ကျတယ်

အဲဒီ့ကျောင်းထဲက ဇာတ်လမ်းမှာ

သကြာန်က ငါ့ကိုသတ်သွားတာ...

# ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်

ညနေခင်းတစ်ခုတွင် တိုက်ခတ်လာသော လေပြေလေးနှင့်အတူ အဖြူရောင် ကားလေးတစ်စီး ထိုးစိုက်သွားပြီး ကားပေါ်မှ ကောင်မလေးတစ်ယောက် ဆင်းလာ၏။ သူမ ခရီးဆောင် သေတ္တာလေးအား ပလက်ဖောင်းပေါ်တွင်ချလိုက်ရင်း နာရီကို ကြည့်လိုက်၏။ လေယာဉ်ချိန် လိုနေသေး၏။ ထွက်ခွါသွားတော့မည့် သူတစ်ယောက်အား လိုက်ပို့မည့်သူမရှိသော ခံစားချက်မျိုးက သူမအား စိတ်အားငယ်စေ၏။ သို့သော် သူမ၏မျက်နှာက တည်ငြိမ်လွန်းလှ၏။ ခရီးဆောင်သေတ္တာလေးအား ဆွဲရင်း လေဆိပ်ထဲဝင်ရန် သူမ ဟန်ပြင်လိုက်၏။ ထို့နောက် ခရီးဆောင်သေတ္တာဘီးလေးသည်လည်း တလိမ့်လိမ့်နှင့်...

တစ်ပတ်...

နှစ်ပတ်...

သုံးပတ်...။

"သံသာ.."

သူမ၏ ခြေလှမ်းများ ရပ်တန့်သွား၏။ နောက်သို့လှည့်မကြည့်ပါဘဲ လင်းစက်ညီမှန်းသူမသိနေ၏။ သူမ၏မျက်နှာထားကို လင်းစက်ညီမမြင်မီ စိတ်အားတင်းလိုက်၏။ မျက်နှာပုံစံက ပကတိအတိုင်းအေးစက် မာကျောလျှက် စစ်ထွက်တော့မည့် စစ်သူရဲကောင်းတစ်ယောက်အလား...

"ငါနင့်ကိုလိုက်ပို့တာ သံသာ။ ရော့ ဒါကနင့်အတွက်မွေးနေ့လက်ဆောင်"

လက်ဆောင်အိတ် အကြည်ရောင်လေးထဲတွင် ဖန်ပုလင်းလေးနှစ်လုံးက ထိုးထိုးထောင်ထောင်နှင့် အထင်းသား မြင်နေရ၏။ ထိုဖန်ပုလင်းလေးနှစ်လုံးထဲတွင် ကြိုးကြာစက္ကူရုပ်လေးများ အပြည့်။ လင်းစက်ညီက ဆက်ပြီး...

"ငါနင့်အတွက်မွေးနေ့လက်ဆောင် လုပ်ထားတယ် ဆိုတာလေ။ ငါရောင်စုံစက္ကူ(၅၆၈)ရွက် ယူတယ်။ ပြီးတော့ ကျောင်းမှာတွေ့တဲ့ သူတိုင်းကို နင့်အတွက် မွေးနေ့ဆုတောင်းစာလိုက်ရေးခိုင်းတယ်။ ဆိုလိုတာကတော့ဟာ နင်နဲ့မသိတဲ့သူတွေ အများကြီးက နင့်အတွက် မွေးနေ့ဆုတောင်း တောင်းပေးကြတဲ့ သဘောပေါ့။ ပြီးတော့ အဲဒီစာရွက်လေးတွေကို ငါကြိုးကြာရုပ်ခေါက်လာခဲ့တာ"

သံသာချိုနှုတ်ဆိတ်နေ၏။ စိတ်ကိုတင်းထားမှန်း မျက်နှာတွင် ပေါ်လွင်နေ၏။ သို့သော် မအံ့သြသည့် မျက်နှာထားမျိုးနှင့် လင်းစက်ညီပြောသမျှအား နားထောင်နေ၏။

"ဘာလို့ စာရွက်က (၅၆၈) ရွက်ဖြစ်နေတာလဲဆိုတော့... နင်သိလားသံသာ။ ငါနင့်အတွက် ဆေးလိပ်ဖြတ်လိုက်ပြီဟ။ ဒီနေ့နင့်မွေးနေ့မှာ ငါဆေးလိပ်ဖြတ်တာ (၁၄၂) ရက်ပြည့်တယ်။ ငါဆေးလိပ်သောက်တဲ့ သက်တမ်းလေးနှစ်နဲ့မြှောက် (၅၆၈) ရတယ်။ အဲဒါကြောင့် (၅၆၈)ရွက် ဖြစ်နေတာ..."

လင်းစက်ညီ အားတင်း၍ပြုံးနေရသော်လည်း ရင်ထဲတွင် ထုံကျင်မိနေ၏။ သံသာချို့နှုတ်ဖျားမှ ပြန်ပြောလာမည့် စကားတစ်ခွန်းခွန်းကို သူကြားချင်မိ၏။ သံသာချိုက ပကတိအတိုင်း တိတ်ဆိတ်နေဆဲဖြစ်၏။

"သံသာ ငါ့ကိုတစ်ခုခုပြန်ပြောပါဦးဟာ"

သံသာချိုနှုတ်ခမ်းဖျားများ ကွေးသွားရင်း ပြုံး၏။ ထိုအပြုံး၏အဓိပ္ပါယ်ကို လင်းစက်ညီ ကောင်းကောင်းသဘောပေါက်၏။

"နင့်လက်ဆောင်ကို ငါသဘောကျတယ်ပဲ ထားလိုက်ပါ။ ဒါပေမဲ့ငါယူမသွားတော့ဘူး။ နင်ပဲ သိမ်းထားလိုက်တော့"

"ဘာ!"

ကိုယ်တန်ဖိုးထားသော အရာအား ပုတ်ခတ်ခံလိုက်ရပါက တည်ငြိမ်ရန်ခက်ခဲလွန်းလှ၏။ လင်းစက်ညီ ရင်ထဲ မုန်တိုင်းများ ပစ်ကျသွား၏။ မွန်းကြပ်စို့နစ်နေ၏။

"နင့်လက်ဆောင်ကို ငါယူမသွားတော့ဘူးလို့ပြောတာ"

လင်းစက်ညီ တစ်ကိုယ်လုံး ထူပူနေမိ၏။ နှုတ်ခမ်းပါးတို့ တဆတ်ဆတ်တုန်ရီကာ ပြောစရာစကားတို့ ပျောက်ရှနေ၏။ မျက်လုံးများက လှိုင်းကြမ်းတို့ဝှန်းဒိုင်းကျဲနေ၏။ ရင်ဘတ်ထဲ တဒိတ်ဒိတ်နှင့် စစ်ပွဲတစ်ခု စတင်ရန်ခရာမှုတ်နေသည့်အလား။ လင်းစက်ညီ အသံများ တုန်ယင်စွာဖြင့်...

"နင်နဲ့ငါကြားက အဖြစ်အပျက်တွေအားလုံး နင်နဲ့ငါပဲသိတယ်"

သံသာချို၏ မျက်နှာပေါ်ရှိ မဲ့ပြုံးလေးကား ပြုတ်ကျမသွား။ မြင်ရသူခံရခက်စေလောက်သည်အထိ ထိုအပြုံးလေးက ရောင့်တက်လာ၏။ သံသာချိုက...

"အရာရာတိုင်းဟာ အကြောင်းရှိလို့ အကျိုးဖြစ်လာတာချည်းပဲ လင်းစက်ညီ"

ဖြစ်ပျက်ခဲ့သမျှတို့ကို သူ့အပေါ်သာ အပြစ်ပုံချလိုက်မှန်း လင်းစက်ညီ နားလည်လိုက်၏။ သိပ်ပြင်းထန်စွာ လှုပ်ရှားနေသော သူ၏စိတ်ကို မနိုင်မနင်းထိန်းချုပ်ပြုံးရင်း...

"အနိုင်ပိုင်းသွားတဲ့သူဟာ အနိုင်ရသွားတဲ့သူမဟုတ်ဘူးဆိုတာ နင်မှတ်ထား သံသာချို"

အတန်ငယ်တိတ်ဆိတ်သွားပြီး သံသာချို၏ နှုတ်ဖျားမှ ထေ့ငေါ့သံများဖြင့် စကားလုံးများ ထွက်ကျလာ၏။

"ငါ့ကို အထင်လွဲနေတဲ့သူတိုင်းကိုသာ လိုက်ရှင်းပြနေရရင် တစ်နေ့မှာ (၂၄) နာရီဆိုတာ လောက်မှာတောင်မဟုတ်ဘူး။ နောက်ပြီး အဲလိုလိုက်ရှင်းပြနေဖို့ကိုလည်း ငါကိုယ်တိုင်က ပျင်းနေတာ။ ကဲပါ။ နင်လိုက်ပို့တဲ့အတွက်တော့ ကျေးဇူးပဲ။ ငါလည်းလေယာဉ်ကွင်းထဲ ဝင်တော့မယ်"

မျက်နှာချင်းဆိုင်နေရာမှ သံသာချိုလှည့်ထွက်မသွားမီ သူမ၏လက်ကို လင်းစက်ညီ လှမ်းဆွဲလိုက်၏။

"ခဏလေးသံသာ နင့်ကိုငါ ပြောစရာ နှစ်ခုရှိတယ်"

လင်းစက်ညီ၏ မျက်ဝန်းများကား ရေငွေ့ရိုက်ခံထားကြရသည်။ တစ်ချိန်လုံး တင်းမာလာသမျှ သံသာချို၏ မျက်နှာသည် မျက်လုံးအဝိုင်းသားနှင့် ပါးစပ်အဟောင်းသားတို့ အဖြစ်သို့ ပြောင်းလဲသွား၏။ လင်းစက်ညီ သူမကို ပြောစရာရှိလာတိုင်း အမြဲ နှစ်ခု ဖြစ်နေတတ်သည့် အမှတ်တရလေးက သူမ၏ နလုံးသားအား ဆွဲခါ လှုပ်ရမ်းလိုက်ခြင်းဖြစ်သည်။ လင်းစက်ညီက ဆက်ပြီး…

"ပထမတစ်ခုက နင့်ကိုငါ… သိပ်ချစ်တယ် သံသာ"

သံသာချို သွေးကြောလေးများ ပူနွေးသွားသလို ခံစားလိုက်ရပြီး သူမကိုယ်တိုင် အသက်အောင့်မိလိုက်၏။ သူမ လင်းစက်ညီအား စေ့စေ့ကြည့်နိုင်စွမ်းမရှိတော့ပေ။ သူမလင်းစက်ညီအား ကျောပေးကာ နောက်သို့လှည့်လိုက်ပြီး…

"ဒုတိယတစ်ခုကကော…"

သံသာချို၏ အသံများတွင် ဆွဲဆွဲငင်ငင်နှင့် တုန်ရီသံများ ပါဝင်နေ၏။ ရှိုက်သံမထွက်မိအောင် ထိန်းချုပ်ထားရသည့်အတွက် သူမ ပင်ပန်းနွမ်းလျနေ၏။ လင်းစက်ညီက…

"ဒုတိယ တစ်ခုက ဒီတစ်ခါတော့ ငါပဲ အရင်ထွက်သွားပါရစေ"

မေလခေါင်ခေါင်တွင် ကောင်းကင်က မည်သည့်မိုးလေဝသမျိုးဖြင့် မိုးရွာလိမ့်မည်နည်း။ ရွာခဲ့သည်ရှိသော်လည်း မည်သို့သော် မိုးစက်မျိုးက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အ၀ အမိုးအကာအောက်ရှိ ကြမ်းပြင်ကို စိုစွတ်စေနိုင်လိမ့်မည်နည်း။ သို့သော် ထိုနေရာ၌ မိုးရေတစ်စက် အမှန်တကယ်ပင် စိုစွတ်သွား၏။ သံသာချို ပင့်သက်ရှိုက်ရင်း နောက်သို့လှည့်ကြည့်လိုက်၏။ လင်းစက်ညီ မရှိတော့။ လင်းစက်ညီရပ်နေခဲ့သော နေရာတွင် အဖုံးပိတ်ခံထားရသော ကြိုးကြာငှက်ငယ်တို့သာ...။

ကောင်းကင်သည် ပစ်မှတ်ကွက်တစ်ခု ဖြစ်သွားသောအခါ လေယာဉ်ပျံသည် မြားတစ်စင်းအလား တစိုက်မတ်မတ် ထိုးစိုက်ပျောက်ကွယ်သွားတော့၏။

"အနိုင်ပိုင်းသွားတဲ့သူဟာ အနိုင်ရသွားတဲ့သူမဟုတ်ဘူးဆိုတာ နင်မှတ်ထား သံသာချို"

သူမ ပျံ့သန်းနေရာလေယာဉ်ပျံပေါ်တွင် ငြိမ်သက်စွာထိုင်နေရင်းက အကြိမ်ကြိမ်ပြန်လည်ကြားယောင်နေမိ၏။ လွယ်အိတ်လေးထဲမှ writing pad လေးထုတ်ကာ သူမစာကြောင်းတစ်ချို့ ရေးချနေမိသည်။

"မဟုတ်ဘူး.. မဟုတ်ပါဘူး ညီရယ်။ ငါဟာ နင်နာကျည်းသွားစေဖို့ ငါ့နလုံးသားကို ငါ အရင်ခွဲခဲ့ရတာ။ နင်မှတ်မိသေးလားညီ.. ငါနလုံးမကောင်းလို့ ဆေးရုံတက်ခွဲစိတ်ရတုန်းကလေ။ အဲဒီတုန်းက ခွဲစိတ်မှုအောင်မြင်ခဲ့ပေမဲ့ ငါ့ရောဂါက အရင်အတိုင်းကလွဲလို့ ဘာမှထူးမလာခဲ့ပါဘူးညီရယ်။ စာမေးပွဲမတိုင်ခင် ငါဆေးခွင့်ယူပြီးနားလိုက်ရတာပဲကြည့်။ ငါ့ရောဂါအခြေအနေမကောင်းဘူး ညီ။ ခုနိုင်ငံခြားမှာ ငါ့မိဘတွေ ငါ့ရောဂါခွဲစိတ်ဖို့ကိစ္စ ပြင်ဆင်ဖို့ ကြိုရောက်နှင့်နေကြပြီ။ အပေါင်းလား အနုတ်လား မသိရတဲ့ ရလာဒ်တစ်ခုအတွက် ငါ့နင်ပင်ပန်းမှာကို မလိုလားလို့ပါ ညီရယ်...။ အကယ်၍ ခွဲစိတ်မှုသာ အဆင်မပြေလွဲချော်ခဲ့ရင်..."

သူမ၏ ပါးပြင် ပူနွေးသွား၏။ မိုးရွာခါနီးတွင် လေနုအေးလေးများ တိုက်ခတ်လာတတ်၏။ မျက်လုံးတို့ ရှာသွန်းသည့်အခါ အပူချိန်နှင့် သက်ဆိုင်ပါသလား။ သူမတွေးမိရာမှ လေယာဉ်ရှေ့ပိုင်း ဖန်သားပြင်ပေါ်သို့လှမ်းကြည့်လိုက်၏။

" External Temperature : -35˙C "

သူမ မျက်ရည်များကို သုတ်လိုက်ရင်း စာတစ်ကြောင်းထပ်မံရေးလိုက်၏။

"ငါနင်ပြောသွားတဲ့ စကားနှစ်ခွန်းထဲက ပထမစကားတစ်ခွန်းကို သိပ်မြတ်နိုးတာပဲ ညီရယ်"

သူမ၏ ရှေ့ ထိုင်ခုံကျောမှီရှိ TV သေးသေးလေးမှ ခလုတ်တစ်ချို့အား နှိပ်လိုက်၏။ လေယာဉ်ပျံ ပျံသန်းနေသည့် မြေပုံ။ လေယာဉ်ပျံလေးက မြန်မာနိုင်ငံမှ တရွေ့ရွေ့နှင့်...။

လေယာဉ်ပျံနောက်၌ ကျန်ရစ်သော မီးခိုးငွေ့တန်းသည်လည်း အချိန်ကာလ တစ်ခုအောက်တွင် ပျောက်ကွယ်သွားဦးမည်သာ...။

နင်နဲ့ငါ့အတွက်

အမှတ်တရဆိုတာ

မျဉ်းဖြောင့်နှစ်ကြောင်း ခဏလေးထိတွေ့ရာက

ဖြစ်ပေါ်လာတဲ့

ဆုံမှတ်ကလေးပဲဖြစ်တယ်။

**နင်ကမျဉ်းဖြောင့်တစ်ကြောင်းဆို**

**ငါကလည်း..**

**မျဉ်းဖြောင့်တစ်ကြောင်းပဲပေါ့။**

**ခဏလေးဆိုတာကလည်း**

**တကယ်ကို ခဏလေးပါပဲ။**

**ငါတို့ချစ်တဲ့**

**ဆုံမှတ်လေးအတွက်**

**လမ်းခွဲတွေများတာတော့**

**မတရားဘူးကွယ်...။**

"ညီ.. သံသာ မြန်မာနိုင်ငံပြန်ရောက်နေပြီ"

လင်းစက်ညီ လက်ထဲရှိ ဂစ်တာသံက ခပ်ပြတ်ပြတ်နှင့် ရပ်တန့်သွား၏။ သူမေ့ပစ်ရန် ကြိုးစားခဲ့သော အတိတ်တို့က ပြယ်လွင့်ပျောက်ကွယ်စ ပြုချိန်မို့ အေးတိအေးစက်နိုင်လွန်းလှ၏။ လင်းစက်ညီ မင်းလွင်အား မေးခွန်းပြန်ထုတ်လိုက်၏။

" ငါ့ကိုပစ်သွားတဲ့ မိန်းမတစ်ယောက်ကို ငါပြန်ပြီးဆက်သွယ်ရမှာလား မင်းလွင်။ သူ့ကိုငါချစ်တယ်။ ဒါပေမဲ့ သူဟာ ငါ့ဘဝလက်တွဲဖော်မဖြစ်နိုင်တော့ဘူး"

"ငါ့အမြင်တော့ သူမင်းနဲ့ပတ်သက်ခဲ့တာ စိတ်ကစားချင်တာကြောင့်ပဲလို့ ငါထင်တယ်"

"သံသာ ပြန်လာပြီလို့ မင်းကဘယ်က ကြားတာလဲ"

" မနေ့က သံသာ ငါ့ဆီဖုန်းဆက်လာတာ"

အားလုံး၏ အကြည့်များက ကေသီနွယ့်ထံတွင် စုပြုံကျရောက်သွား၏။ ကေသီနွယ်က ဆက်ပြီး…

" သူပြန်ရောက်တာ သိပ်မကြာသေးဘူးထင်တယ်။ နင်တို့ထင်သလို သံသာက စိတ်ကစားတယ်ပဲထားဦး သူညီ့အပေါ်မှာတော့ တော်တော်သံယောဇဉ်ကြီးခဲ့တယ်လို့ ငါထင်မိတာပဲ"

လင်းစက်ညီ ခေါင်းကိုသာ တွင်တွင်ခါရမ်းနေမိ၏။ မင်းလွင်က…

"သူအိမ်ထောင်ကျသွားပြီလား"

"အေးဟ ငါလည်းအဲဒါသူ့ကိုမေးဖြစ်တယ်။ သူကရယ်ရယ်မောမောနဲ့ပြောတယ်။ သူမင်္ဂလာဆောင်ရင်တော့ ညီ့ကိုဖိတ်စာပို့လိုက်မယ်တဲ့"

"တောက် ! ဒီမိန်းမ တော်တော်တရားလွန်နေပြီ"

မင်းလွင်၏ဒေါသကို လင်းစက်ညီနားလည်၏။ သူကိုယ်တိုင်လည်း စိတ်က မအီမလည်ဖြစ်နေသည်မို့ ထွေထွေထူးထူးပြောစရာစကားမရှိ။ ခပ်မဲ့မဲ့လေးပြုံးရင်း...

"လေးနှစ်ကျော်တောင် ကြာခဲ့ပြီပဲ။ အခုတော့ သံသာနဲ့ငါ့ဇာတ်လမ်းက အဆုံးသတ်တော့မှာပါ"

လင်းစက်ညီလက်ထဲရှိဂစ်တာသံက တဖြည်းဖြည်းချင်း စီးမျောနေ၏။ သံယာနာပျော်ဖွယ်အသံနှင့် မတူ။ အက်ကွဲကွဲနိုင်လှ၏။ သီချင်းဆိုသံများအစား သက်ပြင်းချသံများသာ တလှိုက်လှိုက်ထွက်ပေါ်နေ၏။

လူခေါ်ခေါင်းလောင်းသံကြောင့် သံသာချို အိမ်ထဲမှ ထွက်လာခဲ့လိုက်၏။ ခြံဝတွင် ထူးထူးခြားခြား အရိပ်အယောင်မတွေ့ရ။ တံခါးတွင် ထိုးစိုက်ထားသော နှင်းဆီပွင့်လေးအား သူမလှမ်းယူလိုက်၏။ နှင်းဆီပွင့်လေးနှင့်တွဲလျှက်ရှိနေသော ပို့စ်ကဒ်လေးတစ်ခု...

"ကိုယ်အဝေးကြီးမှာမဟုတ်ဘူး။ သတိရရင် မင်းစိတ်ကို မင်းပြန်မေးကြည့်လိုက်ပါ သံသာ"

သူမ တစ်ကိုယ်တည်းပြုံးမိ၏။ သူမပတ်ဝန်းကျင်တွင် ထိုကဲ့သို့ထူးထူးခြားခြား ပြုလုပ်တတ်သူသည် လင်းစက်ညီ တစ်ယောက်ထဲသာရှိ၏။ သူမထံ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာသော နှင်းဆီပန်းလေးအား သံသာချို လင်းစက်ညီဟု နာမည်ပေးလိုက်၏။ ရုတ်တရက်…

"မမရေ.. ဖုန်းလာနေတယ်"

"ဩော်အင်း ညီမလေး လာပြီ"

ညီမငယ်ဖြစ်သူခေါ်လာသောအသံကြောင့် အတွေးစများရပ်စဲ၍ သူမအိမ်ထဲသို့ဝင်လာခဲ့လိုက်၏။

"ဟဲလို…"

"ကိုယ်ပို့လိုက်တဲ့ နှင်းဆီလေး ရပြီးပြီမလားသံသာ"

လေးနှစ်ကျော်ဟူသော အချိန်ကာလသည် သူမအတွက် တဖက်မှ အသံကို အကဲခတ်ခန့်မှန်းရန် ခက်ခဲလွန်းလှ၏။ သူမလင်းစက်ညီဟုသာ တွက်ထားလိုက်၏။

"ရပြီးပြီ ညီ"

တဖက်မှ ရယ်မောသံ ခပ်အက်အက်တစ်ခုထွက်ပေါ်လာပြီး…

"မင်းက ကိုယ့်ကို လင်းစက်ညီလို့ ထင်နေတာကိုး"

"ထင်နေတာမဟုတ်ဘူးညီ ငါသိနေတာ။ နံပါတ် (၁) ငှါးပတ်ဝန်းကျင်မှာ ဒီလိုထူးထူးဆန်းဆန်း လုပ်တတ်တာဆိုလို့ နင်ပဲရှိတယ်။ နံပါတ် (၂) ဟိုတစ်နေ့က ငါကသေဲ့ကိုဖုန်းဆက်ပြောပြီး ငါပြန်ရောက်နေပြီဆိုတာ နင်သိသွားမှန်း ငါခန့်မှန်းလို့ရပါတယ်"

"သံသာ.. လက်ဆုပ်လက်ကိုင်မပြနိုင်ဘဲနဲ့တော့ မစွပ်စွဲချင်ပါနဲ့ဦး။ စောပါသေးတယ်"

"လူတစ်ယောက် ဝန်မခံချင်တဲ့ကိစ္စကို ငါခေါင်းရှုတ်ခံပြီး စဉ်းစားနေမှာမဟုတ်ဘူးဆိုတာ နင်သိမှာပါ။ တစ်ခုတော့ရှိတယ် မသိစေချင်ဘူးဆိုရင်တော့ ငါလက်ဆုပ်လက်ကိုင်ပြနိုင်အောင်မလုပ်နဲ့ပေါ့"

တဖက်မှ ရယ်သံခပ်အက်အက်တစ်ခု ထွက်ပေါ်လာပြန်၏။

"စိတ်ချ... မနက်ဖြန်မနက် (၈)နဲ့ (၉)နာရီကြားမှာ ငါကိုယ်တိုင်နင်းဆီပန်းလာပို့ပေးမယ်။ နင်အိမ်က စောင့်နေ"

တစ်စုံတစ်ခုကို သံသာချိုတုန့်ပြန်ရန်ဟန်ပြန်လိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

"သူ လင်းစက်ညီပါ ဘာကြောင့်ဒီလိုတွေထပ်လုပ်နေတာလဲ"

သံသာချို အတွေးများစွာနှင့်ချောင်ပိတ်မိနေ၏။ စိန်ခေါ်ပွဲတစ်ခုကို တိတိပပလက်ခံလိုက်ရသလို သူမ စိတ်မောဟိုက်ရင်းကျန်ရစ်ခဲ့၏။ နောက်နေ့မနက်(၈)နာရီသည် မည်သို့ဖြစ်နေမည်နည်း။ ရင်ခုန်စရာများစွာကို လင်းစက်ညီယူလာလိမ့်မည်ဟု သံသာချို ကျိမ်းသေတွက်လိုက်၏။

ပုစ္ဆာတစ်ပုဒ်အား အဖြေရှာရန်ကြိုးစားအားထုတ်မှုထဲတွင် မနက်ခင်းစောစော အိပ်ယာထခြင်းလည်း ပါဝင်နေ၏။ နှိုးစက်သံကြောင့် သံသာချိုနိုးလာပြီး နာရီကိုကြည့်လိုက်၏။ (၀၇း၀၀) နာရီ။ အခန်းပြတင်းပေါက်တွင် တံခါးကိုဖွင့်၍ မနက်ခင်းကို သူမရှူရှိုက်လိုက်၏။ သို့ရာတွင် ပေ့ါပါးမသွား စိတ်ထဲတွင် လေးလံနေဆဲသာဖြစ်၏။

စာကြည့်စားပွဲပေါ်ရှိ ဖန်ပုလင်းလေးနှစ်လုံးအား သူမတွေဝေစွာ ငေးကြည့်နေမိ၏။ တစ်ချိန်က သူမ ရရှိခဲ့ဖူးသော မွေးနေ့လက်ဆောင် ကြိုးကြာငှက်ရုပ်လေးများ။ သူမ၏

စိတ်သည်လည်း ထိုငှက်ရုပ်လေးများနှင့်အတူ ပိတ်မိနေပြန်၏။ သံသာချို ဒုတိယအကြိမ်ကို အသက်ခပ်ပြင်းပြင်း ရှူသွင်းမိ၏။ ထို့နောက် ရေချိုးခန်းဝင် မျက်နှာသစ်ကာ အိမ်အောက်ထပ်သို့ ဆင်းလာခဲ့လိုက်၏။ တနင်္ဂနွေနေ့မို့ အိမ်တွင်လူစုံနေ၏။

"သမီး သံသာ"

"ရှင်.."

"နောက်ကားက ကျော်တက်တော့မယ် ညည်းအလှည့်က ဘယ်တော့လဲ"

သူမ၏ဖခင်ထံမှ ထွက်လာသော ပွင့်လင်းလွန်းသည့်မေးခွန်းကြောင့် သံသာချို ကြောင်အမ်းအမ်းဖြစ်သွား၏။ သူမတို့မိသားစုသည် ထိုသို့ ပွင့်လင်းမြဲဖြစ်နေတတ်သောကြောင့် သံသာချို့အတွက်ကား အထူးအဆန်းမဟုတ်တော့။ သံသာချိုက ဘေးမှ သူမ၏ညီမဖြစ်သူ နှင်းစက်ချိုအား လှည့်ကြည့်လိုက်၏။ နှင်းစက်ချိုက ရှက်ကိုးရှက်ကန်းဖြစ်နေ၏။

"အဲ .. ရှင်းအောင်ပြောပါဖေဖေရဲ့"

"သမီးကို ဆေးကုပြီးတဲ့နောက်ပိုင်း သမီးကို ဖေဖေတို့ မြန်မာနိုင်ငံပြန်မခေါ်ခဲ့ဘူးနော်။ ခု ဘာလို့ပြန်ခေါ်တာလဲ သမီးသိလား"

သံသာချိုခေါင်းခါပြလိုက်၏။

"အင်း သမီး ညီမလေး မင်္ဂလာဆောင်တော့မယ်"

"ဟယ် ခွေးမလေး နင်က ကိုယ့်အစ်မကိုတောင် အသိမပေးဘူး"

နင်းစက်ချိုက စပ်ဖြဲဖြဲဖြစ်နေ၏။ သံသာချိုက ထပ်ပြီး...

"အင်းပါ နင်ယူမှာပဲ ငါယူမှာမှမဟုတ်တာ နင်တို့အဆင်ပြေရင်ပြီးတာပါပဲလေ"

"ကဲကဲ သမီးသံသာလည်း တွေ့နေပြီဆို ခေါ်လာဦးနော် အဖေတို့ အကဲခတ်ကြည့်ရအောင်လို့"

သူမ ညင်သာစွာ ခေါင်းညိတ်ပြလိုက်၏။ မနက်စာ စကားဝိုင်းထဲတွင် သူမစိတ်သိပ်မပါလှ။ မနက်ခင်း(၈) နာရီနှင့် နင်းဆီပန်းလေးထံသို့ အာရုံပြန့်လွင့်နေ၏။ မနက်စာစားပြီး၍ သူမ ခြံထဲသို့ဆင်းလာခဲ့လိုက်၏။ ၇နာရီ ၄၅မိနစ် ယွန်းယွန်း။

ဆိတ်ငြိမ်ရပ်ကွက်လေးမို့ လမ်းမပေါ်တွင် ဖြတ်သွားဖြတ်လာဟူ၍ သိပ်များများစားစား မရှိလှဘဲ လမ်းမတစ်လျှောက် အတော်အသင့် တိတ်ဆိတ်နေ၏။ ခြံထဲရှိ ဒန်းလေးပေါ်တွင် လက်ပိုက်ထိုင်နေရင်းက သံသာချိုတစ်ယောက် ခြံရှေ့ကိုငေးနေမိ၏။ ခဏကြာပြီးနောက် ၈နာရီထိုးသွားပြီဖြစ်ကြောင်း သံသာချို သူမ၏ လက်ပတ်နာရီ ပိစိကွေးလေးအားကြည့်ခြင်းဖြင့် သိလိုက်၏။ ရုတ်တရက်...

"မမရေ ဖုန်းလာနေတယ်"

သံသာချို ပြုံးလိုက်မိ၏။ ထိုဆက်လာသည့်ဖုန်းသည် နင်းဆီပန်းနှင့် ပတ်သက်နေမည်ကို သံသာချို သိနေ၏။ သူမအိမ်ထဲဝင်သွား၍ ဖုန်းကိုင်လိုက်သည်နှင့် ခြံဝတွင် နင်းဆီပန်းရောက်နေတော့မည်ဟု သူမကြိုတင်တွေးဆမိလိုက်၏။

"မမရေချိုးခန်းထဲ ရောက်နေတယ်လို့ ပြောလိုက် ညီမလေး"

"ဟုတ်ကဲ့မမ"

ညီမငယ် နင်းစက်ချိုက နားမလည်စွာ ခေါင်းကုတ်ရင်း အိမ်ထဲဝင်သွား၏။ သံသာချိုက နေရာမရွေ့ဘဲ ဒါန်းပေါ်တွင် လက်ပိုက်ရင်း မိန့်မိန့်ကြီးထိုင်ကာ အိမ်ရှေ့လမ်းမသို့အကဲခတ်နေ၏။ သို့သော် အချိန်ကြာမြင့်လာပြီး (၈)နာရီခွဲသွားသည့်တိုင် မသက်ာစရာ အရိပ်အရောင်ဟူ၍မတွေ့ရ။ ရုတ်တရက် လျှပ်စစ်ဝန်ထမ်းယူနီဖောင်းနှင့် အမျိုးသားတစ်ဦး ခြံမျက်စောင်းထိုးရှိဓာတ်တိုင်အောက်တွင် လှေကားထောင်ရင်း အလုပ်ရှုတ်နေသည်ကို သူမ သတိထားလိုက်မိ၏။ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသောကြောင့် မည်သူမည်ဝါ မသည်းကွဲ။ ထိုသူလွယ်ထားသော လွယ်အိတ်လေးထဲမှ အစိမ်းရောင် ရိုးတံလေးတစ်ခုအား ထင်ရှားစွာသူမ မြင်နေရ၏။

သံသာချို ထိုပုဂ္ဂိုလ်အား မသက်ာတော့။ ခြံတံခါးအုတ်ဘောင်ဘေးမှနေ၍ မျက်ခြေမပြတ်အကဲခတ်နေလိုက်၏။ အချိန်နာရီဝက်ခန့်သာ ကြာမြင့်သွား၏။ လှေကားပေါ်မှ ပြန်ဆင်းလာသော လျှပ်စစ်ဝန်ထမ်းက လှေကားကို မ ကာ သူမထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ၏။

"အစ်မက သံသာချိုလား ခင်ဗျာ"

"ဟုတ်ပါတယ်"

"အစ်ကို တစ်ယောက်က စာပေးခိုင်းလိုက်လို့ပါ"

စာရွက်အဖြူခေါက်လေးအား သူမ လှမ်းယူလိုက်၏။

"ကျွန်တော့်ကိုခွင့်ပြုပါဦး"

"ခဏနေဦး ရှင့်ကိုပေးခိုင်းတဲ့လူက ဘယ်သူလဲ သူ့ပုံစံဖြစ်ဖြစ် ကျွန်မကို ပြောပြနိုင်မလား"

လျှပ်စစ်ဝန်ထမ်းလေးက ပြုံးရင်း...

"ကျွန်တော့်ကို အစ်မဘာမေးမေး မပြောဖို့တော့ မှာလိုက်တယ်ဗျ.. ကဲကဲ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

သံသာချိုနှုတ်ခမ်းကိုက်ရင်း လက်ထဲမှ စာရွက်ခေါက်လေးအား ဖွင့်ဖတ်လိုက်၏။

**" ဒီနေ့ နှင်းဆီပန်းလေးအကြောင်း သတင်းထူးတွေ ပါတယ်"**

သံသာချို ချက်ချင်း ခြံထဲသို့ ဝေ့ဝဲကြည့်လိုက်၏။ သူမ၏ မလှမ်းမကမ်းရှိ သတင်းစာစက္ကူလိပ်လေး။ ဖို့ယို့ဖားယား သတင်းစာလိပ်အား သူမ ဖြေလိုက်၏။ ထင်ထားသည့်အတိုင်းပင် သတင်းစာကြားမှ နှင်းဆီပန်းလေး တစ်ပွင့်။ သူမ လျှပ်စစ်ဝန်ထမ်းအား အာရုံရောက်နေချိန်တွင် သတင်းစာသမားဟန်ဆောင်ကာ သတင်းစာနှင့်အတူ ခြံထဲပစ်ထည့်သွားခြင်းသာ ဖြစ်သည်။ ယခုတော့ သံသာချိုတစ်ယောက် ခပ်ဟဟ ပြုံးရုံမှလွဲ၍ မတတ်နိုင်တော့။

"ရှင်ရှေ့ရောက်ဘာတွေ စတန့်ထွင်ဦးမှာလဲ ကို အဝ့ါ"

"ဗျာ.."

တစ်ဖက်ဖုန်းခွက်ထဲမှ စကားထစ်သွားကြောင်း သံသာချို နားလည်လိုက်၏။

"ရှင့်ကို လင်းစက်ညီမှန်းမှ ကျွန်မ သက်သေမပြနိုင်သေးတာ။ အဲဒါကြောင့် ကိုအဝှါလို့ ခေါ်တာ"

တစ်ဖက်မှရယ်မောသံက လှောင်ရယ်သံပေါက်နေ၏။ သံသာချို နှုတ်ခမ်းကိုက်ရင်း..

"ရှင် ဘာရယ်တာလဲ"

" မင်းက ကိုယ့်ကို လင်းစက်ညီလို့ ထင်နေတဲ့စိတ်က များနေတာကိုး။ ကဲပါ ဒါတွေ ထားပါ။ မင်းကိုယ့်ကိုတွေ့ချင်လား"

သံသာချို အံ့အားသင့်သွားပြီး..

"ဘာလဲ ရှင် ကျွန်မကို လာတွေ့တော့မလို့လား"

တစ်ဖက်မှ ရယ်မောရင်း..

"ဘယ်လိုပြောရမလဲ ဒါတော့ မင်းလျှင်မြန်မှုနဲ့ဆိုင်လိမ့်မယ်။ ကဲပါ တွေ့ချင်ရင် အင်းလျားကန်ဘောင်ကို လာခဲ့"

"ရှင်က အဲဒီမှာရှိနေမှာလား"

တစ်ဖက်မှ ချက်ချင်းပြန်မဖြေသေးဘဲဖြစ်နေ၏။

"ရှင် ကျွန်မ မေးတာကြားရဲ့လား"

"ကြားပါတယ်။ ရှိနေမယ်ဆိုတာထက် ကိုယ်မင်းကို နှင်းဆီတစ်ပွင့် အနီးကပ် ကိုယ်တိုင်လာပေးမယ်"

သံသာချိုကြိုးစားပြုံးလိုက်သော်လည်း သိပ်အဆင်မပြေလှ။ သူမ၏မသိစိတ်က ထိတ်လန့်အားငယ်နေမိ၏။ သို့သော် စိန်ခေါ်မှုမှန်းသူမသိနေ၍ မျက်စိမှိတ်လက်ခံလိုက်၏။

"ကောင်းပြီလေ ကျွန်မ လာခဲ့တယ်။ ရှင်သာ စကားတည်ပါစေ"

"အိုကေ.. ကိုယ်စောင့်နေမယ်"

"နေဦး ကျွန်မ တစ်ယောက်ထဲ လာရမှာလား။ ဒါမှမဟုတ် တစ်ယောက်ယောက်ကို ခေါ်ခဲ့လို့ရမလား"

တစ်ဖက်မှ အသံတိတ်သွား၏။ စဉ်းစားနေပုံရမှန်း သံသာချို သတိထားမိလိုက်၍ အလိုက်တသိအသံတိတ် စောင့်ဆိုင်းနေလိုက်၏။ တစ်ဖက်မှ..

"ရပါတယ် ခေါ်ခဲ့လေ"

"အင်း ကျွန်မရှင့်ကို တစ်ခုသတိပေးလိုက်မယ်။ ကျွန်မ ဘေးမှာ ကျွန်မ ညီမ ပါလာလိမ့်မယ် ရှင်ကျွန်မအနားကပ်ဖို့ လွယ်လိမ့်မယ်မထင်နဲ့"

ရယ်မောသံတစ်ခုက တဖြည်းဖြည်းတိုးညှင်းသွားပြီး ဖုန်းသံနှင့် အတူ တိတ်ဆိတ်ပျောက်ကွယ်သွား၏။

"နင်းစက်ချို .. ညီမလေးရေ.."

"ရှင်.."

အိမ်ခန်းထဲမှ နင်းစက်ချိုက ပြင်ပြင်ဆင်ဆင်နှင့်ထွက်လာ၏။

"နင်းစက် ညည်းကဒါဘယ်သွားမလို့လဲ"

"ညီမလေးမင်္ဂလာဆောင်အတွက် ဝတ်စုံအပ်ထားတာ သွားမေးမလို့"

"နင့်သတို့သားလောင်းကော ပါမှာလား"

"မပါဘူးမမ သူက ဖိတ်စာကိစ္စနဲ့ ခန်းမကိစ္စအတွက်သွားမှာ"

သံသာချို၏မျက်ဝန်းများက ဝိုင်းစက်သွား၏။

"ဟုတ်ပြီ နင်က အချိန်အတိအကျ ချိန်းထားတာလား"

နင်းစက်ချိုက ခေါင်းခါပြရင်း..

"မဟုတ်ဘူးမမ ဒီအတိုင်းပဲသွားမေးမှာ"

" ဟုတ်ပြီ ဒါဆို နင်ငါနဲ့အရင်လိုက်ခဲ့ ပြီးမှ ဝတ်စုံအပ်တဲ့ဆီသွား။ မမပါလိုက်ခဲ့မယ်"

"မမက ဘယ်သွားမလို့လဲ"

သံသာချို ညီမငယ်၏မေးခွန်းအား ပြန်မဖြေ။ အနားရှိ ကားသော့ ဟန်းဖုန်းနှင့် ပိုက်ဆံအိတ်ကို ယူကာ ခြံထဲရှိကားဆီသို့ ထွက်လာလိုက်၏။ နင်းစက်ချိုက နောက်မှ ဘုမသိဘမသိနှင့် လိုက်လာ၏။ ကားထဲသို့ နှစ်ယောက်သား ဝင်ထိုင်ကာ နေရာယူရင်း ကားသော့ကိုတပ်လိုက်၏။

"ဒီလို .. ဒီနေ့ မမကို ဘယ်သူမှန်းမသိတဲ့ လူတစ်ယောက် နင်းဆီပန်းလာပေးလိမ့်မယ်။ အနီးကပ်ကိုလာပေးမှာ။ အဲဒီ့တော့ မမတစ်ယောက်ထဲဆို သူအလွယ်တကူလာပေးလို့ရသွားမှာစိုးလို့ မမကညီမလေးကို သက်တော်စောင့်ငှားလိုက်တာပဲ"

"ဩော် သဘောပေါက်ပြီ ဒါဆို ညီမလေးက မမနားရောက်လာသမျှ မသင်္ကာစရာကောင်းတဲ့သူတွေကို စောင့်ဖမ်းပေးရမယ်ပေါ့"

သံသာချို အဖြေမပေးဘဲ ကားစက်နှိုးလိုက်၏။ ကားအင်ဂျင်စက်သံက မြင်းဟီသံတစ်ခုအလား မြည်ဟီးသွား၏။ သံသာချို ကလပ်ကို ဖိနင်းကာ ဂီယာထိုးလိုက်၏။ သူမ၏ပုံစံက တိုက်ခိုက်ရန်အသင့်ဖြစ်နေသည့် မြင်းစီးစစ်သည်မလေးနှင့်တူနေ၏

လီဗာကို သူမအနေအထားတစ်ခုထိဖိနင်းကာ ကလပ်ကို အသာအယာလွှတ်လိုက်၏။ ကလပ်အလွှတ် မသေသပ်၍ ကားမှာရှေ့သို့တွန့်ခနဲထွက်ကာ ထိုးရပ်သွား၏။ ကားစပ်လည်းသေသွား၏။ နင်းစက်ချိုက ပြုံးရင်း...

"မမ စိတ်တွေလှုပ်ရှားနေတယ်ထင်တယ် ။ ညီမလေးမောင်းပေးရမလား"

သံသာချို ရှက်ကိုးရှက်ကန်းဖြစ်သွားကာ..

"အေးအေး နင်ပဲလာမောင်းတော့"

သူတို့နှစ်ယောက် နေရာချင်းလဲလိုက်ကြ၏။

"ဘယ်ကိုမောင်းရမှာလဲ မမ"

"အင်းလျားကန်ဘောင်"

ကားလေးမှာ တရွေ့ရွေ့နှင့်...။

နေရောင်ခြည်က ဖြာကျရင်း ပြည်လမ်းမတလျှောက် ဖြန့်ခင်းထား၏။ တိုးဝှေ့ကြပ်ညပ်နေသော ကားများရှိမှန်များမှ အကူအညီဖြင့် နေရောင်သည် တလက်လက် တောက်ပနေ၏။ သံသာချို နဖူးမှ ချွေးစဆို့ကို တစ်ရှူးဖြင့်သုတ်ရင်း

"ကားတွေကလည်း ကြပ်လိုက်တာဟာ"

"သြော်မမရယ် ဒီအချိန်က ပြည်လမ်းမှာ ကားကြပ်နေကျပဲလေ လှည်းတန်းမီးပွိုင့်ရောက်ရင်တော့ ချောင်သွားမှာပါ"

သံသာချို ကားတန်းကြီးအား ငေးနေရင်း အတွေးပျံ့လွင့်နေမိ၏။ လင်းစက်ညီသို့မဟုတ် တစ်ချိန်က တက္ကသိုလ်မှ အဖြစ်အပျက်များ။ ကားတန်းကြီးတရွေ့ရွေ့ကြားတွင် သံသာချိုတို့ ကားလေးလည်း တရွေ့ရွေ့နှင့် TTC ကျောင်းရှေ့မှ ဖြတ်သွားသည့်အခါ ကျောင်းဆင်းချိန်မို့ အဖြူအစိမ်းများ ကျောင်းကားများ ရှုတ်ထွေးနေ၏။

"လမ်းဆင်းလျှောက်သွားရင်တောင် ရောက်လောက်ပြီဟာ"

"မမ ညီမလေး မိုးပျံဂီယာထိုးလိုက်ရမလား"

သံသာချိုက ပြုံးလိုက်ရင်း..

"အေး..ထိုးဟာ"

နှင်းစက်ချိုက သဘောကျစွာရယ်မောရင်း..

"မဖြစ်ပါဘူးမမရယ် အင်းလျားကန်ဘောင်မှာဆို ဆင်းဖို့ခက်နေလိမ့်မယ်။ အဆင်းလမ်းကြောင်းမှ မရှိတာ။ ခဏလောက်စိတ်ရှည်လိုက်ပါ မမရယ် နော်"

သံသာချိုက တိတ်ဆိတ်နေလိုက်၏။ နှင်းစက်ချိုက ဆက်ပြီး

"မမနင်းဆီပန်းလေးကို ရင်ခုန်တဲ့ဇောနဲ့ စိတ်လောနေတာ ညီမလေးရိပ်မိပါတယ်"

သံသာချိုက နင်းစက်ချိုအား ဗိုက်ခေါက်လိမ်ဆွဲလိုက်၏။ နာကျင်လောက်သည်မဟုတ်သော်လည်း နင်းစက်ချိုက ရှောင်တိမ်းရင်း နာချင်ယောင်ဆောင်ပြ၏။ ကားပေါ်တွင်ရယ်မောသံများ ဆူညံနေ၏။

"အစ်မ လိုင်စင် ခဏလောက်ပြပါ"

အသံကြောင့် ညီအစ်မနစ်ယောက်လုံး ထိတ်လန့်တကြားဖြစ်သွားက ကားညာဘက်ခြမ်းသို့ လှည့်ကြည့်လိုက်ကြ၏။ ကားပြတင်းပေါက်တွင် မတ်မတ်ရပ်ရင်း စာအုပ်တစ်အုပ်ကိုင်ထားသော ယာဉ်ထိန်းရဲ။ နင်းစက်ချိုက လိုင်စင်ထုတ်ပေးလိုက်ရင်း...

"ဟို.. ဘာများဖြစ်လို့လဲရှင်"

ယာဉ်ထိန်းရဲက နင်းစက်ချိုအား မည်သို့မျှ မတုံ့ပြန်။ လိုင်စင်ကိုသာ ကြည့်ရင်း စစ်ဆေးနေ၏။ သူမတို့ကားရှေ့ မျဉ်းကြားတွင် ဖြတ်ကူးနေကြသော ကျောင်းသားကျောင်းသူများ။ သူမတို့ ညီအစ်မနစ်ယောက်၏ အကြည့်များက ယာဉ်ထိန်းရဲဆီတွင်သာ တည်ရှိနေကြ၏။ ခဏနေမှ ယာဉ်ထိန်းရဲက စစ်ဆေးပြီးသွားသည့်ဟန်နှင့် လိုင်စင်ပြန်ပေးရင်း..

"ရပါပြီ အစ်မတို့ သွားလို့ရပါပြီ"

နင်းစက်ချိုက..

"ကျွန်မတို့ ဘာပြဿနာမှတော့ မဖြစ်ပါဘူးနော်"

"ဟုတ်ကဲ့ ဘာပြဿနာမှမရှိပါဘူး"

သံသာချိုက သက်ပြင်းရှည်ကြီးချရင်း ခန္ဓာကိုယ်ကို တည့်တည့်ပြန်ထိုင်ကာ နောက်သို့ကျောမှီချရင်း ဘေးတံခါးဘောင်ပေါ်သို့လက်တင်လိုက်၏။ ရှေ့လူကူးမျဉ်းကြားတွင်လည်း လူရှင်းသွားပြီမို့ သူမတို့၏ ကားလေးမှာ စတင်ရွေ့လျားစ ပြုနေပြီဖြစ်သည်။ ပြတင်းပေါက်မှ တိုးဝင်လာသောလေပြေလေးနှင့် အတူ သံသာချိုအသိစိတ်ထဲတွင် စူးခနဲ အသိတစ်ခုကိုခံစားလိုက်ရ၏။ ကားတံခါးဘောင်ပေါ်မှ လက်အား ချက်ချင်းပြန်ရုတ်လိုက်ကာ ကားတံခါးသို့ စောင်းငဲ့ကြည့်လိုက်၏။ စနစ်တကျ ထိုးစိုက်ထားသော နှင်းဆီပန်းလေးတစ်ပွင့် နှင့် ပူးတွဲထားသော ပိုစ့်ကဒ်လေးတစ်ခု။ သံသာချို မျက်လုံးအဝိုင်းသား ပါးစပ်အဟောင်းသားနှင့် ပိုစ့်ကဒ်လေးအား ဖွင့်ကြည့်လိုက်၏။

"ကိုယ့်အစား မင်းကပဲ ယာဉ်ထိန်းရဲကြီးကို ကျေးဇူးတင်စကားပြောပေးပါဦး"

သံသာချိုက နှုတ်ခမ်းကိုက်ကာ ပြုံးရင်း…

"ညီမလေး ကားပြန်ကွေ့လိုက်တော့ ကန်ဘောင်ကိုသွားစရာ မလိုတော့ဘူး"

" ဘာဖြစ်….."

နှင်းစက်ချို စကားပင်မဆုံးလိုက် ။ သူမတွေ့လိုက်ရသောနှင်းဆီပန်းလေးကြောင့် နားလည်သွားပုံရ၏။ နှင်းစက်ချိုလည်း အစ်မနှင့်အတူ ပြုံးလိုက်မိ၏။ သံသာချို့လက်ထဲရှိ နှင်းဆီပန်းလေးက ညီအစ်မနှစ်ယောက်လုံးအား လှောင်ပြုံးပြုံးပြနေသည့် အလား…။

လက်ကိုင်ဖုန်းထမြည်လာသောကြောင့် ရေကန်လေးအား ငေးနေရာမှ သံသာချို ဖုန်းကိုင်လိုက်၏။

"ဟဲလို"

"ကိုယ်ပါ သံသာ။ မင်းပြောတဲ့ ကိုအဝ့ါပေ့ါ"

သံသာချိုနှုတ်ခမ်းကွေးရင်း ပြုံးလိုက်၏။ ထို့နောက် သက်ပြင်းရှည်ကြီးတစ်ချက်ကိုချရင်း...

"ကျွန်မ ရှင့်ကို အရှုံးပေးပါတယ်"

"မင်းဘာကိုဆိုလိုတာလဲ"

"ကျွန်မ ရှင့်ကိုတွေ့ချင်နေမိတယ်"

တစ်ဖက်မှ အသံတိတ်သွား၏။ သံသာချို၏အသံများက လှိုက်လှိုက်လှဲလှဲကို မောဟိုက်နေပုံရ၏။ သူမ နောက်တစ်ခွန်းစောတကတက်လိုက်၏။

"ကျွန်မရှင့်ကိုတွေ့ချင်တယ်လို့..."

"ကိုယ်လည်း မင်းကိုအချိန်အကြာကြီးဆွဲရမှာ စိတ်မပါတော့ဘူး။ ဒီလိုလုပ်လေ ကိုယ်မင်းဆီကို လာခဲ့မယ်"

သံသာချို၏မျက်ဝန်းများ ဝိုင်းစက်သွားရင်း...

"ဘယ်ကိုလာတွေ့မှာလဲ"

တစ်ဖက်မှ ခပ်ဟဟ ရယ်မောသံနှင့်အတူ..

"အခုမင်းရောက်နေတဲ့ ရေကန်လေးဘေးကိုပဲပေါ့"

တစ်ဖက်မှ ဖုန်းချသွား၏။

သံသာချို၏သက်ပြင်းချသံများက သူမ၏စိတ်တွင်းသို့ လင်းစက်ညီကို ဆွဲထည့်နေမှန်း သိသာလွန်းနေ၏။ လွန်ခဲ့သောလေးနှစ်ကျော်က ချာတိတ်တစ်ယောက် တစ်နည်းအားဖြင့် သူမ၏စိတ်ကို အပိုင်ရသွားခဲ့ဖူးသော သူတစ်ယောက်။ ဖုန်းထဲမှ စကားသံများအရ လင်းစက်ညီ သူမနှင့် မလှမ်းမကမ်းတွင်ရှိနေမည်ကို သူမတွက်ထားလိုက်၏။ ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခိုက်လာသော လေနအေးလေးကို သူမရှူရှိုက်ဝင်တိုက်ပစ်လိုက်၏။ သူမထိုင်နေသော ခုံတန်းလေးအား အုပ်မိုးထားသောသစ်ပင်ကြီး လေတိုးသံနှင့် တရှူးရှူးတရဲရဲဖြစ်သွား၏။ ထို့ပြင် တရှပ်ရှပ်ကြားနေရသော ခြေသံလေးတစ်ခု သူမသတိထားလိုက်မိ၏။ သူမခြေထောက်ကို ငုံ့ကြည့်လိုက်၏။ သူမ၏ခြေဖဝါးနနလေးတစ်စုံက မင်သက်တည်ငြိမ်နေ၏။ ထို့ကြောင့်သူမ ကြားနေရသော ခြေသံသည် တစ်စုံတစ်ယောက်ထံမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုသူသည်... ထိုသူသည်... ထိုသူသည်...

သူမ ခေါင်းကိုပြန်မော့လိုက်သော်လည်း နောက်သို့လှည့်ကြည့်ရန် ထိတ်လန့်နေမိ၏။ သံသာချို အသက်အောင့်လိုက်မိ၏။ သို့မဟုတ် သူမ၏နောက်တွင်ရောက်ရှိနေသောသူတစ်ယောက်အတွက် ဇဝေဇဝါဖြစ်နေပုံရ၏။

"ကိုယ်ရောက်ပါပြီ သံသာ"

သံသာချို ငြိမ်သက်တိတ်ဆိတ်နေဆဲဖြစ်၏။ သူမ၏ အသိစိတ်နှင့် မသိစိတ်တို့ နွံဆွဲနေကြ၏။ သူမ နောက်သို့လှည့်ကြည့်လိုက်ရမည်ကိုပင် ကြောက်ရွံ့ထိတ်လန့်နေ၏။ အသက်အောင့်ထားနေမိရင်းက နောက်သို့ မျက်လုံးထောင့်ကပ်ကြည့်လိုက်၏။ အတွေးစိတ်များက ဝေဝါးနေဆဲ...။ထို့နောက် ရှူသွင်းထားသောလေကို ခပ်ပြင်းပြင်းမှုတ်ထုတ်လိုက်ရင်း သူမ နောက်သို့လှည့်ကြည့်လိုက်၏။

ထို့နောက် မင်သက်သွားသော မျက်လုံးများ။ တဖြည်းဖြည်းချင်း ညင်သာစွာ ပွင့်ဟလာသော နှုတ်ခမ်းနှင့် အသံတိတ် စကားလုံးများစွာ၏ လည်ချောင်းတွင်း ပိတ်ဆို့မှု။ နှုတ်ခမ်းဖျားမှ ထွက်ကျလာသော ခေါ်သံတစ်ခု...

"မင်းလွင်.."

သံသာချို မယုံကြည်နိုင်သေး။ မင်းလွင်၏နောက်သို့ကျော်လွန်၍ ရှာဖွေနေမိသော်လည်း မည်သူ့ကိုမှ မတွေ့ရ။ မင်းလွင်၏ ခက်အက်အက်ရယ်မောသံက သူမဖုန်းထဲတွင် ရင်းနှီးပြီးသားဖြစ်နေသော ရယ်မောသံနှင့် တစ်ထပ်တည်း။ သံသာချို မျက်မှောင်ကျုံ့လိုက်ရင်း...

"နင်ဘာလို့ ဒီလိုလုပ်ရတာလဲ"

"ငါ ပြောချင်လို့ပဲ ခုအခြေအနေထိ ရောက်လာအောင်လုပ်ခဲ့တာပေါ့။ လာပါ ခုံမှာ အေးဆေးထိုင်ပြောရအောင်"

အနီးအနားတစ်ဝိုက်တွင်သစ်ရွက်ခြောက်တို့ ကြွပ်ဆတ်ပြန့်ကျဲနေ၏။ တည်ငြိမ်နေသော ကန်ရေပြင်အား မင်းလွင် ခဲလုံးတစ်လုံးပစ်လိုက်၏။

**"ရုပ်ဝတ္ထုတွေဟာ ခဲလုံးနဲ့တူပြီး ရေလှိုင်းတွေဟာ လူ့စိတ်နဲ့တူတယ် သံသာ"**

သံသာချို ကန်ရေပြင်ကိုလှမ်းကြည့်လိုက်၏။ ရေလှိုင်းတို့က ကျန်ရစ်နေဆဲဖြစ်သော်လည်း ခဲလုံးလေးကား မရှိတော့။ မင်းလွင်က ဆက်ပြီး...

"ရုပ်ဝတ္ထုတွေဟာ ပျောက်ပျက်လွယ်တယ် သံသာ။ ဒါပေမဲ့ ညီနဲ့ပတ်သက်တဲ့ နင့်ရဲ့စိတ်ခံစားချက်ကိုတော့ နင်မေ့ချင်ယောင်ဆောင်ထားတာ မကောင်းပါဘူး။"

သံသာချိုက မင်းလွင်အား ဖြည်းညှင်းစွာလှည့်ကြည့်ရင်း...

"ငါ သေချာနားမလည်ဘူးမင်းလွင်"

မင်းလွင်က ကန်ရေပြင်အား မျက်စိတဆုံးငေးနေရာမှ...

"ငါရှင်းပြရမှာမဟုတ်ဘူး သံသာ။ နင်ပြန်စဉ်းစားရမှာ"

သံသာချိုတိတ်ဆိတ်နေမိဆဲဖြစ်၏။

"ခုငါလုပ်ခဲ့တဲ့ လုပ်ရပ်တွေကို နင်ပြန်စဉ်းစားကြည့်။ နင်နှင်းဆီပန်းနဲ့ ပတ်သက်ပြီး ရင်ခုန်နေတာဟာ ငါ့လုပ်ရပ်တွေကြောင့်လား.. ဒါမှမဟုတ် လင်းစက်ညီလို့ ထင်နေတဲ့ နင့်ရဲ့စိတ်ကြောင့်လား"

သံသာချိုတွေဝေစွာ နှုတ်ဆိတ်နေမိဆဲသာဖြစ်၏။ မင်းလွင်က..

"လင်းစက်ညီ နင့်ကို စာတစ်စောင်ပေးခိုင်းလိုက်တယ်"

သံသာချို မျက်လုံးများ အရောင်လက်သွား၏။

"အဲဒီ့စာဘယ်မှာလဲမင်းလွင်"

"ခဏနေဦး အဲဒီ့စာမပေးခင် နင့်ကို ငါ စကားတစ်ခွန်းပြောစရာရှိတယ်"

"အင်းပြောလေ ဘာပြောမှာလဲ"

"နင် ငါ့မျက်လုံးကို သေချာကြည့်သံသာ"

သံသာချိုက မင်းလွင်အားစိုက်ကြည့်လိုက်၏။ မင်းလွင်က..

"ငါနင့်ကိုချစ်တယ် သံသာ"

သံသာချိုမျက်မှောင်ကျုံ့သွားရင်း...

"နင်ပြောချင်တာအဲဒါပဲလား။ ဘယ်မှာလဲ ညီပေးလိုက်တဲ့စာ"

"ဟားဟားဟားဟား..."

မင်းလွင်က ခပ်အက်အက်ရယ်မောကာ မတ်တပ်ရပ်လိုက်ရင်း...

"ငါလိုချင်တာ အဲဒါပဲသံသာ။ ငါနင့်ကိုချစ်တယ်လို့ ပြောလိုက်တဲ့အချိန်မှာ နင့်စိတ်ထဲ ဒေါသထွက်ရုံကလွဲပြီး ဘာစိတ်ခံစားချက်မှ မရှိဘူး။ ဒါပေမဲ့ လင်းစက်ညီဆိုတဲ့အသံကြားရုံနဲ့

နင်စိတ်လှုပ်ရှားသွားပုံက နင့်မျက်လုံးမှာပေါ်နေတယ်။ **ချစ်တယ်ဆိုတာ နီးခြင်းဝေးခြင်းနဲ့မဆိုင်ဘူး ဆိုတာ ငါနင့်ကို သက်သေပြလိုက်တာပဲ။** ဒီတော့ နင်ဘက်ဆက်လုပ်သင့်တယ်ဆိုတာ...”

“ငါသိပြီမင်းလွင်... နင်ဒါလေးကိုသာ ညို့ကိုပေးပေး”

မင်းလွင် မတ်တပ်ရပ်နေရာမှ နောက်သို့လှည့်ကြည့်လိုက်၏။ သံသာချို၏ လက်ထဲတွင် နာမည်တပ်မထားသော ပန်းနုရောင် ဖိတ်စာလေးက ငြိမ်သက်လျှက်...

“ဒါဘာလဲသံသာ”

“မင်္ဂလာဆောင်ဖိတ်စာ”

“ဘာ...!”

သံသာချိုက မဲ့ပြုံးပြုံးရင်း...

“ဘာဖြစ်လို့လဲ မင်းလွင်”

“နင်ပြောဖူးတဲ့ စကားတစ်ခွန်း နင်မင်္ဂလာဆောင်ရင် ညို့ကိုဖိတ်လိုက်ပါ့မယ်ဆိုတာ ငါသတိရသွားလို့”

မင်းလွင်၏မျက်နှာထားက တင်းမာနေ၏။ သံသာချိုက ဟက်ဟက်ပက်ပက်ရယ်မောရင်း...

" ငါညီ့ကို နောက်ချင်လို့ ပေးခိုင်းတာပါ အဲဒါ ငါ့မင်္ဂလာဆောင်မဟုတ်ဘူး ငါ့ညီမ မင်္ဂလာဆောင်ဖိတ်စာ"

မင်းလွင်မျက်နာမှ ဒေါသများ ပြေလျော့သွားပြီး...

"ဩော် ငါသဘောပေါက်ပြီ"

သံသာချိုက မင်းလွင်အား လိုက်လိုက်လှဲလှဲပြုံးပြလိုက်၏။ မင်းလွင်က ဖိတ်စာလေးအား ကျောပိုးအိတ်ထဲသို့ထည့်ရင်း...

"ဒါဆို ငါပြန်လိုက်တော့မယ် အခြေအနေထူးရင် ငါဖုန်းဆက်လိုက်မယ် သံသာ"

"အိုကေ ငါလည်းပြန်တော့မယ်"

ခဲလုံးလေးကျသွားသောအခါ ဖြစ်ပေါ်လာသော လှိုင်းလုံးငယ်လေးများက မည်သည့် အတိုင်းအတာထိ ရိုက်ခတ်သွားသည်ကို သူတို့နှစ်ဦးမသိကြ။ ထိုနေ့ကနေဝင်သွားပုံမှာ လှုသားဆန်လွန်းလှ၏။

အချစ်ဆိုတာဘာများလဲ။

ဝိုင်ယာလက်ပေါင်ဒါလိုမျိုးလား

လက္ကွယ်ညလိုမျိုးလား

ဘာမီတွန်လိုမျိုးလား

ဖြစ်မှဖြစ်ရလေ… လား။

အချစ်ဆိုတာဘာများလဲ။

အလွမ်းဆိုသည်မှာ

အချစ်၏တမလွန်ပဲ ဖြစ်ပါလိမ့်မည်။

"သားရေ ဒီမှာ မင်းလွင်လာတယ်"

မေမေ၏ခေါ်သံကြောင့် လင်းစက်ညီ အောက်ထပ်သို့ဆင်းလာခဲ့လိုက်၏။ ဧည့်ခန်းထဲတွင် သူ၏မေမေနှင့် မင်းလွင် စကားလက်ဆုံကျနေ၏။ လင်းစက်ညီကမင်းလွင်ဘေးတွင် ဝင်ထိုင်လိုက်၏။

"ကဲ သားတို့ အေးဆေးစကားပြောကြဦး"

"ဟုတ်ကဲ့အန်တီ"

လင်းစက်ညီ၏မေမေ အိမ်နောက်ဘက်သို့ဝင်သွား၏။

"ညီ ငါမနက်ကကော နေ့လည်ကကော ရောက်သေးတယ် မင်းကအိမ်မှာမရှိဘဲ ဘယ်တွေပျောက်နေတာလဲ"

"ငါ့ကိစ္စနဲ့ငါ ရှုတ်နေလို့ပါကွာ"

"အင်းပါ ခုငါလာတာ မင်းကိုပြောစရာရှိတယ်နောက်ပြီးပေးစရာလည်းရှိတယ်"

လင်းစက်ညီက မသင်္ကာသည့်မျက်လုံးများဖြင့် မျက်မှောင်ကျုံ့ကြည့်လိုက်ရင်း...

"ငါမနေ့ညနေက သံသာနဲ့တွေ့တယ်"

"အဲဒီတော့"

"သူကမင်းကိုဖိတ်စာပေးခိုင်းလိုက်တယ်။ တောက်! မင်းမှတ်မိလားညီ သူမင်္ဂလာဆောင်ရင် မင်းကိုဖိတ်စာပို့လိုက်မယ်ဆိုတာ"

လင်းစက်ညီ မျက်နှာလွှဲကာ အံကြိတ်ထားလိုက်၏။

"ရော့ ဒီမှာဖိတ်စာ"

လင်းစက်ညီ ဖိတ်စာလေးအား ငုံ့စောင်းကြည့်လိုက်၏။ အမည်တပ်မထားသော ပန်းနုရောင်ဖိတ်စာလေး။ လင်းစက်ညီတစ်စုံတစ်ရာကို အံ့အားသင့်သွား၏။ ထို့နောက် လင်းစက်ညီက ဖိတ်စာလေးအား သေချာစွာစိုက်ကြည့်ရင်း...

"ဒါသံသာချို့မင်္ဂလာဆောင်ဖိတ်စာမဟုတ်ဘူး"

"ဟား.. မင်းဘယ်လိုသိတာလဲညီ။ ဟုတ်တယ် သံသာချိုက မင်းကိုနောက်ချင်လို့ဆိုပြီး ပေးခိုင်းလိုက်တာ။ သူ့ညီမမင်္ဂလာဆောင်ဖိတ်စာတဲ့။ ဒါနဲ့နေပါဦး မင်းက ဒါသံသာချို့မင်္ဂလာဆောင်ဖိတ်စာမဟုတ်မှန်း ဘယ်လိုသိလဲ"

လင်းစက်ညီက ထပ်ပြီး...

"နောက်ထပ်သေချာတာတစ်ခုက မင်းလည်း ဒီဖိတ်စာကို ဖွင့်မကြည့်ရသေးဘူး"

မင်းလွင်ရယ်မောနေရာမှရပ်တန့်သွားပြီး...

"ဒါဆို ဒီဖိတ်စာက"

"မင်းဖွင့်ကြည့်လိုက်ပေါ့"

မင်းလွင်ဖိတ်စာအိတ်ထဲမှာ ဖိတ်စာအားဆွဲထုတ်လိုက်၏။

## မောင်လင်းစက်ညီနှင့်မနှင်းစက်ချို

## တို့၏

## မင်္ဂလာဆည့်ခံပွဲ ဖိတ်ကြားလွှာ

မင်းလွင် နဖူးအား လက်ဖြင့်အုပ်ကာ သက်ပြင်းရှည်ကြီးချရင်း...

"ဒါဆို..."

လင်းစက်ညီက ဖိတ်စာအားယူကာ ဖိတ်စာပေါ်တွင် စာလုံးသုံးလုံးချရေးလိုက်၏။

"သံသာချို"

ထို့နောက်...

"မင်းဒီဖိတ်စာကို သူ့ကိုပြန်ပေးလိုက်ကွာ..."

"ဘယ်လိုတွေဖြစ်ကုန်တာလဲညီရာ"

လင်းစက်ညီ အကြောင်းအရာတစ်ခုအား ဖြန့်ကျက်တွေးတောနေကြောင်း သူ၏မျက်ဝန်းများက အတိုင်းသား ဖော်ပြနေကြ၏။ ထို့နောက်..

"ရှင်းပါတယ်ကွာ။ သံသာချိုက နှင်းစက်ချိုရဲ့အစ်မမှန်း ငါမသိသလိုပဲ နှင်းစက်ချိုရဲ့ သတို့သားလောင်းဟာ ငါမှန်း သံသာချို မသိဘူးပေါ့"

မင်းလွင်တိတ်ဆိတ်စွာ လင်းစက်ညီဆက်ပြောမည့်စကားလုံးများအား ထိတ်တလန့် နားထောင်နေ၏။

" မင်းဒီဖိတ်စာကို သံသာချို့ကို ပြန်ပေးလိုက်။ ဒါ သူနဲ့ငါရဲ့ဇာတ်သိမ်းပဲ"

မင်းလွင်က လင်းစက်ညီအား ပုခုံးပုတ်၍ နှစ်သိမ့်လိုက်သော်လည်း သိပ်အရာမထင်လှ။ အခန်းထဲရှိလူနှစ်ယောက်၏ စိတ်က ကို့ယို့ကားယား အက်ကွဲနေပုံရ၏။ ထိုညကို သူတို့ အဆင်မပြေစွာ ဖြတ်သန်းပစ်လိုက်ကြသည်။

# ရန်ကုန်အပြည့်ပြည့်ဆိုင်ရာလေဆိပ်

"ငါသွားတော့မယ် မင်းလွင်"

သံသာချို၏ နှုတ်ဆက်စကားသံက အသက်မဲ့နေ၏။ သူမ၏ နှုတ်ခမ်းများက တစ်စုံတစ်ခုအား ဖွင့်ဟပြောပစ်လိုက်ချင်သော်လည်း နှုတ်ဆက်စကားတို့သာ အသက်ငင်စွာထွက်ကျလာ၏။

"နင်ပြန်မလာတော့ဘူးလားသံသာ"

"မထင်မှတ်ထားတာတွေတောင် ဖြစ်လာခဲ့ပြီးပြီပဲ၊ လောကမှာ တစ်စုံတစ်ရာဆိုတာ မသိကိန်းဖြစ်နေတာပဲ ကောင်းပါတယ်ဟာ"

မင်းလွင်ကိုယ်တိုင်လည်း မျက်နှာပျက်နေမိ၏။

"ဟုတ်တယ်သံသာ ငါတို့ကိုယ်တိုင် တွက်ထုတ်လိုက်တဲ့ အဖြေကလည်း မှန်ချင်မှမှန်မယ်။"

သံသာချိုက မင်းလွင်အား အားတင်းကာပြုံးပြလိုက်သော်လည်း သိပ်မပီပြင်လှ။ မင်းလွင်က..

"အေးဟာ ပြန်လာသည်ဖြစ်စေ ပြန်မလာသည်ဖြစ်စေပေါ့ ကိုယ့်ကိုကိုယ်တော့ ဂရုစိုက်ဦး။ **ကိုယ့်ကိုကိုယ်ဆုံးရှုံးသွားခြင်းဟာ အရာအားလုံးကို ဆုံးရှုံးသွားတာပဲဆိုတာ နင်မမေ့နဲ့ သံသာ။ ခု နင် နေမင်းကြီးနဲ့ပဲ လွဲသွားတာပါ တစ်ဘဝလုံး ကျကွဲသွားတာမဟုတ်ပါဘူး**"

သံသာချို သူမ၏ ခရီးဆောင်သေတ္တာလေးအား သေသေသပ်သပ် ဆွဲယူလိုက်ရင်း...

**" အရိပ်မရှိတဲ့သူဟာ အမှောင်ထဲကလူပဲ မင်းလွင် ငါ့အရိပ်ကို ငါပြန်မြင်ရဖို့ ငါအလင်းရောင်ရှာရဦးမယ်။ အရာအားလုံးဟာ အခြေအနေအရပဲ"**

မင်းလွင် ခေါင်းကိုတဆတ်ဆတ်ညိတ်ကာ လင်းစက်ညီ ပေးခိုင်းခဲ့ဖူးသော ဖိတ်စာလေးလှမ်းပေးရင်း..

"နင် ဒီမင်္ဂလာဆောင်ဖိတ်စာ ယူမသွားတော့ဘူးလား"

**"အပ်ချုပ်သမားတွေဟာ အပ်စူးဖူးကြတယ်မင်းလွင်။ အဲဒါ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး။ ကိုယ်ထိုးလိုက်တဲ့အပ်ဟာ ကိုယ့်ကိုပဲ ပြန်စူးစေခဲ့တာ။ ဒီဖိတ်စာဟာ ငါထိုးလိုက်တဲ့အပ်ပဲ။ ဒီအပ်ကို ငါမနက်ဖြန်တွေထိ ယူသွားဖို့ အားမရှိဘူး"**

ဖိတ်စာကိုင်ထားသော မင်းလွင်၏လက်များ တဖြည်းဖြည်းအောက်သို့ လျော့ကျသွား၏။ သံသာချို၏ အသံက ခပ်တိုးတိုး...

"ကဲ ငါသွားပြီမင်းလွင်"

ခရီးဆောင်သေတ္တာလေးက တရွေ့ရွေ့နှင့် သံသာချို၏ ဘေးတွင်ကပ်လျက် လေဆိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။ ထိုနေ့က ရန်ကုန်မြို့တွင် မိုးများသည်းထန်စွာ ရွာသွန်း၏။

နေထွက်ချိန်နဲ့ပဲ

လွဲသွားတာပါ

တစ်ဘဝလုံး ကျကွဲသွားတာမဟုတ်ပါဘူး။

ကံကြမ္မာဆိုတာ

ခဏလောက်အလှပြင်ထားတဲ့

မကောင်းဆိုးရွားလေးပါပဲ။

ကိုယ်တို့ခွဲခွါရတာ

သိပ်ကိုခမ်းနား... ခမ်းနားလွန်းပါတယ်ကွယ်။

ဘယ်လိုမိုးလေဝသများလဲ

ကိုယ့်မှာတော့ တစ်ကိုယ်လုံးရွှဲလို့

ဘယ်လိုမိုးလေဝသများလဲကွယ်။

# နီဂိုး

အင်းလျားကန် ရေပြင်အစပ်တွင် လူတစ်ယောက် ငူငူကြီးရပ်နေ၏။ သူသည် ကန်ရေပြင်၊ လက်ထဲရှိ အမျိုးသမီးဓာတ်ပုံတစ်ပုံနှင့် ပန်းနုရောင်ဖိတ်စာလေးအား အလှည့်ကျ တစ်လှည့်စီ ကြည့်နေ၏။

"နင့်ကို ငါချစ်တယ် သံသာ"

ဘဝတွင် တစ်ကြိမ်တစ်ခါ ချစ်ရသူအား ချစ်ခွင့်ပန်ဖူးခဲ့သည်ကို သူပြန်မြင်ယောင်နေမိ၏။ သူချစ်သော သူငယ်ချင်းကောင်လေးအတွက် သူ့နှလုံးသားကိုသူ လွမ်းခိုင်းခဲ့လိုက်၏။ သူချစ်သောကောင်မလေးအတွက်လည်း သူ့နှလုံးသားမှာ လွမ်းခဲ့ရပြီ။ မင်းလွင်က ခေါင်းကိုငုံ့ရင်း လက်တစ်ဖက်စီတွင် ကိုင်ထားသော ပန်းနုရောင်ဖိတ်စာလေးနှင့် သံသာချို အမည်ရှိ ဓာတ်ပုံလေးအား တစ်လှည့်စီ တွေတွေကြီးကြည့်နေပြန်၏။ ထို့နောက် ဖိတ်စာအား လွယ်အိတ်ထဲသို့ ထည့်ကာ ဓာတ်ပုံအား ဆုတ်ဖြဲ၍ ကန်ရေပြင်ဆီသို့ လွှင့်ပစ်လိုက်၏။ ခုတော့ သူလွမ်းခဲ့မိသည့် သူ၏နှလုံးသားက သူ့အား ပြန်စူးစေခဲ့ပြီ။ သူ၏မျက်လုံးများက မိုးကုပ်စက်ဝိုင်းများအထိ ပျံသန်းသွားကြ၏။ ကန်ရေပြင်ထက်တွင်သာ ပြန့်ကျဲနေသော ဓာတ်ပုံအပိုင်းအစလေးများက နွေနှောင်းသစ်ရွက်များအလား…။

ကြိုးစားပါဦးမည်

နေပိုင်

(ကျွန်တော်လွမ်းမိအပြစ်ရှိသည်)